BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ အမှတ် (၄၆)

## ဒီပဲယင်းလုပ်ကြံမှု လွတ်လပ်စွာစုံစမ်းဖော်ထုတ်ပေးရန် စစ်အုပ်စုကို တရားဝင်တောင်းဆိုမည် အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များပုံမှန်ဆောင်ရွက်နေ

**ဒီဇင်ဘာ၊ (၁၉)ရက်။**

ဒီပဲယင်းအရေးအခင်းကို လွတ်လပ်စွာ စုံစမ်းဖော်ထုတ်ပေးရေးအတွက် နအဖ စစ်အုပ်စုထံ တရားဝင် တောင်းဆိုသွားရန် အဖွဲ့ချုပ်ဗဟိုအလုပ် အမှုဆောင်(၅)ဦးနှင့် ဥပဒေပြုအဖွဲ့တို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒီပဲယင်းအရေးအခင်း ဖြစ်ပွားခဲ့မှုအပေါ် ဥပဒေကြောင်းအရ ဖြစ်သင့်ဖြစ်ထိုက်သည်များကို အဖွဲ့ချုပ်ဥပဒေပြုအဖွဲ့ကတင်ပြခဲ့ကြပြီး ဗဟိုအလုပ်အမှုဆောင်များက ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ မှန်ကန်သည့် ဆုံးဖြတ်ချက်တခု ချမှတ်မည်ဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးသန်းထွန်းက ပြောဆိုခဲ့သည်။ ထို့ပြင် ဒီပဲယင်းပြဿနာကို လွတ်လပ်စွာ စုံစမ်းဖော်ထုတ်ပေးရန် စစ်အုပ်စုထံ တရားဝင် တောင်းဆိုသွားမည်ဖြစ်ကြောင်း ဆက်လက် ပြောဆိုသွားသည်။



အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်(၅)ဦး တွေ့ဆုံဆွေးနွေးညှိနှိုင်းနေစဉ်

အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် (၅)ဦးတို့သည် ပြီးခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းကမှ နေအိမ်အကျယ်ချုပ် ချထားရာမှ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်ပြီး အဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နေခြင်း ဖြစ်သည်။ ဒီဇင်ဘာ(၁)ရက်နေ့မှစ၍ အဖွဲ့ချုပ် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့အပါအဝင် တိုင်းနှင့်ပြည်နယ်အသီးသီးမှ အဖွဲ့ချုပ်ဝင်များနှင့် အဆက်မပြတ် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပြီး ယခုအချိန်အထိ တိုင်းနှင့်ပြည်နယ်(၁၁)ခုနှင့် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း သိရသည်။ တွေ့ဆုံပြီးဖြစ်သည့် ပြည်နယ်နှင့်တိုင်းများမှာ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အဖွဲ့ချုပ်ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့တို့ ဖြစ်သည်။ ဆက်လက်၍ ကချင်၊ ကရင်၊ ကယားပြည်နယ်များနှင့် တွေ့ဆုံသွားနိုင်ရန် ပြင်ဆင်နေကြောင်း သိရပြီး၊ ကရင်ပြည်နယ် အဖွဲ့ချုပ်ဝင်များနှင့် ဒီဇင်ဘာ(၂၅)ရက် ခရစ်စမတ်နေ့တွင် တွေ့ဆုံသွားမည်ဖြစ်သည်ဟု သိရသည်။

ဦးသန်းထွန်းက အဖွဲ့ချုပ်လူငယ်ပိုင်းမှာ ယခင်ကတည်းက ခေါင်းဆောင်ပိုင်းနှင့် ထိတွေ့မှု ပုံမှန်ရှိနေပြီး အောက်ဗမာပြည်၊ အထက်ဗမာပြည်တို့မှ လူငယ်အဖွဲ့များနှင့် တွေ့ဆုံသွားဦးမည် ဖြစ်သည်ဟု ရှင်းပြသွားခဲ့သည်။

❖

## ဗဟိုအလုပ်အမှုဆောင်များမစုံညီဘဲ ညီလာခံတက်ရေးမတက်ရေး ဆုံးဖြတ်နိုင်ခွင့်မရှိ အဖွဲ့ချုပ်ဗဟို(၅)ဦးက ပြောဆို



ဦးလွန်းတင်

**ဒီဇင်ဘာ၊(၁၂)ရက်။**

နအဖက ကျင်းပမည့် အမျိုးသားညီလာခံသို့ အဲန်အယ်လ်ဒီကို တက်ရောက်ရန် ဖိတ်ကြားထားခြင်းမရှိသေးကြောင်းနှင့် အကယ်၍ ဖိတ်ကြားခဲ့သည့်တိုင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များအားလုံးပြန်လွတ်လာပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီများ စုံညီစွာ ဆုံးဖြတ်ရမှာဖြစ်ကြောင်း အဲန်အယ်လ်ဒီခေါင်းဆောင်တဦးဖြစ်သူ ဦးလွန်းတင်က ပြောဆိုလိုက်သည်။

(၂)ရက်ကြာ ကျင်းပသည့် ဂျပန်-အာစီယံ (တိုကျို) အစည်းအဝေးသို့ တက်ရောက်လာသူ နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမျိုးသားညီလာခံသို့ အဲန်အယ်လ်ဒီက တက်ရောက်မည်၊ မတက်ရောက်မည်ဆိုသည့် ဒေါ်အောင်ဆန်းစုကြည်၏ ဆုံးဖြတ်ချက်ကို နအဖက စောင့်ဆိုင်းလျက်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ကိုအိဇူမိနှင့် သီးခြားတွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု ဂျပန်အရာရှိကြီးတဦး၏ အဆိုကိုကိုးကား၍ အေအက်ဖ်ပီသတင်းက ဖော်ပြခဲ့သည်။

ထို့ပြင် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထိုအစည်းအဝေးအတွင်း နအဖက မြန်မာပြည် ဒီမိုကရေစီထူထောင်ရေးတွင် အကျိုးရှိမည့် နိုင်ငံရေးလမ်းညွှန်အစီအစဉ်(၇)ချက်ကို အဲန်အယ်လ်ဒီအပါအဝင် တိုင်းရင်းသားအဖွဲ့များသို့ ချထားပြီးဖြစ်၍ ၎င်းတို့က တုန့်ပြန်ဖို့သာ လိုအပ်ကြောင်း ပြောဆိုသွားသည်ဟု အဆိုပါ ဂျပန်အရာရှိက ဆက်လက်ပြောဆိုခဲ့သည်။

ထိုပြောဆိုမှုနှင့်ပတ်သက်၍ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တဦးဖြစ်သူ ဦးလွန်းတင်က "ကျနော်တို့ကို ဖိတ်ကြားတာလည်း တခါမှ မရှိသေးဘူး၊ ဖိတ်လည်း မဖိတ်ဘူး၊ တကယ်လို့ ဖိတ်ရင်တောင်မှ ကျနော်တို့ အီးစီ (ဗဟိုအလုပ်အမှုဆောင်ကော်မတီ) အစုံအညီ တွေ့ပြီးမှ အဖြေပေးနိုင်မယ်၊ ဒေါ်အောင်ဆန်းစုကြည်တို့ ဦးအောင်ရွှေတို့ ပြန်လွတ်လာမှ၊ ဒါသူတို့နဲ့ ဆုံးဖြတ်ထားတဲ့ဟာတွေ၊ သူတို့နဲ့ ဆုံးဖြတ်ထားတာ၊ ကျနော်တို့ (၅)ယောက်ကော်မတီက လုပ်ပိုင်ခွင့် မရှိဘူး။ သူတို့အားလုံး အစုံအညီရှိမှ ဆုံးဖြတ်နိုင်ခွင့် ရှိတယ်"ဟု ပြောဆိုခဲ့သည်။

ဂျပန်-အာစီယံအစည်းအဝေးတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ပြောဆိုချက်များသည် နအဖကပြုလုပ်မည့် အမျိုးသားညီလာခံတွင် အဲန်အယ်လ်ဒီ ပါဝင်ခွင့်ရရန် သဘောတူညီခြင်းရှိမရှိကို ရှင်းလင်းစွာပြောဆိုသွားခြင်း မရှိကြောင်း အဆိုပါ ဂျပန်အရာရှိကြီးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောဆိုခဲ့သည်။ ❖

## ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် ကြိုတင်ဆွေးနွေးပြီးမှ အမျိုးသားညီလာခံကျင်းပရမည်

**ဒီဇင်ဘာ၊ (၁၁)ရက်။**

နအဖလမ်းပြမြေပုံသည် ၁၉၉၆ ခုနှစ်က ရပ်ဆိုင်းသွားခဲ့သော အမျိုးသားညီလာခံကို ပြန်လည်အသက်သွင်းရန်နှင့် ထိုညီလာခံက ချမှတ်ထားသည့် အခြေခံမူ(၁၀၄)ချက်ကို အကောင်အထည်ဖော်ရန်အတွက်သာဖြစ်ကြောင်း ညီညွတ်သောတိုင်းရင်းသားမဟာမိတ်အဖွဲ့ (UNA)က ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

နအဖက ဦးစီးကျင်းပခဲ့သည့် ညီလာခံတွင် စစ်မှန်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုံလင်စွာ တက်ရောက်နိုင်ခွင့်မရှိခဲ့သလို လွတ်လပ်စွာ တင်ပြဆွေးနွေးခွင့်လည်း မရှိကြောင်း၊ ထို့ပြင် ညီလာခံက ချမှတ်သည့် အခြေခံမူ(၁၀၄)ချက်မှာလည်း စစ်တပ် နိုင်ငံတော်အာဏာကို ဆက်လက်ချုပ်ကိုင်ထားနိုင်ရန် ဦးတည်ထားကြောင်း၊ ထို့ကြောင့် တရားမမျှတသည့် ထိုညီလာခံမှာ ရပ်ဆိုင်းသွားခြင်းဖြစ်ကြောင်း UNA က ဖော်ပြခဲ့သည်။

ဆက်လက်၍ ရပ်ဆိုင်းသွားခဲ့သည့် ထိုညီလာခံဟောင်းကြီးကို ကြိုးဆွဲရာကမည့် ရုပ်သေးရုပ်များနှင့် နအဖက ပြန်လည်အသက်သွင်း၍ ဆက်လက်ကျင်းပရန် အားထုတ်နေခြင်းသည် ကုလသမဂ္ဂမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအား ပစ်ပယ်ရာရောက်သည့်အပြင် ပြည်သူတရပ်လုံး၏ သဘောဆန္ဒကို လုံးဝလျစ်လျူရှုရာ ရောက်သည်ဟု UNA က ခံယူကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရန် စစ်မှန်သည့်အမျိုးသားညီလာခံတရပ် ကျင်းပမည်ဆိုပါက ဒေါ်အောင်ဆန်းစုကြည် ပါဝင်သည့် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များနှင့် စစ်အုပ်စုတို့ ကြိုတင်ညှိနှိုင်းရန်၊ ဆွေးနွေးပွဲသို့ တက်ရောက်မည့် ကိုယ်စားလှယ်များအား အဖွဲ့အစည်းအလိုက် သီးခြားလွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိရန်နှင့် ထိုသို့ သုံးပွင့်ဆိုင်ညှိနှိုင်းမှုမှ ရလာမည့် သဘောတူညီချက်များနှင့်သာ နိုင်ငံရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲ အကောင်အထည်ဖော်ရန် ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြပါရှိသည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ဒို့ဒီနေ့ ဘာတွေလုပ်ကြမလဲ

ယနေ့ကာလတွင် စစ်အာဏာရှင်စနစ်နှင့် ပြည်သူလူထုကြီးတရပ်လုံးကြား ဖြစ်ပွားနေသော မြန်မာပြည်အဓိကပဋိပက္ခသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေသည် ဟူသောယူဆချက်သည် ခိုင်မာသထက် ပိုမိုခိုင်မာလာသည်။ ဤကာလတွင် 'ကျွန်တော်တို့ဘာတွေလုပ်ကြရမလဲ' ဟူသောမေးခွန်းသည် ဒီမိုကရေစီတိုက်ပွဲဝင် အင်အားစုများအတွင်း တဖွဲ့ချင်းစီရော တဦးချင်းစီအတွက်ပါ အရေးပါလှသည့်မေးခွန်းဖြစ်ပေသည်။

ယနေ့ကာလသည် ရန်သူသာမက မိမိအပါအဝင် ပြည်သူတရပ်လုံးအတွက်ပါ အလွန်အရေးပါလှသည့် အလှည့်အပြောင်းကာလဖြစ်သည်ဟု ပထမဦးစွာယူဆခံယူရန် လိုအပ်ပေသည်။ သို့မှသာ အဆုံးအဖြတ်ကာလ၌ မိမိလုပ်ဆောင်ရမည့်လုပ်ငန်းကို လေးနက်တည်ကြည်စွာ၊ ဓမ္မဓိဋ္ဌာန်ကျစွာဖြင့် ချမှတ်နိုင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့၏လှုပ်ရှားမှုကြီးသည် လစ်ဘရယ်ဒီမိုကရေစီတော်လှန်ရေးအသွင် တဖြည်းဖြည်းကူးပြောင်းလာနေသည်။ ဤအချက်က ကျွန်တော်တို့ကိုအားနည်းစေ၍ ရန်သူကို အားသာစေသည်။ လစ်ဘရယ်ဒီမိုကရေစီကိုရှေ့ရှုရန် လိုအပ်ကောင်းလိုအပ်မည်ဖြစ်သော်လည်း တော်လှန်ရေးကို လစ်ဘရယ်နည်းနာဖြင့်ဆင်နွှဲ၍မရ၊ ကမ္ဘာ့သမိုင်းတလျှောက် မည်သည့်လစ်ဘရယ်တော်လှန်ရေးမှ ရာနှုန်းပြည့်အောင်ပွဲမဆင်နိုင်ကြ၊ ပြည်သူလူထု၏လိုအင်ဆန္ဒကို မဖြည့်စွမ်းနိုင်ကြ။ သို့သော် မြန်မာပြည်တော်လှန်ရေး၏ ထူးခြားချက်အချို့အရ အောင်ပွဲဆင်နိုင်သည်။ အဓိကမှာ အင်အားစုအားလုံးပါဝင်တိုက်ပွဲဝင်နိုင်သော ဘုံလုပ်ငန်းစဉ်ဖြစ်ထွန်းရေးဖြစ်သည်။ ဘုံလုပ်ငန်းစဉ်မှာ စာရွက်ပေါ် ချရေးရန်မဟုတ်၊ ဆွေးနွေးပွဲများလုပ်၍ ချမှတ်ရန်လည်းမလိုအပ်။ မိမိအခြေအနေ၊ ရန်သူအခြေအနေများကို ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်၍ အင်အားစုအားလုံးပါဝင်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်ရန် လိုအပ်သည်။ အချင်းချင်း အပြန်အလှန်အသိအမှတ်ပြုလျက် တဦး၏လုပ်ငန်းကို တဦးက မဖျက်ဆီးစေရေးကို အင်အားစုအားလုံးက ဦးတည်ဆောင်ရွက်ရန်ဖြစ်သည်။

'ရန်သူက ကျွန်တော်တို့ကို စုပေးနေပြီ' ဟု ကျောင်းသားတပ်မတော် တပ်ရင်းမှူးတဦးကဆို၏၊ မှန်ပါသည်။ ရန်သူက ကျွန်တော်တို့ ညီညွတ်ရေးကို ပြဋ္ဌာန်းပေးသည်။ စုပေးနေသလို သွေးခွဲခံရ၍ ပြိုကွဲမှုရှိမည်မှာလည်း ဓမ္မတာဖြစ်၏။ သို့သော် သွေးလန့်စရာမလို၊ တိုက်ပွဲအထွဋ်အထိပ်၌ အင်အားစုများ၏လားရာသည် နေရာအနှံ့သို့ ဦးတည်နိုင်သည်။ သို့သော် ဘုံရည်မှန်းချက် (သို့) အကျိုးစီးပွားနှင့် ဘုံရန်သူလက္ခဏာ သတ်မှတ်ချက်တူညီနေသည်ကို သတိချပ်လျက် မိမိတို့၏တိုက်ပွဲကို ပြင်ဆင်ရမည်။ ယနေ့ကာလတွင် မည်သူမျှကြားနေ၍မရ။ 'စစ်အုပ်စုကို အားပေးမည်လော – ဒီမိုကရေစီဘက်တော်သားအဖြစ် သမိုင်းတာဝန်ယူမည်လော' ဟူသည်ကို ပြတ်ပြတ်သားသားရွေးချယ်ရမည်မှာ အဖွဲ့အစည်းတိုင်းသာမက တဦးချင်းစီ၏ တာဝန်သာဖြစ်သည်။

ဘုံရန်သူကို ချေမှုန်းရေးလုပ်ငန်းစဉ်များကိုချမှတ်ရာ၌ တူညီသည့်အဖွဲ့အစည်းတိုင်း၊ တူညီသည့်လူပုဂ္ဂိုလ်တိုင်း တွဲဖက်လုပ်ဆောင်ရမည်။ လုပ်ငန်းအစီအစဉ်တိုင်းသည် တီထွင်ဆန်းသစ်မှုရှိ၍ ဖြစ်ပေါ်နေသည့်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်ရန်လိုအပ်သည်။ ရန်သူ၏ အားအနည်းဆုံးအစိတ်အပိုင်း(Achille's heel)ကို အဓိကဦးတည်တိုက်လျက် ရန်သူမှ ဆုံးရှုံးမှု၊ နစ်နာမှုအများဆုံးသော အစီအစဉ်ဖြစ်ရမည်။ မိမိဘက်မှ အခက်အခဲများများတွေ့လေလေ၊ ရန်သူ၏အကြပ်အတည်းသည် ပို၍ကြီးလေလေဖြစ်သည်ကို သတိမူရမည်။ တပြိုင်တည်းမှာပင် ရန်သူသည် နှစ်ပေါင်း (၄၀)ကျော် အတွေ့အကြုံကြီးသော ကောက်ကျစ်ပါးနပ်သော၊ စစ်အာဏာရှင်စနစ်ကို အသက်ပေးကာကွယ်မည့်ရန်သူဖြစ်သည်ကို နှလုံးသွင်းရန်လိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာပြည်တွင်သာမက ကမ္ဘာ့ဒီမိုကရေစီရေးရေစီးကြောင်း၏သင်္ကေတဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှုအားပံ့ပိုးဝိုင်းရံရေး၊ မြှင့်တင်ရေးနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရေးတို့သည် တိုက်ပွဲဝင်အင်အားစုများ၏ပဓာနကျသော လုပ်ငန်းတာဝန်ဖြစ်လာသည်။ သူမ၏ခေါင်းဆောင်မှုအားအထောက်အကူပြုရာ၌ ရောက်ရှိနေသောအခြေအနေများနှင့် လိုက်လျောညီထွေစွာတီထွင်ဖန်တီးနိုင်ရန် အဓိကလိုအပ်သည်။ မိမိလုပ်စွမ်းနိုင်မည့်စွမ်းအားကို ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်များ အကောင်အထည်ပေါ်လာရေးအတွက် တိုက်ရိုက် (သို့) သွယ်ဝိုက်၍ နည်းပရိယာယ်ပြောင်မြောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်နေသည်။ ဒေါ်စုက ဒါကို မကြိုက်ဘူး၊ ဒါကို ကြိုက်တယ်ဟူ၍ အငြင်းပွားနေရန် အချိန်မဟုတ်။ ပြည်သူလူထု၏ဆန္ဒကို ရောင်ပြန်ဟပ်ဖော်ပြသည့် ဒေါ်စု၏ လိုလားချက်များ အကောင်အထည်ဖော်နိုင်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားရမည်။

အရေးကြီးဆုံးမှာ ကိုယ်ကျိုးမငဲ့ကွက်ပဲ စွန့်လွှတ်စွန့်စား၍၊ အနစ်နာခံ၍ အများအကျိုးအတွက် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ကို မွေးမြူရန်ဖြစ်သည်။ ယင်းစိတ်ဓာတ်သည် နိက္ခမပါရမီမြောက်လျက် သူတော်ကောင်းတို့ချီးမွမ်းကြရသည့် စိတ်ဓာတ်ဖြစ်သည်။ ဤစိတ်ဓာတ်ကို မွေးမြူလျှက် ဂိုဏ်းဂဏစိတ်၊ မလိုမုန်းတီးစိတ်များကို ပယ်ဖျက်၍ စစ်အုပ်စုအား တိုက်ပွဲဝင်ရန်မှတပါး အခြားမရှိ။ စစ်အုပ်စု၏ဖိနှိပ်မှု မည်မျှပြင်းထန်ပါစေ၊ ပြည်သူလူထုက ခေါင်းငုံ့ခံနေမည်မဟုတ်။ ပြည်သူလူထုနှင့်အတူ တိုက်ပွဲမဝင်သော မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့် မည်သည့်လူပုဂ္ဂိုလ်မဆို သမိုင်းအမှိုက်ခြင်းတွင် အပုတ်အသိုးအဖြစ်ကြက်ယက်ရာပါ၍ ခွေးဆွဲခံရမည့်ဘဝ ဆိုက်ကြရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပေသည်။

# အားလုံးတက်ရောက်မည်ဆိုသည့်အမျိုးသားညီလာခံ အတိုက်အခံများ လုံးဝမသိရှိရသေး



ဦးစိုးမြင့်



ဦးခွန်ထွန်းဦး

**ဒီဇင်ဘာ၊ (၁၅)ရက်။**

နအဖ၏ အချက်(၇)ချက်ပါနိုင်ငံရေး လမ်းညွှန်အစီအစဉ်အရကျင်းပမည့် အမျိုးသားညီလာခံကို ရှေ့နှစ်(၂၀၀၄)တွင် စတင်ပြုလုပ်မည်ဖြစ်ပြီး ထိုညီလာခံသို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အတိုက်အခံများအားလုံး တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း နအဖ နိုင်ငံခြားရေးဝန်ကြီး၏ပြောကြားချက်ကို မိမိတို့သိရှိရခြင်းမရှိသေးဟု အတိုက်အခံများက ပြောကြားခဲ့သည်။

နိုင်ငံပေါင်း ၁၂ နိုင်ငံတက်ရောက်သည့် မြန်မာ့အရေးဘန်ကောက်ဆွေးနွေးပွဲတွင် နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က နအဖကရေးဆွဲထားသည့် အချက် (၇)ချက်ပါ နိုင်ငံရေးလမ်းညွှန်အစီအစဉ်အရကျင်းပမည့် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်တွင် စတင်ပြုလုပ်သွားမည်ဖြစ်ပြီး ထိုညီလာခံသို့ အဲန်အယ်လ်ဒီအပါအဝင် အတိုက်အခံအဖွဲ့အစည်းများအားလုံး တက်ရောက်ခွင့်ပြုသွားမည်ဟု တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ပြောဆိုမှုနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တဦးဖြစ်သူ ဦးစိုးမြင့်က နအဖက နိုင်ငံတကာရှေ့မှောက်တွင် ယခုလို ထုတ်ဖော်ပြောဆိုမှုများ ပြုလုပ်နေသော်လည်း မိမိအား ဆက်သွယ်ပြောကြားခဲ့ခြင်း မရှိသေးသည့်အတွက် လုံးဝမသိရှိရသေးကြောင်း၊ ၎င်းတို့အနေဖြင့် နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်ပြောဆိုထားသည့်တိုင် ဒေါ်အောင်ဆန်းစုကြည်နှင့် မိမိတို့အကြား ဆက်သွယ်ခွင့် မပြုထားသည့်အတွက် မိမိတို့ဘာမှမသိရသေးကြောင်း ပြောဆိုခဲ့သည်။

ဦးစိုးမြင့်က ညီလာခံသို့တက်ရောက်ရေး မတက်ရောက်ရေးမှာ အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အစုံအညီ တွေ့ဆုံညှိနှိုင်းမှုက ရလာမည့် ဆုံးဖြတ်ချက်အပေါ်မူတည်ကြောင်း ဆက်လက်ပြောကြားခဲ့ပြီး နအဖသည် ညီလာခံစတင်ချိန်အထိ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဲန်အယ်လ်ဒီခေါင်းဆောင်များဖြစ်ကြသည့် ဦးအောင်ရွှေ၊ ဦးတင်ဦး၊ ဦးလွင်တို့အား လွှတ်ပေးလိမ့်မည်မဟုတ်ဟု သံသယဖြစ်မိကြောင်း ပြောဆိုခဲ့သည်။

အလားတူ ၁၉၉၀ ပြည့်ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားနိုင်ငံရေးပါတီ (၉)ခုစုပေါင်းဖွဲ့စည်းထားသည့် ယူအဲန်အေ ခေါ် ညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကလည်း ညီလာခံနှင့်ပတ်သက်၍ နအဖက ကမ်းလှမ်းချက်လုံးဝမရှိသေးကြောင်းနှင့် ညီလာခံ တက်ရန်နအဖနှင့် သဘောတူထားသည့် တိုင်းရင်းသားအဖွဲ့(၁၀)ဖွဲ့ဖြင့် မလုံလောက်ဘဲ ရွေးကောက်ပွဲအနိုင်ရတိုင်းရင်းသားအဖွဲ့များ၏ သဘောထားအမြင်ကိုပါ ရယူရမည်ဟု ပြောကြားခဲ့ပြီး ၎င်းတို့မပါဝင်ပါက ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က တက်ရောက်လိမ့်မည် မဟုတ်ဟု ဆိုခဲ့သည်။

ဆက်လက်၍ နအဖက ညီလာခံကို ယခင်မူအတိုင်း ဆက်လက်လုပ်သွားမည်ဆိုပါကအောင်မြင်မည်မဟုတ်ဟု ပြောဆိုသွားခဲ့သည်။ ❖

# ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီ အစ္စမေးလ် မြန်မာနိုင်ငံသို့ သွားဦးမည်

**ဒီဇင်ဘာ၊(၁၉)ရက်၊**

မြန်မာ့အရေး ကြားဝင်စေ့စပ်ပေးသူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်က ရှေ့လစောစောပိုင်းတွင် မြန်မာနိုင်ငံသို့ထပ်မံသွားရောက်ရန် စီစဉ်နေကြောင်း ဘန်ကောက်မြန်မာ့အရေးဆွေးနွေးပွဲအပြီးတွင် ပြောဆိုလိုက်သည်။

မစ္စတာရာဇာလီသည် နှစ်ရက်ကြာကျင်းပသည့် ဘန်ကောက်မြန်မာ့အရေးဆွေးနွေးပွဲကိုတက်ရောက်ခဲ့ပြီး 'မြန်မာ့နိုင်ငံရေးအခြေအနေပြောင်းလဲနေပြီ၊ အထူးသဖြင့် နအဖဝန်ကြီးချုပ်သစ်နဲ့တွဲလုပ်ရတာ ကုလသမဂ္ဂကအားရတယ်' ဟုပြောဆိုခဲ့ပြီး မြန်မာပြည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဦးတည်ကြိုးပမ်းမှုများအတွက် အားရကျေနပ်မိကြောင်း ပြောကြားခဲ့သည်။

၎င်း၏ (၁၂)ကြိမ်မြောက်မြန်မာပြည်ခရီးစဉ်နှင့်ပတ်သက်၍ UNA ညီညွတ်သော တိုင်းရင်းသားများမဟာမိတ် အဖွဲ့မှပြောခွင့်ရပုဂ္ဂိုလ် ဦးခွန်ထွန်းဦးက ရာဇာလီတွင် ကိုဖီအာနန်ကပေးထားသည့် လုပ်ပိုင်ခွင့်များ အရ မြန်မာနိုင်ငံ၏နိုင်ငံရေးပြဿနာများ ဖြေရှင်းရေးအတွက် ၎င်း၏စွမ်းပကားပေါ်တည်၍ ပြောင်းလဲမှု၊ တိုးတက်မှုများရှိလာလိမ့်မည်ဟုမြင်ကြောင်း ပြောကြားသွားသည်။ သို့ရာတွင် မစ္စတာရာဇာလီအနေဖြင့် အများကြီးကြိုးစားဖို့ရန် လိုသေးကြောင်းကိုလည်း မှတ်ချက်ချပြောဆိုခဲ့သည်။

ယခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်တွင် မေ ၃၀ ဒီပဲယင်းဖြစ်ရပ်မှန်များအား မျက်မြင်စုံစမ်းနိုင်ရန်၊ မြန်မာနိုင်ငံတွင် အရပ်သားအစိုးရတရပ် ပေါ်ထွက်လာရေးအတွက် ကုလသမဂ္ဂ၏ကိုယ်စားလှယ်များအနေဖြင့် မည်သူနှင့်မဆို လွတ်လပ်စွာတွေ့ဆုံနိုင်ရန် လုပ်ပိုင်ခွင့်များတိုးမြှင့်ထားသည့်အတွက် ၎င်း၏ခရီးစဉ်ကိုစိတ်ဝင်စားမှုများ တိုးပွားနေကြောင်းသိရသည်။

မစ္စတာရာဇာလီက မြန်မာ့နိုင်ငံရေးသည် အကြပ်အတည်းများနှင့် ရင်ဆိုင်နေရသော်လည်း တချိန်ချိန်တွင် မလွဲမသွေ အပြောင်းအလဲဖြစ်လာမည်မှာ သေချာကြောင်း မလေးရှားနိုင်ငံမှာကျင်းပသည့် အာရှဒေသဟောပြောပွဲတခုတွင် (၉)ရက်နေ့က ပြောကြားထားသည်။

❖



# အနာဂတ်နိုင်ငံရေးတွင် လူထုကိုယ်စားလှယ်များပါဝင်ခွင့် နအဖမငြင်းဆန်သင့်တော့ဟု အမေရိကန်သတိပေးပြောဆို



မစ္စတာ ရစ်ချတ်ဘောက်ချာ

**ဒီဇင်ဘာ၊(၁၈)ရက်။**

မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးတွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးစုများ ပါဝင်ခွင့်ပြုရမည်ဆိုသည့်အချက်သည် မည်သို့မျှငြင်းပယ်၍မရတော့သဖြင့် နအဖသည် မည်သည့်ဆင်ခြေမှ မပေးသင့်တော့ကြောင်း အမေရိကန်အစိုးရက သတိပေးပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ရစ်ချတ်ဘောက်ချာက အမေရိကန်အစိုးရသည် မြန်မာ့အနာဂတ်နိုင်ငံရေးတွင်၁၉၉၀–ခုနှစ်က ပြည်သူလူထု၏ မဲဆန္ဒနှင့်အညီ ရွေးကောင်တင်မြှောက်ထားသော တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များပါဝင်လာရေးကို စောင့်ကြည့်နေကြောင်း၊ သို့ရာတွင် ယနေ့အချိန်အထိ မြန်မာလူထု၏ ဆန္ဒသဘောထားများမှာ လျစ်လျူရှုခြင်းခံထားရကြောင်း ပြစ်တင်ပြောဆိုလိုက်သည်။

နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က ပြီးခဲ့သည့်သီတင်းပတ်တွင် ဘန်ကောက်၌ပြုလုပ်ခဲ့သည့် မြန်မာ့အရေးဆွေးနွေးပွဲ၌ လာမည့်နှစ်တွင်ကျင်းပမည့် အမျိုးသားညီလာခံတွင် အဲန်အယ်လ်ဒီနှင့် တိုင်းရင်းသားပါတီ(၈)ခုကို ဖိတ်ကြားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထိုပြောဆိုမှုကို မစ္စတာဘောက်ချာက 'ဒီလိုပြောဆိုမှုမျိုး၊ ကတိမျိုးတွေကို နအဖက မကြာမကြာပြောဆိုခဲ့ကြောင်း၊ ကျနော်တို့မြင်လိုသည်မှာ အပြောမဟုတ်ဘဲ လက်တွေ့လုပ်ဆောင်မှုသာဖြစ်ကြောင်း' ထောက်ပြပြောဆိုခဲ့သည်။

၎င်းက မြန်မာ့အနာဂတ်ရေးတွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများ ပါဝင်လာရေး၊ ဖမ်းထားသည့်နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွှတ်ပေးရေးတို့ကို နအဖကလက်တွေ့ဆောင်ရွက်မှသာ ပြောင်းလဲမှုများရှိလာသည်ဟု ဆိုနိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အမေရိကန်အစိုးရ၏ ဝေဖန်ချက်များနှင့်ပတ်သက်၍ နအဖက ကြေညာချက်တစောင်ထုတ်ပြန်၍ တုန့်ပြန်ခဲ့ရာတွင် မိမိတို့၏ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်ချက်များအား အသေအချာမလေ့လာဘဲ အမေရိကန်အစိုးရက တဖက်သတ် အပြစ်တင်ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။

❖

# ရွေးကောက်ပွဲအနိုင်ရ ဒီမိုကရေစီအစိုးရမဖွဲ့မချင်း ဂျပန်အကူအညီပေးတော့မည်မဟုတ်ဟု ကိုအိဇုမိပြော

၁၉၉၀ ပြည့် ရွေး ကောက်ပွဲအနိုင်ရ အဲန်အယ်လ်ဒီပါတီနှင့်တိုင်းရင်းသားလူမျိုးစုပါတီများအား အာဏာလွှဲအပ်ပေးခြင်း မရှိသမျှကာလပတ်လုံး မြန်မာနိုင်ငံကို ဂျပန်က အကူအညီပြန်လည်ပေးလိမ့် မည်မဟုတ်ဟု ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိက နအဖဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်ကို အတိအလင်း ပြောဆိုလိုက်ကြောင်း သိရသည်။



ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိ

နှစ်ရက်ကြာကျင်းပသည့် ဂျပန်အာဆီယံ တိုကျိုဆွေးနွေးပွဲအတွင်း နှစ်နိုင်ငံဝန်ကြီးချုပ်များအချင်းချင်း အလွတ်သဘောတွေ့ဆုံချိန်အတွင်း မစ္စတာကိုအိဇုမိက ယခုလိုပြောကြားလိုက်ခြင်း ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်း တိုးတက်မှုများမရှိမချင်း ဂျပန်၏အကူအညီကို ပြန်လည်ပေးအပ်ရန် စဉ်းစားမည် မဟုတ်ဟု နအဖဝန်ကြီးချုပ်ကို ပြတ်ပြတ်သားသား ပြောဆိုခဲ့သည်။

ထို့ပြင် မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးမှုအစီအစဉ်အတွက် ဂျပန်ကပေးမည့် အမေရိကန်ဒေါ်လာ သန်း ၁၅၀၀ တွင် မြန်မာနိုင်ငံကို ချန်လှပ်ထားမည်ဖြစ်ကြောင်းကိုလည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာတက်ဘဲလ်ရှီးမား၏ သောကြာနေ့ထုတ် ကြေညာချက်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်နှစ်ဦးတို့ တွေ့ဆုံစဉ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နအဖ၏အချက်(၇)ချက်ပါ နိုင်ငံရေးလမ်းညွှန်အစီအစဉ်ကို ဂျပန်ဝန်ကြီးချုပ်အား ရှင်းလင်းပြောကြားခဲ့ကြောင်း၊ သို့ရာတွင် နေအိမ်အကျယ်ချုပ်ချထားခံရသည့် ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေးကိစ္စကိုမူ ပြောဆိုခဲ့ခြင်းမရှိခဲ့ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်နှစ်ဦး တွေ့ဆုံစဉ် ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက ဂျပန်ဝန်ကြီးချုပ်၏အိမ်တော်အပြင်မှနေ၍နအဖဗိုလ်ချုပ်ကြီးအား ဆန္ဒပြခဲ့ကြကြောင်း သိရှိရသည်။

❖

# ဒေါ်စုနှင့်နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးရန် ဗြိတိန်နိုင်ငံခြားရေးရုံးဝန်ကြီးတောင်းဆို



မိုက်အိုဘရိုင်ယန်

**ဒီဇင်ဘာ၊(၂၀)ရက်။**

မေ(၃၀) ဒီပဲယင်းအရေးအခင်းကတည်းက ဖမ်းဆီးခြင်းခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားဖမ်းဆီးထားသူ နိုင်ငံရေးအကျဉ်းသားများအားလုံးကိုအမြန်ဆုံးပြန်လွှတ်ပြီး အမျိုးသားညီလာခံတွင် အားလုံးကိုပါဝင်ခွင့်ပေးရန် ဗြိတိသျှနိုင်ငံခြားရေးရုံးဝန်ကြီး မိုက်အိုဘရိုင်ယန်က ကြေညာချက်တစောင်ထုတ်ပြန်၍ တောင်းဆိုလိုက်ကြောင်းသိရသည်။

မစ္စတာဘရိုင်ယန်က ပြီးခဲ့သည့် (၁၂) နိုင်ငံဘန်ကောက်အစည်းအဝေးတွင် နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်ပြောကြားခဲ့သောကတိစကားများကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးစူရာကီယတ်က မိမိကို (၁၈) ရက်နေ့ကရှင်းပြခဲ့ပါကြောင်း၊ ထိုရှင်းပြချက်အပေါ်မူတည်ပြီး ယခုလို တောင်းဆိုရခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက နအဖအနေဖြင့် စစ်မှန်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမှန်တကယ်ဦးတည်ဆောင်ရွက်မည်ဆိုပါက ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များအား ညီလာခံတွင် မဖြစ်မနေပါဝင်ခွင့်ပေးရန် လိုအပ်ကြောင်း မိုက်အိုဘရိုင်ယန်က ပြောဆိုခဲ့သည်။ ထို့ပြင် ညီလာခံစကတည်းက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ချင်းလွှတ်ပေးရန်၊ အဖွဲ့ချုပ်ရုံးများအားလုံး ပြန်လည်ဖွင့်ပေးရန် အလေးအနက် တောင်းဆိုကြောင်း ဗြိတိသျှနိုင်ငံခြားရေးရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ❖

# နအဖ၏ အတုအယောင်ငြိမ်းချမ်းရေးလှည့်ကွက်များမှုအပေါ် ကေအင်နယူ နာယကဗိုလ်ချုပ်ကြီးစောဘိုမြ၏ တုန့်ပြန်သံ

## မိုးကြိုးနှင့် တွေ့ဆုံမေးမြန်းချက်



**လက်ရှိဆွေးနွေးပွဲအခြေအနေ**

- အခုသွားတာ ဆွေးနွေးတာ မဟုတ်သေးဘူး။ အခုသွားတာ ယုံကြည်မှုတည်ဆောက်ရေးနဲ့ လေ့လာရေးအဖွဲ့ပဲဖြစ်တယ်။
- မြန်မာပြည်မှာလုပ်တဲ့ အမျိုးသားညီလာခံဟာ ကျနော်တို့နဲ့ သူတို့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီးမှ ကျနော်တို့ ဆွေးနွေးရမယ်။ ဆွေးနွေးပြီးမှ ကျနော်တို့ တက်သင့် မတက်သင့် ကျနော်တို့ သူတို့ကို ပြောတယ်။
- ယုံကြည်မှုတည်ဆောက်ရေး တိုးတက်မှုကတော့ ရှိတယ်၊ သူလည်း ပြည်တွင်းငြိမ်းချမ်းရေးကို လိုချင်တာပဲ။ ကျနော်တို့လည်း လိုချင်တယ်။ ပြည်တွင်းငြိမ်းချမ်းရေး လိုချင်တယ်လို့ ခင်ညွန့်ကိုယ်တိုင်က ပြောတယ်။ ငြိမ်းချမ်းရေးကတော့ လုပ်ရမှာပဲ။ ဖြစ်အောင်လုပ်ရမယ်လို့ သူပြောတယ်။

**သူ့အမြင်**

- တွေ့ဆုံဆွေးနွေးရေးက လုပ်သင့်တဲ့ အလုပ်တခု၊ လုပ်ရမယ်။
- ဒီကနေ့ ကရင်နှစ်သစ်ကူးမှာပေါ့လေ၊ ပြည်တွင်းငြိမ်းချမ်းရေးကို လိုချင်တယ်။

**ညှိနှိုင်းမှုဖြစ်စဉ်**

- နေရာကတော့ ကျနော်တို့က ဘန်ကောက် တောင်းတယ်။ သူတို့က ဘန်ကောက်လက်မခံဘူး။ သူတို့ ယိုးဒယားကို ဆရာမထားချင်ဘူးတဲ့။ ပြည်တွင်းမှာဆို ကျနော်မသွားဘူး။ ကျနော်တို့က ဘန်ကောက်မှာပဲ ဆွေးနွေးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့က ဆွေးနွေးပွဲ အောင်မြင်ဖို့ လိုလားတယ်။ အောင်မြင်စေချင်တာပေါ့။ ရန်ကုန်မှာ သွားဆွေးနွေးမှ အောင်မြင်မှာ မဟုတ်ဘူး။ ကျနော်တို့ အခါပေါင်းများစွာသွားပြီးပြီပဲ။ သွားပေမယ့် အောင်မြင်မှု မရှိဘူး။ ပြည်တွင်းထဲမှာပဲ ဆွေးနွေးမယ်ဆိုရင် မြဝတီမှာ ကျနော်တို့ ဆွေးနွေးမယ်။ မြဝတီက ခင်ဗျားတို့တပ်တွေ အကုန်လုံးဖယ်ပေး။ ကျနော်တို့မြဝတီမှာ ပြန်ထိုင်မယ်။ အဲ.... အဲ့ဒီမှာ လာဆွေးနွေး။ သူတို့တော့ ဘာမှမပြောဘူး။
- ရန်ကုန်မှာ သွားမလုပ်တာက နအဖကို မယုံကြည်တာ မဟုတ်။ သူတို့ရဲ့လှုပ်ရှားမှုကို ကြည့်ရမှာဖြစ်တယ်။
- အပစ်အခတ်ရပ်စဲပြီးရင် နိုင်ငံရေးအရ ဆွေးနွေးရမယ်။ မဆွေးနွေးရင် ဘယ်ဖြစ်နိုင်မလဲ။ ကျနော်တို့က သူတို့ကိုပြောတယ်။ ခင်ဗျားတို့လိမ်တာ ခံရပေါင်းများပြီ။ အဲ့ဒါကြောင့် ရန်ကုန်မှာ မဆွေးနွေးချင်ဘူး။ ဘန်ကောက်မှာပဲ ဆွေးနွေးမယ်။ ပြီးတော့ ကျနော်တို့ ဘန်ကောက်မှာ ဆွေးနွေးတာက ထိုင်းကဝင်ပြီးတော့ ဆွေးနွေးမှာ မဟုတ်ဘူး။ ကျနော်တို့ နအဖနဲ့ ကေအဲန်ယူပဲ ဆွေးနွေးမယ်။

**ထိုင်းနိုင်ငံရဲ့ပတ်သက်မှု**

- ထိုင်းက နေရာပေးတယ်။ အဲ့ဒီကိစ္စက အမှန်က ထိုင်းက စတယ်။ ထိုင်းက တာဝန်ယူပြီးတော့ တွေ့ဆုံဆွေးနွေးရေး လုပ်ပေးမယ်။ အဲ့ဒါ လာပြီးတော့ ခွင့်တောင်းတယ်။ ကျနော်က သဘောတူတယ်။ အဲဒါကြောင့် ထိုင်းကလုပ်တယ်။ တွေ့ဆုံဆွေးနွေးရေးက သူတို့စီစဉ်ပေးမယ်။ ဒါနဲ့ သူက သိတယ်။ ဒါနဲ့ ထိုင်းကစလုပ်မယ်ဆိုတော့ သူတို့က ကဗျာကယာပြေးလာတယ်။ ပြေးလာတော့ ဘယ်လိုပြောလဲ။ အရင်တုံးက သတ်မှတ်ချက်မျိုး မထားတော့ဘူး။ အကုန်လုံးဖြုတ်ပစ်လိုက်ပြီ။ အရင်တုန်းက သူတို့ရဲ့ သတ်မှတ်ချက်က လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်။ ဥပဒေဘောင်အတွင်းမှာ ဝင်။ အဲဒါတွေ။ နောက် မယ်သရောထသဘောတူညီချက်ကို ဖျက်သိမ်း။ မဖျက်သိမ်းရင် တွေ့ဆုံဆွေးနွေးရေး မလုပ်ဘူးပေါ့။ အခုကတော့ မလိုတော့ဘူးပေါ့။ အကုန်လုံးပဲ။ အမှန်က ထိုင်းက ကြားမှာလုပ်တာကို သူက လက်မခံချင်လို့ သူလာတာ။

စာမျက်နှာ(၄)၊ကော်လံ(၁)သို့ ❑

# အမျိုးသားညီလာခံနဲ့ စစ်အုပ်စု

ဗညြ

နအဖဟာ အမျိုးသားညီလာခံ ဆိုတာကို မရ–အရလုပ်တော့မယ်။ ဒါဟာ သူတို့ရဲ့ လမ်းညွှန်မြေပုံထဲက ပထမဆုံးခြေလှမ်းဖြစ်တယ်။ ဒီအတွက် သူတို့ဟာ ဘက်စုံပြင်ဆင်နေတာ အားလုံးအသိပဲ။ ပြည်တွင်း၊ ပြည်ပ၊ သံတမန်ရေး၊ ကန့်လန့်ကာနောက်က လှုပ်ရှားမှု၊ မီဒီယာလောက လှုပ်ရှားမှု၊ ထောက်လှမ်းရေးလုပ်ငန်း၊ စစ်ရေး၊ နိုင်ငံရေး ဘက်စုံမှာ ပုံအောနေတာ တွေ့နေကြရတယ်။

ကြုံ့ဖွတ်တွေကို ပြန်ပြီးဖင်မှုတ်ပေးနေတာလဲ တွေ့ရတယ်။ ဒါဟာ ပွဲဦးထွက်မို့ သူတို့တတွေ နည်းနည်းမှ အရှုံးမခံနိုင်ဘူး။

ဒီပဲယင်းအရေးအခင်းက ဖမ်းထားသူတချို့ကို ပြန်လွှတ်ပြသလို နိုင်ငံတော်ပုန်ကန်မှုလို့ ပုဒ်မတပ်ထားသူတွေကို သေဒဏ်ချပြီး တပြည်လုံးကို ခြောက်လှန့်ပြတယ်။ ဒေါက်တာမတင်ဝင်းတို့ကို ချောင်ထိုးလိုက်ပြီး ထိုင်းကို အကြီးအကျယ်ပလူးတယ်။ ပြည်ပက အတိုက်အခံအဖွဲ့အစည်းတွေထဲမှာ ရှုတ်ရှုတ်ထွေးထွေးတွေဖြစ်အောင် လုပ်တယ်။ ကေအင်န်ယူကို စစ်တိုက်ရင်း စကားပြောတာလုပ်တယ်။ 'ငြိမ်း'အဖွဲ့တွေကို ခြောက်မရတဲ့ အခါ ချော့ဆွဲတယ်။

ဒီတပွဲဟာ ဒီပဲယင်းအရေးအခင်း နောက်ပိုင်း ပြည်သူလူထုနဲ့ စစ်အုပ်စုတို့ ပထမဆုံးအကြိမ် ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့သလို တွေ့တာဖြစ်တယ်။ အဖြေ ဘယ်လိုထွက်မယ်ဆိုတာ ဘယ်သူမှ မှန်းမရသေးဘူး။ ဟိုတခါတုန်းကတော့ စစ်အစိုးရအနေနဲ့ အင်မတန် မီးသေပါတယ်ဆိုတဲ့ အကြားကပဲ ဒီညီလာခံကို "ရပ်ဆိုင်းတယ်" လုပ်ခဲ့ရတာ မဟုတ်လား။ ဒီပဲယင်းကိစ္စ ကျူးလွန်မိတာဟာ စစ်အုပ်စုအနေနဲ့ မီးခဲမျိုမိသလို ဖြစ်နေတယ်ဆိုတာ ဒီအဖြစ်အပျက်တွေက ဖော်ပြနေတယ်။

အဓိကရည်ရွယ်ချက်ဟာ ဒီချုပ်နဲ့ စကားဝိုင်းထိုင်ရေးကို ခေါင်းရှောင်တာပဲ။ ဒါ လူတိုင်း သိတယ်။ သူတို့ရဲ့ ဦးတည်ချက်ဟာ နိုင်ငံတကာအသိုင်းအဝိုင်းဖြစ်တယ်။ ပြည်တွင်းက လူတွေဟာ ဘယ်လိုမှ လိမ်ညာမရ၊ စိတ်မဝင်စားမှန်း သူတို့ ကောင်းကောင်းသိတယ်။ နိုင်ငံတကာကို ရည်ရွယ်တာ ဖြစ်တဲ့အလျောက် နိုင်ငံတကာနဲ့ ဆက်စပ်နေတဲ့ အဝန်းအဝိုင်းတွေထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်တာ မဆန်းဘူး။ စစ်အုပ်စုရဲ့ ခြေလှမ်းကို အတိုက်အခံတွေအနေနဲ့ ခပ်ပေါ့ပေါ့ထားလို့ မရတာတော့ သေချာတယ်။ ပြည်ပကို အခြေခံရင် အခြေမခိုင်တတ်ကြောင်း ဖော်ပြချက်ပဲ။

ဒီညီလာခံကို တက်တဲ့လူတွေထဲမှာ လူမျိုးစုံ၊ ကိုယ်စားပြုမှုမျိုးစုံပါမှာပဲ။ ဒါပေမယ့် အားလုံးဟာ စစ်အုပ်စုကို ထောက်ခံသူတွေချည်းလို့တော့ ပြောလို့မရဘူး။ မတတ်သာလို့တက်သူတွေ အများကြီးဆိုတာ မမေ့ဖို့လိုတယ်။ အဲဒီအဖွဲ့တွေ၊ လူပုဂ္ဂိုလ်တဦးချင်းတွေကို လုံးထွေးနားလည်လို့ မဖြစ်ဘူး။ တဆက်တည်းမှာ တသားတည်း တောင်းဆိုလို့လည်း မသင့်တော်ဘူး။ သူတို့ထဲက အများစုနဲ့ စစ်အုပ်စုထိပ်သီးတွေအကြားမှာ ပဋိပက္ခအမျိုးမျိုး ရှိကြတယ်။ အလွယ်ဆုံး ဥပမာပြရရင် နောင်မှာ ကေအင်န်ယူဟာ အမျိုးသားညီလာခံကို အဖိတ်ခံရတဲ့ အနေအထား ရောက်ကောင်း ရောက်နိုင်တယ်။ ရောက်သွားရင် မတက်ဘူးလို့ သူတို့ပြောနိုင်မှာ မဟုတ်ဘူး။ ကေအင်န်ယူ အဲဒီညီလာခံကို တက်တယ်ဆိုရင် ကေအင်န်ယူဟာ စစ်အုပ်စုရဲ့လူဖြစ်သွားပြီလို့ ပြောလို့မရဘူးဆိုတာ လူတိုင်းသိတယ်။ အမျိုးသားညီလာခံထဲကို နအဖရဲ့လူမဟုတ်တဲ့ အဖွဲ့တဖွဲ့ ရောက်သွားပြန်ပြီလို့သာ အောက်မေ့ရမှာပဲ။

နအဖရဲ့ အမျိုးသားညီလာခံ ဆိုတာထဲမှာ အဲဒီလို အင်အားတွေ အများကြီးရှိနေတယ်။ သူတို့ကို နားလည်ပေးရမယ်။ သူတို့ အားတက်၊ အားရှိအောင် လုပ်ပေးရမယ်။ တလောဆီက 'ငြိမ်း'အဖွဲ့သုံးဖွဲ့တို့ ကြေငြာလိုက်တာကိုပဲကြည့်၊ လုံးဝကို မထင်ခဲ့မိဘူးဆိုတာ ဝန်ခံရမယ်။ တခြားတော့ မသိဘူး၊ နအဖတော့ ပြာယာခတ်သွားတာပဲ။ အနားကပ်ပြီး မိုင်းဗုံးတလုံး ထပေါက်သလို ဖြစ်သွားတယ်။ နောက် ဒါမျိုးတွေ ပေါ်ဦးမှာ မုချပဲ။ အဲဒီအဖွဲ့တွေကို ကေအင်န်ယူက ရှင်းပြစည်းရုံးတာ လုပ်ခွင့်ရရင် ဘယ်လိုနေမလဲ။ ရှစ်လေးလုံးကာလတုန်းက သမတ ဒေါက်တာမောင်မောင် ပြောခဲ့တဲ့ နှုတ်ဆိတ်နေတဲ့ အများစုကြီး (Silent Majority)ဆိုတာ လူထုဘက်မှာသာရှိတယ်၊ စစ်အစိုးရဘက်မှာ မရှိဘူး။ ဒါတွေကို ပြည်သူလူထုဘက်က အရုံတပ်လို့ဆိုရင် ရတယ်။ ပြည်သူတွေဘက်မှာက အဲဒီလို အရုံအင်အားတွေက အများကြီးရယ်။

အဲတော့ သူတို့ဟာ မတူတဲ့ ရပ်တည်ချက်တွေနဲ့ မတူတဲ့နည်းတွေသုံးပြီး နအဖကို ဆန့်ကျင်ကြမှာပဲ။ ကိုယ်က တနိုင်ငံမှာနေပြီး သူတို့ကို ကိုယ့်လို မပြောရကောင်းလားလို့ အပြစ်တင်လို့ မဖြစ်ဘူး။ သေနတ်ပြောင်းဝမှာ အသက်ရှင်နေထိုင်ကြရတဲ့ မိဘပြည်သူတွေကို "သတ္တိမရှိဘူး၊ ကိုယ်နဲ့ တန်တဲ့အစိုးရပဲ ရတယ်"ဆိုတာမျိုးတွေ ပြောထွက်လာတာဟာ အထက်က အခြေအနေကို နားမလည်လို့ ဖြစ်တယ်။ ဝါရှင်တန်မှာ ဗမာသံရုံးရှေ့သွားပြီး ဆန္ဒပြရတာနဲ့ ရန်ကုန်မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြရတာ လုံးဝ မတူဘူးဘဲ။

ဒီတခါမှာ အရင် အမျိုးသားညီလာခံတုန်းကလို အလုပ်သမား၊ လယ်သမားစတဲ့ ကိုယ်စားလှယ်အဖွဲ့တွေလည်း ပါလိမ့်မယ်။ အဲဒီဟာတွေကို ဘယ်အခြေခံနဲ့ ရွေးတာလဲ။ ဒီမိုကရေစီနည်းကျမဟုတ်တာ သေချာတယ်။ မဆလတုန်းကလိုတောင် သူ့မှာ "ပြည်သူ့အလုပ်သမား" "ပြည်သူ့လယ်သမား" "ပြည်သူ့လူငယ်"ဆိုတဲ့အဖွဲ့တွေလဲ ရှိတာ မဟုတ်ဘူး။ ဗျူရိုကရက်ကြီးက ရွေးပေးတဲ့ ဗျူရိုကရက်နည်းကျ ကိုယ်စားလှယ်ပဲဖြစ်မှာ သေချာတယ်။ ဒီလူတွေထဲမှာ ထပြောမယ့်လူ မပါဘူးလို့ ဘယ်သူပြောနိုင်သလဲ။ ဒီနေ့အခြေအနေက ဘာမဆို ဖြစ်နိုင်တယ်။

ဒီတခါ အမျိုးသားညီလာခံဟာ စစ်အုပ်စုကို တကောင်ကြွက် ဖြစ်သထက် ဖြစ်အောင်လုပ်ဖို့ အခွင့်အရေးပေါ်တာပဲလို့ သဘောထားပြီး အားလုံးက ကာလ–ဒေသ–ပရောဂ–အခြေအနေအရ တိုက်ပွဲမျိုးစုံဝင်ကြဖို့ပဲ။ ဒါဟာ မဖြစ်နိုင်တာ မဟုတ်ဘူး။ လက်တွေ့ကျတဲ့ လုပ်ငန်းတခုဖြစ်တယ်။ ပွဲဦးထွက်မှာ ဘယ်သူမှ အရှုံးမခံချင်ဘူး။ ပြည်သူတွေဘက်ကတော့ စစ်အုပ်စုကို နှာခေါင်းကျည်ပွေ့တွေ့အောင် လုပ်ရမယ်။ သူတို့ညီလာခံမှာ သူတို့ ကြိုက်သလို လုပ်တော့မပေါ့လို့ အလွယ်ကြည့်ရင် မှားမယ်။ ညီလာခံ အကြောရှည်တာနဲ့အမျှ စစ်အစိုးရမှာ ဒုက္ခတွေ့မှာ။ ညီလာခံရဲ့ ကွေ့တိုင်း၊ ပြဿနာတိုင်းမှာ စစ်ဗိုလ်ချုပ်တွေ ချွေးပြန်မှာ သေချာတယ်။

ပြည်တွင်းက လူတွေဟာ တခုခုလုပ်ချင်နေကြတယ်။ ဖြစ်စေချင်နေကြတယ်။ သူတို့ကို သတ္တိမရှိဘူးလို့ အပြစ်တင်နေမယ့်အစား သူတို့အနေအထားနဲ့ သင့်တော်တဲ့ တိုက်ပွဲတွေဖော်ထုတ်ဖို့ စဉ်းစားပေးရမယ်။ ဒီလမ်းပြမြေပုံဆိုတာရဲ့ အဆင့်တိုင်းမှာ ပြည်သူတွေ ပါဝင်တိုက်ပွဲဝင်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိတာချည့်ပဲ။ ရှေ့မှာ တိုက်ပွဲတွေနဲ့ ဝေနေတယ်။

အမျိုးသားညီလာခံဆိုတာ ဗိုလ်ခင်ညွန့် ကြေငြာထားတဲ့ ခြေလှမ်း(၇)လှမ်းထဲက ပထမခြေလှမ်းသာ ဖြစ်သေးတယ်။ နောက်ခြေလှမ်းတွေကို သူတို့ဟာ ဒီညီလာခံရဲ့ရလဒ်ကိုကြည့်ပြီး လုပ်သွားမယ်ဆိုတာ မေးနေစရာ မလိုဘူး။ နအဖစစ်အစိုးရကို အတွင်းမီး အပြင်မီးတွေ ဝိုင်းနေစေအောင် တိုက်ပွဲသဏ္ဌာန်မျိုးစုံ အသုံးပြုရမယ်။ အမျိုးသားညီလာခံထဲမှာ ဝင်ပြီး ဆန့်ကျင်ရေးလုပ်တာကို တခြားလူတွေ မလုပ်နိုင်ဘူး။ ဒါကို အဖွဲ့အစည်းပေါင်းစုံ၊ လူပုဂ္ဂိုလ်အသီးသီးရဲ့ တခြားတိုက်ပွဲမျိုးစုံနဲ့ ပေါင်းစပ်ပေးရမှာသာ ဖြစ်တယ်။

> သေနတ်ပြောင်းဝမှာ အသက်ရှင်နေထိုင်ကြရတဲ့ မိဘပြည်သူတွေကို 'သတ္တိမရှိဘူး၊ ကိုယ်နဲ့တန်တဲ့အစိုးရပဲ ရတယ်' ဆိုတာမျိုးတွေ ပြောထွက်လာတာဟာ အခြေအနေကိုနားမလည်လို့ဖြစ်တယ်။ ဝါရှင်တန်မှာ ဗမာသံရုံးရှေ့သွားပြီး ဆန္ဒပြရတာနဲ့ ရန်ကုန်မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြရတာ လုံးဝမတူဘူးဘဲ။

# ဒီဇင်ဘာ (၂၀)
## သို့မဟုတ်
## ရဲဘော်ရဲ့ တမ်းချင်း

| | |
|---|---|
| တင်းတင်းကိုက်ထားတဲ့ | |
| ငါရဲ့ နှုတ်ခမ်းဟာ | |
| ဖြန်းခနဲ ကွဲထွက် သွေးအစက်အစက် | |
| စီးလိမ့်လာတယ်။ | |
| | ဗိုလ်အောင်ကျော်ရဲဘော် |
| ရဲဘော်ဟာ | ဒို့တတွေဟာ ဒီနေရာမှာ |
| ဒီနေရာမှာ ကျဆုံးသွားခဲ့တယ် | စာရွက်တွေ အတူဝေခဲ့ဖူးတယ်။ |
| ကတ္တရာလမ်းကိုခွာ၊ | |
| ရာဇဝင်ရုပ်အရေးအရ | ဗိုလ်အောင်ကျော်ရဲဘော် |
| သုတေသနလုပ်ရင် | ဒီနေရာမှာ ဒို့တတွေဟာ |
| ရဲဘော်ရဲ့ နီမြန်းတဲ့ ဇာတ်ရုပ်ကို | ရဲဘော်ကို |
| တွေ့ရတယ်။ | အကြိမ်ကြိမ် ဂုဏ်ပြုခဲ့ဖူးတယ်။ |
| ဘယ်သူတွေ ငြင်းဆိုရဲသလဲ | ပြည်သူချစ်တဲ့ အာဇာနည်အနှစ်ဟာ |
| ရဲဘော်ရဲ့ | ဘယ်ခေတ်မှာမဆို |
| စီးဆင်းခဲ့တဲ့သွေးတွေအကြောင်း | နိုပျိုစိမ်းလန်းနေမှာပဲ |
| ဒင်းတို့တတွေက | မုချယုံတယ်။ |
| ရဲဘော်ရဲ့ ဂုဏ်အထူးထူးကို | |
| ဖော်တူးဖို့ ငြင်းဆန်ကြတယ် | ဗိုလ်အောင်ကျော်ရဲဘော် |
| ဘယ်သူတွေရှိဦးမလဲ | ရဲဘော်ရဲ့ဂုဏ်ပုဒ်ကို |
| ရဲဘော်မုန်းခဲ့တဲ့သူတွေပေါ့ | ဖော်ထုတ်ဖို့ ကြိုးစားတဲ့ |
| ဒင်းတို့ရဲ့ အမုန်းကို | ငါ့ရဲ့ကဗျာတပုဒ် |
| ရဲဘော်ဟာ စိမ်းကားတဲ့အပြုံးနဲ့ | လက်ခံပါရဲဘော် |
| ပြုံးမှာပဲ ... ယုံတယ်။ | အော်ဟစ်ပြီး ငါပန်ကြားတယ်။ |
| စပါးတားကပ်ဂုဏ်ရောင် | ဒါပေမယ့် |
| ကုန်းဘောင်သူပုန်၊ ဂဠုန်ဆရာစံ | ဖတ်ကြည့်စမ်းလေ |
| ငုယင်ဗန်ထရှိုင်း | စီးဆင်းခဲ့တဲ့ သွေးစက်တွေရယ် |
| အတိုင်းမသိသော | ဘယ်သူ့သွေးတွေလဲ |
| ချေဂွေဗားရားစသော | ရဲဘော်ရဲ့ ပူနွေးတဲ့သွေး |
| အာဇာနည် | ရဲဘော်ရဲ့ မခမ်းခြောက်သေးတဲ့သွေး |
| ရာထောင်သောင်းတို့နှင့်အတူ | အို့ ရဲဘော် |
| ရဲဘော်ဟာ နီရဲဝင်းလက်ခဲ့တယ် | ဒီကဗျာဟာ |
| တရားတဲ့ပြည်သူတွေရဲ့တိုက်ပွဲမှာ | ရဲဘော်ရဲ့ သွေးအစက်စက်နဲ့ |
| ရဲဘော်ရဲ့သွေးဟာ | ရဲရဲလက်လက် သီယှက်ထားတဲ့ |
| နီရဲဝင်းလက်ခဲ့တယ်။ | ရဲဘော်ရဲ့ ကဗျာပါတကား။ |

**မောင်လေးအောင်**

**ကျောင်းသားအာဇာနည် ဗိုလ်အောင်ကျော် ကျဆုံးခြင်း နှစ်ပတ်လည်နေ့ ဂုဏ်ပြုအမှတ်တရကဗျာကို ပြန်လည်ဆန်းသစ်ဖော်ပြအပ်ပါသည်။**

# စာပေစိစစ်ရေးနှင့် ထောက်လှမ်းရေးတို့ဒဏ် စာနယ်ဇင်းလောကခံနေရ

မြန်မာနိုင်ငံတွင် ထုတ်ဝေနေသည့် ဂျာနယ်များသည် ဂျာနယ်ရောင်းရငွေ၏ ၁၅%မှ ၅၀%ကို စာပေစိစစ်ရေးအဖွဲ့နှင့် စစ်ထောက်လှမ်းရေးတို့သို့ ပေးနေရကြောင်း အမည်မဖော်လိုသည့် အယ်ဒီတာတဦးအဆိုအရ သိရသည်။

ထိုပြောပြချက်အရ မကြာမီက သေဒဏ်ပေးခြင်းခံလိုက်ရသည့် First Eleven မှ အယ်ဒီတာ ကိုဇော်သက်ထွေးနှင့် ဂျာနယ်အဖွဲ့သားများသည် စစ်ထောက်လှမ်းရေးနှင့် စာပေစိစစ်ရေးတို့က တောင်းခံသမျှ ငွေကို ငြင်းဆန်ခဲ့ခြင်းကြောင့် တမင်အပြစ်ရှာ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းက 'ကျနော်တို့ စာနယ်ဇင်းသမားတွေဟာ ထောင်ကျလည်းကျခံရ၊ သေဒဏ်လည်းခံရတယ်၊ ဒါကတော့ မတရားဘူးလို့ မြင်တယ်ဗျ' ဟုပြောကြားလိုက်ပြီး မြန်မာနိုင်ငံတွင် တိကျသည့်စာနယ်ဇင်းဥပဒေ ပြဋ္ဌာန်းချက်နှင့် ဥပဒေလမ်းကြောင်းအရ အပြစ်ဒဏ်ပေးခြင်း၊ အရေးယူခြင်းတို့ လုပ်ငန်းအတွေ့အကြုံတလျောက် မတွေ့ရသေးဟု ဆိုလိုက်သည်။

မြန်မာနိုင်ငံတွင် စစ်အုပ်စုကအကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးထားသူပေါင်း(၂၀)ခန့်ရှိကြောင်းသိရပြီး ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်ဦးဝင်းတင်ကဲ့သို့ အသက်အရွယ်ကြီးရင့်သည့် ကျန်းမာရေးချို့တဲ့နေသူများလည်းပါဝင်ကြောင်းသိရသည်။ ❖

# ပါဝါ ၅၁ သို့မဟုတ် သမိုင်းဝင်ပစ္စည်း

**ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းခြင်း (၁၃)နှစ်မြောက် ဂုဏ်ပြုဆောင်းပါး**

**ဂဲထွင်း**

အဆိုကျော်လေးဖြူရဲ့ ၁၉၉၀ ခုနှစ် ထုတ်ပါဝါစီးရီးဟာ တက္ကသိုလ်ရိပ်သာလမ်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်အမှတ် (၅၄)ကိုရည်ညွှန်းတယ်ဆိုပြီး စစ်အာဏာပိုင်များရဲ့ ဖြန့်ချိခွင့်ပိတ်ခံခဲ့ရဖူးပါတယ်။ မှန်ပါတယ်။ စစ်အာဏာရှင်တို့ အကြောက်ဆုံးအရာကတော့ သူတို့ကိုပြိုင်လာမယ့် စင်ပြိုင်ပါဝါကိုပဲဖြစ်ပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံကစတင်ပြီး အရှိန်အဟုန်ပြင်းပြင်းဆင်နွှဲလာခဲ့တဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီးမှာ ပါဝင်ကြသူတွေထဲမှာ ဒီမိုကရေစီရဲ့မဏ္ဍိုင်သဖွယ်ဗဟိုချက်မသဖွယ် အမှတ်သညာပြုခံရတဲ့ တက္ကသိုလ်ရိပ်သာလမ်း၊ အိမ်အမှတ် (၅၄)ကို တခေါက်မက ဝင်ထွက်သွားလာခဲ့ကြဖူးသူတွေက အများစုပါ။ ဒီအဆောက်အဦးဟာ ကွယ်လွန်သူအာဇာနည်ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည်တို့ပိုင်ဆိုင်ခဲ့တာဖြစ်ပြီး ယခုတော့ လူထုခေါင်းဆောင်၊ ဒီမိုကရေစီရဲ့မီးရှူးတန်ဆောင် ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရာနေရာဖြစ်တယ်ဆိုတာ တပြည်လုံးသာမက တကမ္ဘာလုံးက သိကြပါတယ်။

အိမ်အမှတ်(၅၄)နဲ့ မျက်စောင်းထိုး၊ အိမ်အမှတ်(၅၁)ကိုတော့ သိကြတဲ့သူ အလွန်နည်းပါတယ်။ ဒီအိမ်ဟာ အတိတ်ကာလက အိန္ဒိယနိုင်ငံရဲ့ လွတ်လပ်ရေးခေါင်းဆောင်ကြီးတဦးဖြစ်တဲ့ ဆူဘတ်စ်ချန်ဒရာဘို့စ် ပိုင်ဆိုင်ခဲ့ဖူးတာမို့ အတိတ်နိမိတ် အလွန်ကောင်းမွန်တယ်လို့ဆိုရင်လဲ မမှားပါ။ လှည်းတန်းမီးပွိုင့်ကနေ တက္ကသိုလ်ဓမ္မာရုံနားကကပ်ပြီး တက္ကသိုလ်ရိပ်သာလမ်းမကြီးအတိုင်း မိနစ်အနည်းငယ်လျှောက်လာခဲ့ရင် လက်ျာဘက်မှာ လမ်းသွယ်လေးတသွယ်ကို တွေ့ရမှာဖြစ်တယ်။ ဒီလမ်းသွယ်လေးဟာ အိမ်အမှတ်(၅၁)ကို ဦးတည်နေပါတယ်။ ဒီအိမ်လေးထဲမှာလဲ ဒီမိုကရေစီပါဝါတခု ဖြစ်ထွန်းတည်ရှိခဲ့ဖူး၊ တည်ဆောက်ခဲ့ကြဖူးတယ်ဆိုတာ သိတဲ့သူ အလွန်နည်းပါတယ်။

စိတ်ဓာတ်ပြင်းထန်ပြီး ဒီမိုကရေစီကို မဆုတ်မနစ်ရယူမယ်ဆိုတဲ့ လူတစုဟာ ပါဝါ(၅၄)ကို အထောက်အကူပြုနိုင်တဲ့ အဓိကဒေါက်တိုင် (Main Pillar)အဖြစ် ပါဝါ(၅၁)ကို တည်ဆောက်ခဲ့ကြပါတယ်။ သူတို့ရဲ့ကြိုးပမ်းမှုဟာအချည်းနှီးမဖြစ်ခဲ့ကြပါ။ အိမ်အမှတ်(၅၁)ရဲ့ပိုင်ရှင်များဖြစ်တဲ့ ဗိုလ်ချုပ်အစ်ကို အာဇာနည်ခေါင်းဆောင်ဦးဘဝင်းနဲ့ ဒေါ်ခင်စောရဲ့သား ဒေါက်တာစိန်ဝင်းဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီမိုကရေစီပါဝါကို အဓိကထောက်ကူနေတဲ့ ဒေါက်တိုင်များထဲက ဒေါက်တိုင်တခုဖြစ်လာခဲ့ပါတယ်။ ယခုတိုင်လဲဖြစ်နေဆဲပါပဲ။ ဒီအချက်မှန်ကန်ကြောင်း သူကိုယ်တိုင်ဝန်ကြီးချုပ်အဖြစ် ဦးဆောင်နေတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရရဲ့ ယနေ့ကာလကြိုးပမ်းလှုပ်ရှားမှုများက အထင်အရှားသက်သေခံနေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပါဝါ ၅၄ ဆိုတဲ့ သင်္ကေတအဖြစ် ဒီမိုကရေစီလှုပ်ရှားမှုကြီးတရပ်လုံးရဲ့ မဏ္ဍိုင်ဗဟိုချက်မအဖြစ်နဲ့ တင်စားရမယ်ဆိုရင် ဒေါက်တာစိန်ဝင်းဟာလဲ ပါဝါ ၅၁ သင်္ကေတကို ကိုယ်စားပြုပြီး ဒေါ်အောင်ဆန်းစုကြည်ကို အဓိကအထောက်အကူပြုနေတယ်ဆိုတာကို ပြည်သူလူထုက အသိအမှတ်ပြုထားကြပါတယ်။

ဒီမိုကရေစီရေးလှုပ်ရှားမှုသမိုင်းမှာ ထင်ရှားတဲ့ခေါင်းဆောင်တဦးအနေနဲ့ အသိအမှတ်ပြုကြပေမယ့် ဒေါက်တာ စိန်ဝင်းဟာ ရိုးရိုးသာမန် သင်္ချာပါမောက္ခတဦးသာ ဖြစ်ပါတယ်။ ရှစ်လေးလုံးလှုပ်ရှားမှု မတိုင်မီက နိုင်ငံရေးနဲ့ မပတ်သက်ခဲ့ပါ။ အာဇာနည်ဗိမာန် ဗုံးခွဲခံရတဲ့နေ့မှာ (၁၀)လကြာ အထိန်းသိမ်းခံရတာကလွဲပြီး နိုင်ငံရေးနဲ့ ဆရာ ကင်းကင်းနေခဲ့ပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံအပြီး ပါတီတွေဖွဲ့တော့ NLD ရဲ့ အသက်ကယ်ပါတီအဖြစ်ဖွဲ့တဲ့ အမျိုးသားဒီမိုကရေစီပါတီ(PND)မှာ သူ့ကို ဥက္ကဋ္ဌအဖြစ် ဒေါ်စုက ယုံယုံကြည်ကြည် တာဝန်ပေးခဲ့ပါတယ်။ ယခုဆိုလျှင် အသက်(၆၇)နှစ်

အယ်ဒီတာလုပ်ဖို့ ကမ်းလှမ်းတာကို လက်မခံခဲ့ဘဲ ပါရဂူဘွဲ့ရအပြီးမှာ မြန်မာနိုင်ငံကို ပြန်လာခဲ့ပါတယ်။ တတ်တဲ့ပညာနဲ့ ပြည်သူလူထုကို အလုပ်အကျွေးပြုမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ရန်ကုန်တက္ကသိုလ် သင်္ချာဌာနမှာ အချိန်ပိုင်းပါမောက္ခ ဝင်လုပ်ခဲ့ပါတယ်။ အဲ့ဒီမှာပဲ အသက် ၂၀ ကျော်တဲ့ M.Sc ကျောင်းသူလေးစီစီနဲ့ တွေ့ပြီး ဖူးစာဆုံခဲ့ကြတာဖြစ်ပါတယ်။ ''ဆရာနဲ့ယူမယ်ဆိုတော့ သတို့သမီးမိဘတွေက အထူးသဖြင့် အဖေက စိတ်ပူပါတယ်။ ဆရာက ဆွေကြီးမျိုးကြီးထဲကဖြစ်

> ဒေါ်အောင်ဆန်းစုကြည်ကို ပါဝါ ၅၄ ဆိုတဲ့သင်္ကေတအဖြစ် ဒီမိုကရေစီ လှုပ်ရှားမှုကြီးတခုလုံးရဲ့ မဏ္ဍိုင်ဗဟိုချက်မအဖြစ်နဲ့တင်စားရမယ်ဆိုရင် ဒေါက်တာစိန်ဝင်းဟာလည်း ပါဝါ ၅၁သင်္ကေတကို ကိုယ်စားပြုပြီး ဒေါ်အောင်ဆန်းစုကြည်ကို အဓိကအထောက်အကူပြုနေတယ်။

ရှိပြီဖြစ်တဲ့ ဆရာ့အမေဒေါ်ခင်စောက ''ငါ့သားလေး မစုကြောင့် နိုင်ငံရေးထဲ ရောက်ရတယ်''လို့ပြောတော့ ''အမေကလဲ ကျနော် ခလေးမှ မဟုတ်တာဘဲ''လို့ ဆရာက တုန့်ပြန်ပြောလေ့ ရှိပါတယ်။ ဆရာ့အမေကတော့ မလိုမုန်းတီးမှုနဲ့ ဂိုဏ်းဂဏကြီးမားတဲ့ မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်မှာ အာဇာနည်ဘဝရောက်ခဲ့ရတဲ့ ခင်ပွန်း(ဦးဘဝင်း)နဲ့ မတ်(ဗိုလ်ချုပ်အောင်ဆန်း)တို့ဆီကရခဲ့တဲ့ ရင်ထုမနာအတွေ့အကြုံများအရ မြန်မာ့နိုင်ငံရေးကို စိတ်နာနေပုံရပါတယ်။ ဒေါ်ခင်စောရဲ့ ဝေဒနာဟာ ကနေ့ခေတ်ကို ကိုယ်စားပြုနေတဲ့ မြန်မာမိခင်တွေ၊ ဇနီးသည်တွေရဲ့ ပုံရိပ်ကို ထင်ဟပ်ဖော်ပြနေတာပဲဖြစ်ပါတယ်။ ယနေ့ကာလ မိခင်များ၊ ဇနီးသည်များဟာ ဒေါ်ခင်စောတွေချည်းပါပဲ။ သားတွေက အဝေးမှာ ရောက်နေပြီး ခင်ပွန်းသည်တွေက အကျဉ်းထောင်တွေထဲမှာ ရန်သူ့လက်ချက်ကြောင့် ကွယ်လွန်ကုန်ကြတာတွေဟာ ယနေ့မြန်မာအမျိုးသမီးများ ကြုံတွေ့နေကျ မရိုးနိုင်တဲ့ ဘုံဖြစ်စဉ်တခုဖြစ်ပါတယ်။

ပါဝါ ၅၁ ဟာ ဂျာမဏီနိုင်ငံ ဟမ်းဘတ်တက္ကသိုလ်က Ph.D ရပြီး သင်္ချာပါရဂူတဦးဖြစ်လာခဲ့သူပါ။ ဘာသာရပ်နယ်ပယ်မှာ နိုင်ငံတကာပညာရှင်များက လေးစားရသူတဦးဖြစ်ပါတယ်။ နာမည်ကျော် နိုင်ငံတကာသင်္ချာအသင်းကြီးက ထုတ်ဝေတဲ့ စာစောင်မှာ



အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနှင့်မိသားစု

လေတော့ သမီးမျက်နှာငယ်မှာ စိုးရိမ်တာသဘာဝကျပါတယ်။ ဒါပေမယ့် ဆရာနဲ့တွေ့တော့ ဆရာ့အသွင်အပြင်ကိုကြည့်ပြီး သိပ်သဘောကျသွားကြတယ်။ အဲဒီအချိန်က ဆရာက လွယ်အိတ်ကြီးကြီးတလုံး လွယ်ထားပြီး ငါးမတ်တန်ဖိနပ်စီးထားတယ်လေ'' လို့ စီစီကပြန်ပြောပြတော့ ဂျာနယ်ကျော် မမလေးရဲ့ သူလိုလူဝတ္ထုထဲက ဇာတ်ကောင် ဦးချစ်မောင်နဲ့ မတင်တင်ကို သတိမရဘဲ မနေနိုင်ပါ။ ''ပြန်တွေးကြည့်တော့ ၂၁ နှစ်မှာ ကျောင်းပြီး၊ အလုပ်ဝင်၊ ၂၅ နှစ်မှာ ဗိုက်တလုံးနဲ့ ကျန်ရစ်တာပါပဲ''လို့ စီစီက ပြောပြန်တော့ မိသားစုဘဝကို စွန့်လွှတ်ပြီး အနစ်နာခံစိတ်နဲ့ ဆယ်နှစ်ကျော်ကြာ လင်သားနဲ့ ခွဲခွာနေရင်း ဒီမိုကရေစီတော်လှန်ရေးမှာ တခန်းတကဏ္ဍပါဝင်နေဆဲဖြစ်တဲ့ ဒီမိန်းမသားဟာ ဆရာအတွက် ပါရမီဖြည့်ဖက်အစစ်ပါပဲလို့ လေးစားကြည်ညိုရပါတယ်။

၁၉၉၀ ပြည့်ရွေးကောက်ပွဲအပြီးမှာ နဝတက ၁/၉၀ ထုတ်ပြန်ပြီး ရွေးကောက်ပွဲရလဒ်ဘေးချိတ်၊ အမျိုးသားညီလာခံလုပ်မယ်လို့ အမိန့်ထုတ်ပါတယ်။ ၁/၉၀ ကိုမလိုက်နာရင် ပါတီတွေဖျက်သိမ်း၊ ခေါင်းဆောင်တွေဖမ်းမယ်၊ ခြိမ်းခြောက်တာမို့ အားမသန်မာန်လျှော့လို့ အဲန်အယ်လ်ဒီက ၅/၉၀ ကို ထုတ်ပြန်ပြီး ၁/၉၀ ကို လိုက်နာဖို့ လုပ်ရပါတော့တယ်။ အဖွဲ့ဝင်ထုက မကျေနပ်ကြပါ။ အထူးသဖြင့် ရွေးကောက်ပွဲများကတဆင့် ပြည်သူလူထုကို ပေးထားခဲ့တဲ့ ကတိကဝတ်တွေကို အပြည့်အဝအကောင်အထည်ဖော်ဖို့ တာဝန်ရှိနေတဲ့ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များက အဲန်အယ်လ်ဒီ ၅/၉၀ နဲ့ နအဖ ၁/၉၀ ကိုဆန့်ကျင်ပြီး NCGUB ကို ထူထောင်ခဲ့ကြတယ်။ ရည်ရွယ်ချက်ကတော့ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးဖြစ်ပါတယ်။ KNU၊ KIO နဲ့NMSP အပါအဝင် တိုင်းရင်းသားများရဲ့ထောက်ခံအားပေးမှုနဲ့ ပါဝါ(၅၁)ဦးဆောင်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ NCGUB ဖွဲ့စည်းရေးဟာ မြန်မာပြည်ဒီမိုကရေစီလှုပ်ရှားမှုသမိုင်းရဲ့ အရေးပါလှတဲ့ အချိုးအကွေ့တရပ်ပါပဲ။ အဲ့ဒီကစပြီး ပါဝါ(၅၁)နဲ့ NCGUB ဟာ ခွဲမရတဲ့ အစိတ်အပိုင်းဖြစ်လာခဲ့ပါတယ်။

ပါဝါ(၅၁)မပါရင် NCGUB ဆိုတာ ဖွဲ့စည်းနိုင်မှာမဟုတ်သလို NCGUB မပေါ်ပေါက်လာရင်လဲ ပါဝါ(၅၁)ဆိုတာ ဘာပါဝါမှမရှိနိုင်ပါ။

နူးညံ့သိမ်မွေ့မှု၊ စိတ်နှလုံးသားပျော့ပျောင်းမှု၊ ရိုးသားအေးဆေးမှု၊ နှိမ့်ချမှု၊ မာန်မာနကင်းမဲ့မှု၊ တည်ငြိမ်ခိုင်ခံ့မှုဆိုတဲ့ ဂုဏ်ပုဒ်တွေဟာ ပါဝါ(၅၁)ရဲ့နိမိတ်ပုံတွေ ဖြစ်ပါတယ်။ သွားလေရာရာမှာ အများစုက ချစ်ခင်နှစ်လိုကြတာ အထင်အရှားတွေ့ရတယ်။ သူပြောတဲ့စကားကို အပြည့်အဝမကြိုက်ကြရင်၊ အားမရရင်တောင်မှ နှစ်သက် လေးစားမှုအပြည့်နဲ့ ဂါရဝပြုကြတယ်။ သူ့ကောက်ချက်တွေ၊ ဆွေးနွေးမှုတွေကို သဘောမတူကြရင်တောင်မှ ဒါဟာဖြစ်နိုင်ခြေတရပ်ပဲရယ်လို့ အသိအမှတ်ပြုကြရတယ်။ တပြိုင်တည်းမှာပဲ တွေ့တဲ့သူတိုင်းက ရိုးသားပြီး နူးညံ့တဲ့ သူ့ရဲ့ လှုပ်ရှားမှုတွေကြောင့် လေးစားကြည်ညိုကြရတယ်။ ဒါတွေဟာ ခေါင်းဆောင်တယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်အင်္ဂါများပါလားလို့ အတုယူရပါတယ်။ ကေအဲန်ယူခေါင်းဆောင် ဖဒိုမန်းရှာက ''ဝါရှင်တန်မှာ ထမင်းစားဖိတ်ကြလို့ မြန်မာအိမ်တွေကို ရောက်ဖူးပါတယ်၊ တော်တော်များများက ပြည့်ပြည့်စုံစုံရှိကြတာ တွေ့ရလို့ ဝမ်းသာရတယ်၊ ဒါပေမယ့် ဒေါက်တာစိန်ဝင်းအိမ်က ဘာမှမရှိဘူး၊ သူက ဝါရှင်တန်မှာ အဆင်းရဲဆုံးပဲ''လို့ မှတ်ချက်ချပြောခဲ့တာ ကြားဖူးပါတယ်။

သူ့မှာ အားနည်းချက်တွေ အများကြီးရှိတယ်။ အကြီးမားဆုံးကတော့ ဘယ်အရာကိုမှ တာဝန်မခံဘူးလို့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တဦးက နာနာကျည်းကျည်းပြောတာ ကြားဖူးပါတယ်။ NCGUB ဖွဲ့စည်းခဲ့တာ ဘယ်လောက် တာဝန်ကြီးသလဲ၊ NLD ခေါင်းဆောင်မှုရဲ့ဆန္ဒကို တရားဝင်ရယူထားတာမဟုတ်ဘူး။ ဒါလောက်ကြီးမားတဲ့ တာဝန်ခံမှုကို တာဝန်ခံမှုကြီးမားလှပါတယ်ဆိုတဲ့ ခေါင်းဆောင်တွေ လုပ်နိုင်ခဲ့ရဲ့လားလို့ မေးချင်စိတ်ပေါ်လာပါတယ်။ တပြိုင်တည်းမှာပဲ ပါဝါ(၅၁)ဟာ သူ တကယ်ကိစ္စတခုကို တာဝန်မခံခဲ့ဘူးဆိုရင် သူကိုယ်တိုင်ဒီကိစ္စကို မယုံကြည်တာဖြစ်မယ်။ ဒါမှမဟုတ် တာဝန်ပေးရမယ့်သူရဲ့အရည်အချင်းအပေါ် လုံးဝစိတ်ချမှု မရှိသေးတာဖြစ်မယ်ဆိုတဲ့ အတွေးလဲ ပေါ်လာပါတယ်။ မှန် မမှန်တော့ မဝေခွဲနိုင်သေးပါ။

ရှမ်းပြည်နယ်NLDရဲ့ ပြည်နယ်စည်းရုံးရေးမှူးအဖြစ် တာဝန်ယူခဲ့ဖူးသူ ဒေါက်တာအောင်ထွန်းက ဒေါက်တာစိန်ဝင်းဟာ သမိုင်းဝင်ပစ္စည်းပါလို့ ကောက်ချက်ချဖူးပါတယ်။ အပြည့်အဝ မှန်ပါတယ်။ NCGUB ကိုတင်မက NLD-LA ကိုပါ တည်ထောင်ခဲ့တာဖြစ်တယ်။ ရှစ်လေးလုံးနောက်ပိုင်း တိုင်းရင်းသားအင်အားစုတွေနဲ့ ဒီမိုကရေစီအင်အားစုတွေကြား အမျိုးသားသွေးစည်းညီညွတ်ရေးပန္နက်ကို စိုက်ခဲ့ကြသူတွေထဲမှာ ထိပ်ဆုံးကဖြစ်တယ်။ ဒီအချက်ကို သူ့ကို ကြိုက်သူနဲ့ မကြိုက်သူတွေကြားမှာ ဘယ်သူမှ အငြင်းမပွားကြဘူးလို့ ယုံကြည်ပါတယ်။

ပါဝါ(၅၄)ဟာ တိုက်ပွဲတွေကြားမှာ ပိုပြီး ထက်မြက်လာတယ်။ အစွမ်းကုန် စွန့်လွှတ်အနစ်နာခံတဲ့စိတ်ဓာတ်နဲ့ အများပြည်သူအကျိုးစီးပွားအတွက် ဒီမိုကရေစီလှုပ်ရှားမှုကို မဆုတ်မနစ်ဦးဆောင်နေခိုက်မှာ ပါဝါ(၅၁)ကဘာလုပ်မလဲ၊ ပိုပြီးတိုက်ပွဲပြင်းလာတဲ့ကာလမှာ ပါဝါ(၅၄)ကိုနမူနာယူပြီး လူထုအကျိုးကို ဆထက်ထမ်းပိုးထမ်းဆောင်လိမ့်မယ်လို့ လူထုကြီးကတော့ ယုံကြည်နေဆဲဖြစ်ပါတယ်။ လူထုကြီးရဲ့ မျှော်လင့်ချက်ကို ပါဝါ(၅၁)က ဖြည့်စွမ်းမှာလား၊ ခေါင်းဆောင်မှုအခန်းကို တိုးချဲ့မှာလား၊ ဒါမှမဟုတ်ရင်.... ....။

ဒီမေးခွန်းကို ပါဝါငါးဆယ့်တစ် ကိုယ်တိုင်ပဲ ဖြေရမှာဖြစ်ပါတယ်။ ❖

# ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီးဖြစ်သော သာမညဆရာတော်ဘုရားကြီး၏ အန္တိမစျာပနကျင်းပပြီးစီး



သာမညဆရာတော်ဘုရားကြီး

**ဒီဇင်ဘာ၊ (၅)ရက်။**

သက်တော်(၉၃)နှစ် သိက္ခာတော်(၇၃) ဝါ ရှိပြီဖြစ်သည့် သာမညဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိနယသည် နိုဝင်ဘာ(၂၉)ရက်နေ့ နတ်တော်လဆန်း(၆)ရက် စနေနေ့က ပျံလွန်တော်မူခဲ့ပြီဖြစ်ရာ ဆရာတော်ဘုရားကြီး၏ ဥတဇရုပ်ကလာပ်တော်ကို သာမညတောင် ဂူဗိမ္မာန်တွင် ဒီဇင်ဘာလ(၅)ရက် သောကြာနေ့က အုတ်ဂူသွင်း သဂြိုဟ်ပူဇော်ခဲ့ကြောင်း သိရသည်။

ဆရာတော်ဘုရားကြီးကို ကရင်ပြည်နယ် ဖားအံမြို့နယ် ကော့ကျိုက်ရွာတွင် ပအို့ဝ်တိုင်းရင်းသားမိဘနှစ်ပါးဖြစ်ကြသည့် ဖခမည်းတော် ဦးထောင်ခို၊ မယ်တော် ဒေါ်အုန်းတို့မှ ဖွားမြင်သည်။ ဆရာတော်ဘုရားကြီးသည် သက်သတ်လွတ်နှင့် သာသနာပြုရာ မိမိတပါးတည်းသာမက သာမညတောင်၏ (၃)မိုင်ပတ်လည်ကို ဘေးမဲ့နယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ သက်တော်ထင်ရှားရှိစဉ်က သာသနာပြုလုပ်ငန်းများသာမက လမ်းဖောက်၊ တံတားဆောက်ခြင်းများအပြင် နယ်မြေဒေသ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထက်တန်းကျောင်းများအပါအဝင် စာသင်ကျောင်းများဆောက်လုပ်၍ ပညာသင်ကြားစေခြင်း စသည့် လူမှုရေးလုပ်ငန်းများ၊ နယ်မြေဖွံ့ဖြိုးမှုလုပ်ငန်းများကိုပါ စွမ်းစွမ်းတမန် လုပ်ဆောင်ခဲ့သဖြင့် ထင်ရှားပြီး တတိုင်းပြည်လုံးသာမက ပြည်ပဗုဒ္ဓဘာသာနိုင်ငံများကပါ ကြည်ညိုခြင်း ခံရသည်။

သာမညဆရာတော်ဘုရားကြီးကို ဒေါ်အောင်ဆန်းစုကြည် သွားရောက်ဖူးတွေ့လေ့ရှိသည့်အတွက် ဆရာတော်ကြီး ပျံလွန်တော်မူသည့်သတင်းကို 'ဒေါ်အောင်ဆန်းစုကြည်၏ ဆရာတော် ကွယ်လွန်'ဟူ၍ နိုင်ငံခြားသတင်းတချို့က ခေါင်းစဉ်ပေး ရေးသားခဲ့ကြသည်။

ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနအခမ်းအနားသို့ တတိုင်းတပြည်လုံးမှ တပည့်ဒါယိကာ ဒါယိကာမနှစ်သိန်းကျော် သွားရောက် ဖူးမျှော်ကြည်ညိုခဲ့ကြသော်လည်း ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်ကျနေသည့်အတွက် သာမညဆရာတော်ဘုရားကြီး၏စျာပနကို တက်ရောက်ခွင့်မရခဲ့ပေ။ ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သောနှစ် နေအိမ်အကျယ်ချုပ်မှ ပြန်လွတ်လာချိန်တွင် သာမညဆရာတော်ဘုရားကြီးကို ပထမဦးဆုံး သွားရောက်ဖူးမျှော်ခဲ့သည်။ သာမညဆရာတော်ဘုရားကြီးသည် မပျံလွန်ခင်ကတည်းက သာမညတောင်နေရာတွင် ဆက်ခံမည့် ဆရာတော်တပါးအား ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း နယ်ခံတဦး အဆိုအရ သိရသည်။ ❖

# ဒေါ်စု၏ ဘုန်းတန်ခိုး၊ ပြည်သူတွေ၏ မေတ္တာနှင့် လွတ်မြောက်ခဲ့ခြင်းဖြစ်

## (ဒီပဲယင်းအရေးအခင်းတွင် ဒေါ် အောင်ဆန်းစုကြည်၏ ကားကို မောင်းနှင်ခဲ့သူ ကိုကျော်စိုးလင်း)

**ဒီဇင်ဘာ၊ (၁၁)ရက်။**

ဒီပဲယင်းခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ကားကို ကိုယ်တိုင်မောင်းပေးခဲ့ပြီး အသက်အန္တရာယ်ကြားမှကယ်ထုတ်ခဲ့သူ ကိုကျော်စိုးလင်းက မိမိယခုလို လွတ်မြောက်လာခြင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ ဘုန်းတန်ခိုးနှင့်ပြည်သူများ၏ မေတ္တာကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုလ (၂)ရက်နေ့က ခန္တီးထောင်မှ ပြန်လည်လွတ်မြောက်လာသူ ကိုကျော်စိုးလင်းက "အန်တီက မေတ္တာတရားအလွန်ကြီးမားတယ်ဗျ၊ ခေါင်းဆောင်ကောင်းအလွန်ပီသတယ်၊ ဒီဖြစ်စဉ်မှာ လူတွေက ကျနော်တို့ကိုရိုက်တဲ့အခါမှာ နောက်က လူတွေအားလုံးက ကားကိုအတင်းမောင်း ခိုင်းကြတယ်ဗျ၊ အဲဒီတော့ 'ပြည်သူတွေကို ဒီအတိုင်းထားခဲ့လို့ရမလား'လို့ အန်တီက ပြောတယ်၊ နောက်ပြီးတော့ ရုံးရောက်တော့ သူ့ကိုသီးသန့်လာခေါ်တယ်ဗျ၊ အဲဒီရုံးမှာလည်း သူကပြောတယ်၊ 'ရှင်တို့ ဥပဒေအရ ဆောင်ရွက်မယ်ဆိုရင်တော့ ကျမလိုက်ခဲ့မယ်၊ ဥပဒေအရ မဆောင်ရွက်ဘူးဆိုရင် ကျမကလေးတွေနဲ့ ကျမလုံးဝမခွာနိုင်ဘူး' လို့ပြောတယ်၊ သူက ခေါင်းဆောင်ပီသပြီးတော့ မေတ္တာတရားကြီးမားတာပေါ့၊ အဲဒီကားမောင်းတဲ့ကိစ္စကလည်း ကျနော်တော်လို့မဟုတ်ဘူး၊ အန်တီရဲ့ဘုန်းတန်ခိုးနဲ့ ပြည်သူတွေရဲ့မေတ္တာကြောင့် လွတ်တယ်လို့ပဲ ကျနော်ယုံကြည်ပါတယ်'ဟု ဒီမိုကရက်တစ်မြန်မာ့အသံနှင့်မေးမြန်းခန်းတွင် ပြောဆိုခဲ့သည်။

ထိုနေ့ကအဖြစ်အပျက်တွင် နအဖ လက်ကိုင်တုတ်များက ကြိုဆိုနေသည့်လူထုကြီးနှင့် အဲန်အယ်လ်ဒီအဖွဲ့ဝင်များအား အကြမ်းဖက်ရိုက်နှက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်စီးနင်းလိုက်ပါလာသည့် ကားကိုပါ တိုက်ခိုက်လာခဲ့သည့်အတွက် ကိုကျော်စိုးလင်းက ဒေါ်အောင်ဆန်းစုကြည်၏အသက်အန္တရာယ်ကိုစိုးရိမ်ပြီး အခင်းဖြစ်ပွားရာနေရာမှ မောင်းထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုမှ ရေဦးမြို့သို့ရောက်ရှိစဉ် နအဖ စစ်တပ်က တားမြစ်ခြင်းကိုခံခဲ့ရကြောင်း ကိုကျော်စိုးလင်းကပြောပြခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုသီးသန့်ခေါ်ယူသွားပြီး ၎င်းတို့အား ရေဦးအချုပ်တွင်ဖမ်းဆီးခဲ့ကြောင်း ပြောပြခဲ့သည်။

ထို့နောက် ၂ ရက်အကြာတွင် ရွှေဘိုသို့ ပြောင်းရွှေ့ပြီး ထိုမှတဆင့် ခန္တီးအကျဉ်းထောင်သို့ပို့ဆောင်ခြင်းခံခဲ့ရသည်။

ကိုကျော်စိုးလင်းသည် တက္ကသိုလ်ကျောင်းသားတဦးဖြစ်ပြီး မန္တလေးအဲန်အယ်လ်ဒီဘဏ္ဍာရေးမှူး ဦးကိုကိုကြီး၏သားဖြစ်သည်။ ဦးကိုကိုကြီးသည် ဇူလိုင်လအတွင်းက သားဖြစ်သူကိုထောင်ဝင်စာသွားတွေ့အပြီး ခန္တီးမှအပြန်မန္တလေးတွင် စစ်ထောက်လှမ်းရေး၏ဖမ်းဆီးခြင်းခံခဲ့ပြီး ယခုထိချုပ်နှောင်ခံနေဆဲ ဖြစ်သည်။ ❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) စတုတ္ထအကြိမ်ညီလာခံကျင်းပပြီးစီး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၏ စတုတ္ထအကြိမ်ညီလာခံကို ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ဒီဇင်ဘာ(၇)ရက်နေ့မှ (၁၁)ရက်နေ့အထိ ကျင်းပခဲ့ကြောင်းသိရှိရသည်။

ယင်းညီလာခံသို့ တိုင်းဒေသအသီးသီးမှကိုယ်စားလှယ်များ၊ လွတ်မြောက်နယ်မြေရောက် အဲန်အယ်လ်ဒီလွှတ်တော်ကိုယ်စားလှယ်များနှင့် လက်ရှိဗဟိုကော်မတီဝင်များ စုစုပေါင်း (၄၄)ဦး တက်ရောက်ခဲ့ကြသည်။ မဟာဗျူဟာ လုပ်ငန်းစဉ် (၃)ရပ်နှင့် ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နည်းလမ်း(၉)သွယ်ကို ချမှတ်ခဲ့ကြသည်။ ဤညီလာခံမှ ဥက္ကဋ္ဌဦးဝင်းခက်၊ ဒုဥက္ကဋ္ဌဦးတင်အောင်နှင့် အတွင်းရေးမှူးဒေါ်စန်းစန်းတို့ ပါဝင်သော ဗဟိုကော်မတီဝင်(၁၃)ဦးနှင့် အရံဗဟိုကော်မတီ (၂)ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ ❖




ညီလာခံအတွင်း ဒုဥက္ကဋ္ဌ ဦးတင်အောင် တင်ပြဆွေးနွေးစဉ်

# ဆရာကြီးတက်တိုး ကွယ်လွန်ရှာပြီ



**ဒီဇင်ဘာ၊ (၈)ရက်။**

မြန်မာစာပေလောကတွင် ထင်ရှားသည့် စာရေးဆရာ သတင်းစာဆရာ ဘာသာပြန်ဆရာ အယ်ဒီတာတဦးဖြစ်သူ ဆရာကြီးတက်တိုး (၉၁)နှစ်သည် ဒီဇင်ဘာ(၇)ရက်နေ့က ရန်ကုန်မြို့တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

ဆရာကြီးတက်တိုး၏ အမည်ရင်းမှာ ဦးအုန်းဖေဖြစ်ပြီး ၁၉၁၃ ခုနှစ်တွင် ရန်ကုန်တိုင်း၊ သံလျင်မြို့ဇာတိဖြစ်သည်။ အသက်(၁၄)နှစ်သားအရွယ်တွင် 'ဗစ်တာ' ဟူသည့် ကလောင်အမည်ခံ၍ 'ကညာလော၊ ကျားကြီးလော' (၁၉၃၀ စက်တင်ဘာလ၊ ဂန္တလောကမဂ္ဂဇင်း) ဘာသာပြန်စာမူကို ရေးသား၍ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။

ထို့နောက် ဆရာကြီးသည် ကွယ်လွန်ချိန်အထိ အင်္ဂလိပ် မြန်မာဆောင်းပါးများ၊ ဘာသာပြန်များ ထောင်နှင့်ချီ ရေးသားခဲ့သည့်အပြင် အင်္ဂလိပ်စာကို မြန်မာလူမျိုးများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရန် အဘိဓာန်များ ထုတ်ဝေခဲ့သည့်အပြင် အင်္ဂလိပ်ဘာသာနှင့် စာပေလေ့လာရေးအတွက် စာအုပ်ပေါင်းများစွာ ရေးသားပြုစုခဲ့သည်။ ဆရာကြီး ရေးသားခဲ့သည့် 'မင်းမှုထမ်း'အမည်ရစာအုပ်အတွက် ၁၉၅၀ ခုနှစ်တွင် စာပေဗိမာန်ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ ကွယ်လွန်ချိန်တွင် ဇနီး ကဗျာဆရာမကြီး ဒေါ်နုယဉ်နှင့် သားသမီး (၄)ဦး၊ မြေး(၅)ဦးတို့ ကျန်ရစ်ခဲ့ကြောင်း သိရသည်။ ❖

# ယူအဲန်ဒီပီကတိဖျက်၍ လူ့အခွင့်အရေးဆိုင်ရာ စာရွက်စာတမ်းများဖြန့်မည့်အစီအစဉ်ပျက်

**ဒီဇင်ဘာ၊ (၁၁)ရက်။**

ဒီဇင်ဘာ(၁၀)ရက်နေ့တွင် ကျရောက်သည့် ၅၅ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ကုလသမဂ္ဂမှ ထုတ်ဝေသည့် လူ့အခွင့်အရေးဆိုင်ရာ စာရွက်စာတမ်းများအား တိုင်းနှင့် ပြည်နယ်(၇)ခုတွင် ဖြန့်ဝေရန် အဖွဲ့ချုပ်ဝင်လူငယ်များက ကြိုးစားခဲ့သော်လည်း ရန်ကုန်အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP က ကတိပျက်ကွက်ခဲ့သည့်အတွက် အစီအစဉ်ပျက်သွားကြောင်း သိရသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာမည်ဟု လက်မှတ်ရေးထိုးထားပြီး လက်တွေ့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးဆိုးဝါးဝါးရှိနေသောကြောင့် အဖွဲ့ချုပ်လူငယ်များက လူ့အခွင့်အရေးဆိုင်ရာ စာရွက်စာတမ်းများဖြန့်ဝေရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ထိုအစီအစဉ်အရ ရန်ကုန်တိုင်းအဖွဲ့ချုပ်လူငယ်များက ဦးဆောင်ပြီး အဆိုပါစာရွက်စာတမ်းများကို ရန်ကုန်နှင့် အခြားပြည်နယ်နှင့် တိုင်း(၇)ခုတို့တွင် ဖြန့်ဝေရန် စီစဉ်ခဲ့ကြသည်ဟု ဆိုသည်။

ထိုအစီအစဉ်အတွက် UNDP ရုံး၌ စာအုပ်များ သွားရောက်တောင်းဆိုခဲ့ရာ ပေးမည်ဟု ကတိရခဲ့သော်လည်း အဆိုပါနေ့တွင် ထုတ်မပေးခဲ့သဖြင့် အစီအစဉ်ပျက်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာပြည်သူများအနေဖြင့် လူ့အခွင့်အရေး ရပိုင်ခွင့်များကိုပင် သိသူနည်းပါးနေကြောင်း၊ ထိုရပိုင်ခွင့်များကို ပြည်သူအများသိရှိရန်မှာ အစိုးရနှင့် ကုလသမဂ္ဂတွင် တာဝန်ပိုရှိကြောင်း၊ ယခုလို လူငယ်များက ထိုကိစ္စအပေါ် ဝိုင်းဝန်းလုပ်ဆောင်ပေးမည့် ကြိုးစားမှုကို UNDP က ပူးပေါင်းဆောင်ရွက်မှု မရှိခဲ့သဖြင့် လူငယ်များ မကျေမနပ်ဖြစ်နေကြကြောင်း အဖွဲ့ချုပ်ဝင် လူငယ်တဦးက ပြောပြခဲ့သည်။

အဖွဲ့ချုပ် ဥပဒေအထောက်ကူပြု အဖွဲ့ဝင် တရားရုံးချုပ်ရှေ့နေ ဦးသိန်းညွန့်က ကုလသမဂ္ဂက အတည်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအား ဖြစ်နိုင်လျှင် ဥပဒေစာအုပ်များလို နိုင်ငံတော်ဗဟိုပုံနှိပ်တိုက်များမှ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာနှင့် ဖြန့်ချိ၍ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချပေးနိုင်ရန် ဆောင်ရွက်ပေးသင့်ကြောင်း ပြောဆိုခဲ့သည်။

❖



”ခု…အောင်ဆန်းစုကြည်နော် သူ မင်း ဖြစ်ပြီလား။
သူတိုင်းပြည်ကောင်းအောင် လုပ်နိုင်လား။ တိုင်းပြည်ကောင်းလို့
သူခေါ်ရင် အဖွားပြန်မယ်၊ တကယ်ပဲ…“

# ဒေါ်အောင်ဆန်းစုကြည်ခေါ်ရင် ပြန်မယ်

အရှင်ဧမာစာရ (ရဟန်းပျိုသမဂ္ဂ)

အဖွားလား၊ အင်း…. အဖွားအသက်ဆိုရင် (၇၈)နှစ်ပေါ့၊ နာမည်ကတော့နော် ‘မူကြဲ၊ အင်း…. မူကြဲ’ ဟုတ်တယ် ‘မူကြဲ’လို့ ဒီလိုပဲ ခေါ်တယ်။ အဖွားနေခဲ့တာ ဒီမောဆိုးမြို့နယ်၊ တောရွာကလေးပဲ။ အိမ်ဆိုလို့ ၄၆ အိမ်ပေါ့နော်၊ အဲဒီလောက်ပဲ။ သေးသေးကလေး ဘာမှမရှိဘူး။ ဒီရွာမှာပျော်တာပေါ့၊ ကိုယ့်ရွာကိုး၊ ဘာမှအနှောင့်အယှက် မရှိဆိုရင်ပေါ့လေ။ ခုကတော့ အဲဒီလို မဟုတ်တော့ဘူး၊ တော်ကြာ စပါးတောင်း၊ တော်ကြာ ကြက်တောင်း ဝက်တောင်း၊ အင်း…. လူပါတောင်းသေးတယ်၊ ကုန်ရောပေါ့။ ဘာလုပ်လို့ ဘာလုပ်မှန်းလဲမသိဘူး။ ကဲ ပြောလေ၊ ဒီတော့ အဖွားတို့ ဘယ်လိုလုပ်စားမလဲ၊ တောင်ယာစိုက်လို့ စပါး ၇၀ လောက်ပဲရတယ်။ သူတို့(နအဖအစိုးရ)ကို လှည်းတစီးတိုက် ပေးရတယ်။ မပေးလို့ရတတ်လား၊ မရဘူး၊ ဖမ်းမယ်ဆီးမယ်ပေါ့။ တခါတခါ ခေါ်သွားခံရတယ်။ ညအချိန်မတော်လာပြီး ဘယ်သူရှိလားပေါ့။ ဘာမှ လုပ်စားမရဘူး။ ရွာကိုတော့ အဖွား အရမ်းလွမ်းတယ်လေ။

အဲဒီက ထွက်လာတာ (၁၃)နှစ်ရှိပြီ။ လမ်းမှာ ဘယ်အေးအေးဆေးဆေးရမှာလဲ၊ မအေးဆေးဘူး။ တောကထူ၊ တောင်ကကြီး၊ အန္တရာယ်ကများ၊ ကြောက်တာမပြောနဲ့တော့၊ ‘တရောက်တောင်’တို့ ‘သခွပ်တောင်’တို့ ‘နတ်တောင်’တို့ဆိုတာ ဘယ်ငယ်မလဲ။ နံနက် (၆)နာရီက အဖွားတို့တက်တာနော်၊ နေ့လယ် (၁)နာရီမှပဲ တောင်ပေါ်ကိုရောက်တယ်။ တယောက်တည်းမဟုတ်ဘူး။ မိသားစုအားလုံး (၅)ယောက်မဟုတ်လား။ အခြားလူတွေလဲ အများကြီးပဲ၊ အဖွဲ့တို့လိုပဲ ရွာကိုစွန့်ခဲ့ကြရတယ်လေ။ အခြားရွာကလူတွေလဲ ပါတယ်ကိုး။ ဒီတော့ လူတွေအများကြီးပေါ့။ ပျော်စရာတော့ ပျော်စရာပေါ့၊ ဒါပေမယ့် ဘယ်ပျော်နိုင်မလဲ ရန်သူ(နအဖစစ်သား)လဲကြောက်ရ၊ ကိုယ့်အချင်းချင်းလဲ ကြောက်ရ၊ ခါးပြလဲ ကြောက်ရ၊ မြွေတွေ ကင်းတွေ တောကောင်တွေ ချေတွေ ကျားတွေ ဝက်ဝံတွေ အများကြီးအများကြီး၊ အိုး…. တအားကြောက်ရတယ်။ ပြောတောင် မပြောတတ်တော့ဘူး။

ဒီလိုနဲ့ တရက်ပြီး တရက်ပေါ့၊ အဖွားတို့ လမ်းလျှောက်ရတယ်။ ညလဲလမ်းလျှောက်ရတယ်။ သူများသွားရင် သွားပေါ့၊ မလိုက်နိုင်လဲလိုက်၊ မသွားနိုင်လဲသွား၊ သွားရတယ်။ အဖွားတို့ချည်း ဘယ်နေရဲမလဲ၊ သွားရဲမလဲ၊ သိပ်ကြောက်ရတယ်နော်။ ဒီတော့ သူများတွေလို သွားပေါ့။ အိုး …. ခလေးကလည်းငို၊ နေမကောင်းကလည်းဖြစ်၊ တအားဒုက္ခရောက်တယ်။ ညဆိုရင် လေကတိုက်တော့ ချမ်းတာမပြောနဲ့တော့။ ဘုရားသခင်ပဲ သတိရတယ်လေ။ ဘာမှားမိလို့လည်း မသိဘူး။ ‘တိ’က ဒဏ်ခတ်တာဖြစ်မယ်နော်။ အဖွားတော့ တကယ်မပြောတတ်တော့ဘူး။ (‘တိ’ဆိုတာ နတ်ဘုရားတပါး)ပစ္စည်းဆိုလို့ တနိုင်တထမ်းကလေးပဲပေါ့၊ ဘယ်များများထမ်းနိုင်မလဲ။ အဲဒါနော် နည်းနည်းစားနည်းနည်းစား၊ များများစားမရဘူး။ အဲဒီလိုဒုက္ခနော်။ အယ်…. တကယ်ပဲ ခလေးလည်းထမ်းရပိုးရ၊ ဆန်ကိုလည်းထမ်းရ၊ အဝတ်ကိုလည်းထမ်းရ၊ ဘယ်နိုင်မလဲ။ အဖွားဆိုရင် (၄)ရက်လောက်ဆိုရင်ဖျားရော။ ဘယ်လောက်ဒုက္ခလဲ၊ ဘာဆေးမှလည်းပါမလာဘူး၊ စဉ်းလဲ မစဉ်းစားမိခဲ့ဘူး။ အဲဒီခလေးပဲပေါ့၊ အဲဒီတုန်းက (၄)နှစ်ခလေး၊ ခုပဲ (၁၇)နှစ်သူရှိပြီး။ ဟိုခလေးက (၁)နှစ်ခလေး၊ ငိုတာမပြောနဲ့တော့၊ ညဆိုတော့ အေးတာကိုး။

ထိုင်းကိုရောက်တော့ စာရင်းပေးရတယ်လေ။ အရင်ရောက်သူတွေရှိတာကိုး။ သူတို့က ဘာလုပ်ဘာလုပ်ပေါ့။ ဆန်တို့ ဘာတို့ ထောက်ပံ့ကြေးရတယ်။ သူတို့ပြောတယ်။ ဖလံ(နိုင်ငံခြားသားများကိုဆိုလိုသည်)တွေပြန်ရင် ထောက်ပံ့ကြေးသူတို့လာပေးဖို့ ပြောတယ်။ ကဲ …. (၅)လ (၆)လ ရှိပြီနော်၊ ဘာမှ မရဘူး။ အဲဒီတုန်းက ဆန်ကလေးနည်းနည်းပဲ လာပေးတယ်။ အဲဒါလေးနဲ့ ဟိုလုပ်ဒီလုပ်နဲ့စား။ အိမ်ကလေးတလုံးလည်းနေလို့ရရုံပေါ့၊ ဆောက်ရသေးတယ်၊ မလွယ်ဘူး၊ တကယ်ကို မလွယ်ဘူး။

အဖွားတို့ ပဒေါင် (ကယန်း)တွေဟာ အိမ်တလုံးဆောက်ပြီဆိုရင် အင်မတန်မြေရွေးတယ်နော်။ ဒီမှာ ဘယ်ရွေးအားမလဲ။ ရွေးမအားဘူး၊ သင်္ချိုင်းလား၊ အစိမ်းသေနေရာလား၊ မိုးကြိုးပစ်ထားတဲ့နေရာလား မသိတော့ဘူး၊ တာဝန်ရှိတယ်ဆိုတဲ့ လူတွေက ပေးတဲ့နေရာဆောက်၊ အဖွားဆိုရင် တခါတခါအိပ်မက်တောင်မကောင်းဘူး။ စိတ်မသန့်ဘူးလေ။ အဖွားတို့က ဇန်နဝါရီလတို့ ဖေဖော်ဝါရီတို့မှာ ရိုးရာအတိုင်း အိပ်ဆောက်ချင်တာ၊ အဲဒီလတွေက အဖွားတို့ရဲ့ အိမ်ဆောက်ချိန်ပေါ့နော်။ ဘယ်လိုပြောမလဲ၊ အဲဒီလတွေမှာ ဆောက်မှလာဘ်ရှိတယ်၊ မင်္ဂလာရှိတယ်။ ပြီးတော့ သူတို့ပြောတာက ဘာမှ ရွေးမနေနဲ့ နေရဖို့အရေးကြီးတယ်တဲ့။ တောင်ဘက် မြောက်ဘက် အရှေ့လုပ်ဆောက်မှ မင်္ဂလာရှိတာတို့ ဘာတို့မလိုဘူးတဲ့။ အေး …. ဆောက်ဆိုတော့ဆောက်ရောပေါ့။ ဘာတတ်နိုင်မလဲ။ ကိုယ့်ပြည်ကိုယ့်ရွာ မဟုတ်ဘူး။

ဟို …. ကိုယ့်ရွာမှာဆိုရင် အဖွား အဲဒီအိမ်မျိုး နေတောင်မနေဘူး။ အိမ်ဆိုတာ မင်္ဂလာရှိရတယ်။ အရင်က ဒီလိုကြုံရမယ်လို့ မတွက်ခဲ့ဘူး။ ဟိုမှာကနော် …. သေချာလုပ်တာ၊ အိမ်နေရာဆိုရင် သက်ကယ်ချိုးရင်ချိုး၊ မချိုးရင် ကြက်ရိုးထိုးပြီး အခါရွေး၊ အဖွားတို့ကတော့ ဝါးခြမ်းပြားလေးနဲ့ဆန်စေ့လေးနဲ့လုပ်ပြီး နေရာရွေးတာကြိုက်တာ။ အဲဒါသေချာတယ်။ ဝါးခြမ်း နှစ်ခြမ်းကိုပေါ့နော်၊ ဆန်စေ့ဟုတ်လား၊ သုံးပုံပုံထား၊ ပြီးတော့ မြေမှာမြှုပ်တည်ထားပေါ့။ နောက်တနေ့ဆိုရင် ဖော်လို့ရပြီ။ အေး အဲဒီမှာ နေရာကောင်းတယ်ဆိုရင် ဆန်စေ့တွေတစု တစည်းတည်းပဲ မကွဲဘူး။ ဟိုတစေ့ ဒီတစေ့ မရှိဘူးပေါ့နော်။ အဲဒါကောင်းတယ်။ ဟိုတစေ့ ဟိုတခြမ်း ဒီတပုံရှိမယ်ဆိုရင်၊ အေး…. အဲဒါ မကောင်းဘူးသာမှတ်တော့။ မြေမကောင်းဘူး၊ နိမိတ်မကောင်းဘူး၊ အဖွား အဲဒီမြေမှာမဆောက်ရဲဘူး၊ ပြီးတော့နော် နတ်ပူဇော်ထားတဲ့နေရာလဲအိမ်ဆောက်မကောင်းဘူး။

ဒီမှာ….အဲဒီလိုမဟုတ်ဘူး။ သူတို့က ဆောက်ဆိုတဲ့နေရာ ဆောက်တော့၊ မသိဘူး နားမလည်ဘူး။ ကဲ…. အဖွားပြောတာမဟုတ်ဘူးလား။ ကဲ…. ကြည့်စမ်း၊ ကြည့်စမ်း (အဖွား လက်ညှိုးထိုး ညွှန်ပြ၍ ပြောသည်) ဟိုမှာ၊ အဲဒါရွာတဲ့လား၊ အဲဒါ ရွာနဲ့ မတူဘူး။ ကိုယ့်ပြည်မှာနော် အဲဒီလို မဟုတ်ဘူး။ ရွာလယ်မှာ အိမ်ကြီးတလုံးက ရှိသေးတယ်။ တရွာလုံးက စုဆောက်ထားတဲ့အိမ်ကြီး။ ရပ်ရေး ရွာရေးနော် စည်းဝေးလုပ်၊ ဧည့်သည်လာရင်လဲတည်းခိုခိုင်း၊ အလှူလုပ်ဘယ်လောက်အဆင်ပြေသလဲ၊ အဖွားပြောတာမဟုတ်ဘူးလား။ ရွာဆိုတာ ကြက်သရေရှိဖို့ လိုတယ်နော်။ ရွာလူကြီးဆိုတာလဲရှိရတယ်။ သူက အားလုံးတာဝန်ယူရတယ်။ သူ့စကားကို အားလုံးနားထောင်ရတယ်။ ပြီးတော့ ရှိသေးတယ်နော်။ အဖွားတို့ရွာမှာ ရှိတယ်။ ပြင်ကလာပြီး အမျိုးသမီးကလေးတွေကို ပြစ်မှားတာတို့၊ တခြားအုပ်စုတစုကလာရောက်ပြီး တိုက်ခိုက်တာတို့ဆိုရင် ရွာကို ဆေးကြောပဲ။ အဲဒီလို မဟုတ်ရင် ရွာမသန့်တော့ဘူး၊ မင်္ဂလာမရှိတော့ဘူး။ အဲဒီလို ရွာစည်းကမ်းကြီးတယ်။ ခုက အဲဒီလိုမဟုတ်ပဲကိုး။ အဖွားတော့ အသက်လဲကြီးပြီး မပြောချင်တော့ဘူး။ အဲ….အဲ အဖွားပြောချင်တာတခုရှိသေးတယ်။ အိမ်သစ်မင်္ဂလာဆိုတာပေါ့နော်။

ဒါပေမယ့်နော် ဟိုမှာထက်တော့ ငြိမ်းချမ်းတယ်လို့ဆိုလို့ရတယ်။ ဟိုမှာ သတင်းလဲ မကောင်းဘူး။ ရွာတွေမှာ စော်ကားတာတွေများပြီလို့ကြားတယ်။ သတင်းမကောင်းဘူး၊ အဘွားမပြန်ရဲဘူး။

အဖွားတို့လား…. ရောက်စဆိုတော့နော်၊ အင်း (၅)လ (၆)လပေါ့နော်၊ လူကြီးဆိုရင် အင်း…. ၁၅၀၀ ဘတ်၊ ခလေးဆိုရင် ၇၀၀ ဘတ်ဆိုပြီးတော့ တလမှာတခါ ထောက်ပံ့တာတော့ရှိတယ်။ ဘယ်က ထောက်ပံ့တယ်ဆိုတာ အဖွားမသိဘူး၊ မပြောတတ်ဘူး။ ကုမ္ပဏီဆိုတာ ကြားဖူးလား၊ ဘာကုမ္ပဏီလဲ ဟိုတယ်လား မသိဘူး။ အေး…. အေး၊ အဲဒီက ထောက်ပံ့တယ်တဲ့။ အဖွားတို့က ဘာမှမလုပ်ရပါဘူး။ အဖွားတို့လည်ပင်းမှာ ကြေးကွင်းတွေရှိတယ်လေ။ ဟဲ ဟဲ အဲဒါ အလုပ်ပဲ။ အဲဒါကို သူတို့က ဓာတ်ပုံလာရိုက် လာကြည့်ပေါ့။ တချို့ကလဲ ပစ္စည်းကလေး နည်းနည်းပါးပါးဝယ်သွား၊ တခါတခါ အလကားပေးကြတာလဲရှိတယ်။ သူတို့ စီးတာ ကားကောင်းကောင်းတွေပဲ။ တွေ့ရတာတော့ လူဖြူတွေပေါ့။ အဲဒါကို ဖလံလို့လဲ ခေါ်တယ်နော်။ အေး အဲဒီလူတွေက ပေးတာ၊ အဲဒါလေးနဲ့ နေရတာကိုး။ ဘာမှတခြားဝင်ငွေမရှိဘူး။ အဖွားတို့ပြောရတာက‘တရိုက်ဘနား’ပဲ (တရိုက်ဘနား– ကျေးဇူးတင်ပါသည်)။ အေး၊ အေး…. အဲဒီလောက်ပဲ။

ဟိုမှာနော်၊ ရွာမှာဆိုရင် တောင်ယာခုတ် တောင်ယာလုပ်ပေါ့။ ပျော်စရာကောင်းတယ်။ တောင်ယာမီးရှို့ပွဲဆိုတာရှိတယ်။ တအားပျော်ဖို့ကောင်းတယ်။ အဖွားဆိုရင် တအားသတိရတယ်။ တခါတခါ အဖွား မျက်ရည်လည်မိတယ်။ အဲဒါ တကယ်ပြောတာနော်။ ကိုယ့်ရွာကိုယ့်ရပ် ကိုယ့်ရိုးရာကိုး၊ မဟုတ်ဘူးလား။ အဲဒီဘက် ရောက်ဖူးလား၊ မရောက်ဖူးဘူး၊ ဟုတ်လား။ နောက်ဆိုရင် လာလည်နော်၊ တံခွန်တိုင်ပွဲတို့ စပါးလိပ်ပြာခေါ်ပွဲတို့ကို အမီလာခဲ့နော်။ စပါးလိပ်ပြာခေါ်ပွဲဆိုတာလား၊ စပါးအထွက်တိုးအောင်လုပ်တာ။ အဲဒီပွဲမှာ အိမ်ရှင်က ခေါင်းရေတို့ ထမင်းဟင်းတို့နဲ့ ဧည့်ခံရတာ၊ စပါးလိပ်ပြာခေါ်ပွဲဆိုတာနော်၊ မဆန်းဘူး၊ ရိုးရာလို့ ခေါ်မလား မပြောတတ်ဘူး။ စားဖို့ သောက်ဖို့ပေါ့နော်။ အင်း…. ကြက်တို့ ဝက်တို့ အဲဒါတွေယူ၊ ပဒိုးသီလား၊ အေး အဲဒါကိုလဲယူ၊ နောက်ပြီးတော့ မောင်းတလုံးလဲ ယူ၊ အဲဒါတွေယူပြီးတော့၊ အင်း လယ်ပြင်ကို သွားပေါ့။ ပထမတော့ ပဒိုးကို မှုတ်ရတယ်။ နောက် မောင်းကို ‘မောင်’ဆိုပြီး တချက်ရိုက်။ အင်း ပြီးရင်လေ“အို…. အရှင်စပါးသခင်ရေ၊ သခင်တောင်တန်းထဲမှာ နေပါက ဒီစပါးခင်းကို လာလှည့်ပါ”ဆိုပြီး အော်ပြီးပြောရတယ်လေ။ အင်း …. နောက်တချက် ‘ပဒိုး’မှုတ်၊ မောင်းတချက်ရိုက်၊ အင်း ဟဲဟဲ အင်း၊ နောက်လဲအော်ခေါ်ပေါ့၊ ရီစရာနော်။ ဒီတော့မှပဲ စပါးရတယ်။ တအားရတယ်။ အဲဒါ အရှေ့အနောက် တောင်မြောက်၊ အိုလှည့်ပတ်ပြီး ပြောရတယ်။ အဲဒီတော့မှ အဘ‘လနန်း’က ‘မ’။ အဘလနန်းကိုသိပ်သတိရတယ်။ သူက မိုးတွေ အများကြီးရွာပေးတယ်၊ (အဘလနန်း – ဖန်ဆင်းရှင်တမန်တော်)ဟူး၊ ဒီမှာ အဲဒါတွေမလုပ်နိုင်တော့ဘူး။ ရိုးရိုးနေ ရိုးရိုးစား၊ မလွယ်ဘူး။

တချို့ကတော့ အဘွားတို့ကိုပြောတယ်။ အဲဒီလိုမျိုးဖြစ်နေရတာဟာ ‘တိ’ကို မလေးစားလို့တဲ့။ ‘တိ’ကလဲ ဘယ်စောင့်ရှောက်နိုင်ပါ့တော့မလဲ။ လူတွေကလဲ လူတွေပဲနော်။ တရားစောင့်ဖို့ လိုတာပေါ့ (တိ– ထာဝရဘုရား၏တမန်တော် တန်ခိုးရှင် ဖန်တီးရှင်ဖြစ်သည်။)

အေး…. အဖွားပြောစရာတခုရှိတယ်။ ‘တံခွန်တိုင်’ပွဲပဲ။ အဲဒီခါ လာလည်နော်။ ဒီမှာသိလား၊ အရမ်းစည်တယ်၊ လူတွေ အများကြီးလာကြတယ်။ ဒါကတော့ အဖွားတို့ ပဒေါင်လူမျိုးတခုလုံးနဲ့ ဆိုင်တာကိုး၊ ဒါမို့လို့ စည်တယ်။ ‘ပွိုင်’တတ်လား၊ ‘ပွိုင်’တော့လေ အရမ်းကြည့်ကောင်းတယ်။ တခါပြီးတခါ ‘ဟာ’ ‘ဟာ’နဲ့ အဲဒါအောင်ပွဲပဲပေါ့။ (ပွိုင်– ဂါရဝပြုအကဖြင့် ပူဇော်သည်ကို ဆိုလိုသည်၊ ဟာ–တပွဲပြီးပါက ဆုတောင်းမှု အထမြောက်ခြင်းအထိမ်းအမှတ်အဖြစ် အော်ရခြင်း) ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေရဖို့ပေါ့နော်၊ နေတဲ့နေရာမှာ အခက်အခဲမဖြစ်အောင် ပြဿနာမရှိအောင် အများနဲ့လဲ အဆင်ပြေအောင် နေရတာမျိုးပေါ့။ ကမ်ခွမ် (တံခွန်တိုင်ပွဲ)က လုပ်ပေးနိုင်တယ်လေ။ ကြည့်နော် ‘ဖူးကဘူးကသင်’ကလည်း အဖွားတို့ ပဒေါင်ကိုမှ မဟုတ်ပါဘူး၊ အားလုံးအားလုံး လူသားတွေ လူတွေအားလုံးကို သနားတယ်။ လူတွေအတွက် လိုအပ်တဲ့ ချစ်ခြင်းမေတ္တာပေါ့နော်၊ အဲဒါကို ပေးတယ်။ အင်း…. ဘဝငြိမ်းချမ်းအောင် လုပ်ပေးတယ်။ အဲဒီမှာ ‘ပွိုင်’ရင်းနဲ့ ဆုတောင်းကြတာပေါ့။ (ဖူးကဘူးကသင်– ထာဝရဘုရားသခင် ဖြစ်သည်။)

တနေ့နေ့မှာတော့ ‘ဖူးကဘူးကသင်’က အဖွားတို့ကို ကောင်းကောင်းကြီး ဘဝကောင်းတွေ ဖန်ဆင်းပေးမှာပါ။ အဖွားတို့က ဒီမှာပျော်လို့မဟုတ်ဘူး။ ကိုယ့်တိုင်းပြည်မှ မကောင်းတာကိုး။ ကောင်းရင်လား အဖွားမနေဘူး တကယ်ပြန်မယ်။

ခု….အောင်ဆန်းစုကြည်နော် သူ မင်း ဖြစ်ပြီလား။ သူတိုင်းပြည်ကောင်းအောင် လုပ်နိုင်လား။ တိုင်းပြည်ကောင်းလို့ သူခေါ်ရင် အဖွားပြန်မယ်၊ တကယ်ပဲ….။

(၂၀၀၃ ခု၊ မတ်လ ၁၉ ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာ ပဒေါင်ဒုက္ခသည်ရွာကလေးတွင် စိတ်ရှည်လက်ရှည် ပြောပြခဲ့သော အဖွား‘မူကြဲ’နှင့်တကွ ရွာသားများကို ကျေးဇူးတင်ပါသည်။)

# ကေအဲန်အယ်လ်အေစစ်ဦးစီးချုပ်၏ အနှစ်(၆၀)မြောက် မင်္ဂလာစိန်ရတုသဘင်ကျင်းပ



ဖူးနှင့်ဖီးတာမလာဖောတို့၏ အနှစ်(၆၀)မြောက် မင်္ဂလာစိန်ရတုအမှတ်တရ။

အသက်(၈၃)နှစ်အရွယ်ရှိ ကေအဲန်အယ်လ်အေ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖူးတာမလာဘောနှင့် ဖီးတာမလာဘောတို့၏ အနှစ်(၆၀)မြောက်အခမ်းအနားကို ဆွေမျိုးမိတ်သင်္ဂဟများနှင့် သားသမီးမြေးမြစ်များ စုံညီစွာဖြင့် လွတ်မြောက်နယ်မြေတနေရာ၌ (၁၅–၁၀–၂၀၀၃)ရက်နေ့က ကျင်းပခဲ့ကြောင်း သိရှိရသည်။

ဗိုလ်ချုပ်ကြီးတို့ဇနီးမောင်နှံတွင် သားသမီး(၈)ဦး၊ မြေး(၃၁)ဦးနှင့် မြစ်(၁၁)ဦး ထွန်းကားခဲ့သည်။ သားကြီး ဗိုလ်မှူးချုပ်အားဂီ (ကေအဲန်အယ်လ်အေတပ်မဟာ–၂ တပ်မဟာမှူး)၊ ဗိုလ်မှူးချုပ်ပိလ (ကေအဲန်အယ်လ်အေ စစ်ရေးချုပ်)၊ သမီးကြီး နော်အားမူ (မူကြိုဆရာအတတ်သင်ကျောင်း)၊ နော်လပီ (အမျိုးသမီးသာသနာပြုဆရာမ)၊ နော်ဂီဖိုးရာ (KWO အတွင်းရေးမှူး)နှင့် နော်ရ(KTWG– Karen Teacher Working Group)တို့သည် ကရင့်တော်လှန်ရေးတွင် ဗိုလ်ချုပ်ကြီးနှင့်အတူ အရေးပါသောအခန်းကဏ္ဍအသီးသီးမှ ပါဝင်ထမ်းဆောင်နေကြသူများဖြစ်သည်။

ခက်ထန်ကြမ်းတမ်းသော တော်လှန်ရေးခရီးကြမ်းတလျှောက်တွင် အများ လေးစားကြည်ညိုခံရသော ခေါင်းဆောင်တဦးအဖြစ် သာမက ကရင်သားကောင်းသမီးကောင်းများကို မွေးထုတ်ပြုပြင်နိုင်ခဲ့သည့် စံပြအိမ်ထောင်ရှင် ဗိုလ်ချုပ်ကြီးနှင့် ဇနီးအား စံနမူနာယူဖွယ် ကရင်ဇနီးမောင်နှံအဖြစ် အားလုံးက အားကျဂုဏ်ယူနေကြကြောင်း ကရင်အရာရှိတဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။

❖

# ဒီပဲယင်းတွင် သေဆုံးသူများအတွက် (၆)လပြည့် အမျှပေးဝေပွဲ မန္တလေးမှာကျင်းပ

**ဒီဇင်ဘာ၊(၁)ရက်။**

မေ ၃၀–ဒီပဲယင်း အရေးအခင်းအတွင်း သေဆုံးသွားသူများအတွက်(၆)လပြည့် ဆွမ်းကပ်အမျှပေးဝေပွဲများကို မန္တလေးတိုင်းအဖွဲ့ချုပ်ဝင်များက မန္တလေးမြို့တောင်သလင်းကျောင်းတိုက်နှင့် မြောင်မြို့ငှက်ပစ်တောင်ကျောင်းတိုက်တို့တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

တောင်သလင်းကျောင်းတိုက်တွင်ပြုလုပ်သည့် အမျှပေးဝေပွဲတွင် သံဃာတော်အပါး(၈၀)တို့အား ဆွမ်းကပ်လှူဒါန်းခဲ့ကြပြီး သေဆုံးသွားသူများအတွက် အမျှပေးဝေခဲ့ကြကြောင်း အဖွဲ့ချုပ်ဝင်တဦး အဆိုအရသိရသည်။

ထိုဆုတောင်းပွဲသို့ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်(၄)မြို့နယ်မှ အဖွဲ့ချုပ်ဝင်(၁၀၀)ကျော်နှင့် ဒီပဲယင်းအရေးအခင်းအတွင်း ဒေါ်အောင်ဆန်းစုကြည်၏ကားကို မောင်းနှင်ခဲ့သူ ကိုကျော်ဇော်လင်းတို့မိသားစုများ၊ အရေးအခင်းအတွင်း သေဆုံးသွားခဲ့သူ ခတ်ပုံဆရာဦးတင်မောင်ဦး၏မိသားစုများနှင့် အရေးအခင်းအတွင်း ဒဏ်ရာရခဲ့သူများပါ တက်ရောက်ခဲ့ကြောင်းသိရသည်။ ထိုအခမ်းအနားကျင်းပနေစဉ် စစ်ထောက်လှမ်းရေးများက အနှောင့်အယှက်မပြုခဲ့သော်လည်း ဓာတ်ပုံရိုက်ယူသွားခဲ့သည်ဟု အခမ်းအနားတက်ရောက်ခဲ့သူ မကွေးတိုင်းစည်း ဒေါ်စန္ဒာဝင်းက ပြောပြခဲ့သည်။

အလားတူ မန္တလေးတိုင်းအတွင်းရှိ မြောင်မြို့နယ်မှ အဖွဲ့ချုပ်ဝင်များကလည်း ငှက်ပစ်တောင်ကျောင်းတိုက် ရန်အောင်မြေဘုရားတွင် ဒီပဲယင်း(၆)လပြည့် ဆုတောင်းအမျှပေးဝေပွဲ ကျင်းပခဲ့ကြောင်းသိရသည်။❖

# နအဖညီလာခံကိုထောက်ခံသည့် FBC အဖွဲ့ကို ဖို့ဝိန်းညီလာခံကော်မတီမှထုတ်ပယ်

မြန်မာနိုင်ငံ လွတ်မြောက်ရေးအဖွဲ့ (Free Burma Coaliation)က နအဖ ၏ အမျိုးသားညီလာခံကို ထောက်ခံလိုက်ခြင်းအတွက် ဖို့ဝိန်းညီလာခံ လုပ်ငန်းကော်မတီမှ ထုတ်ပယ်ပစ်လိုက်ကြောင်း သိရသည်။

အမေရိကန်အခြေစိုက် Free Burma Coaliation ခေါ် မြန်မာနိုင်ငံ လွတ်မြောက်ရေးအဖွဲ့က နအဖ၏ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံလိုက်ပြီး ထိုညီလာခံ ချောမွေ့အောင်မြင်စွာဖြစ်မြောက်လာရေးအတွက် နိုင်ငံတကာရောက် အဖွဲ့အစည်းများအနေဖြင့်လည်း ဝိုင်းဝန်းကူညီကြစေလိုကြောင်း တိုက်တွန်းနိုးဆော်သည့် ကြေညာချက်တစောင်ကို ဒီဇင်ဘာ(၉)ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

FBC ကြေညာချက်သည် အောက်တိုဘာလက ဖို့ဝိန်းညီလာခံတွင် ချမှတ်ခဲ့သည့် မူဝါဒများအား ချိုးဖောက်ရာရောက်သည့်အတွက် FBC အဖွဲ့နှင့် လက်တွဲဆောင်မှုများအား ရပ်ဆိုင်းပစ်လိုက်ကြောင်း ဖို့ဝိန်းလုပ်ငန်းကော်မတီက ကြေညာခဲ့သည်။

ဖို့ဝိန်းလုပ်ငန်းကော်မတီအဖွဲ့သည် အောက်တိုဘာလက အမေရိကန်ပြည်ထောင်စုတွင် ကျင်းပခဲ့သည့် ညီလာခံမှ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုညီလာခံသို့ FBC အဖွဲ့အပါအဝင် နိုင်ငံတကာ ရောက် မြန်မာ့ဒီမိုကရေစီအင်အားစု (၃၃)ဖွဲ့ တက်ရောက်ခဲ့ကြပြီး အဓိကလုပ်ငန်းမူဝါဒများ ချမှတ်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီ၏ ခေါင်းဆောင်မှုကို ခံယူရန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို လုံးဝထောက်ခံသွားရန်နှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကို အခြေမခံသည့် မည်သည့်ပြောင်းလဲမှုမျိုးမှ လက်မခံရန်တို့ ပါဝင်ပြီး တက်ရောက်လာသည့် အဖွဲ့အစည်းအားလုံးက တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။

ထိုဆုံးဖြတ်ချက်များအရ နအဖက ကျင်းပမည့် အမျိုးသားညီလာခံကို လုံးဝငြင်းပယ်ပြီးဖြစ်သော်လည်း ယခုလို FBC အဖွဲ့က ကြိုဆိုထောက်ခံခဲ့သည့်အတွက် ဖို့ဝိန်းလုပ်ငန်းကော်မတီမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ❖

# တကိုယ်တော်ဆန္ဒပြခဲ့သည့် စစ်ပြန်ကြီးထောင်(၇)နှစ်

**ဒီဇင်ဘာ၊(၁၃)ရက်။**

စက်တင်ဘာလအတွင်းက ရန်ကုန်မြို့တော်ခန်းမရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့သူ စစ်ပြန်ကြီးဦးဖိုးအောင်ကို အာဏာပိုင်များက အင်းစိန်အထူးခုံတွင်စစ်ဆေးပြီးနောက် ထောင်(၇)နှစ်ချလိုက်ကြောင်းသိရသည်။

ယခုလို အပြစ်ဒဏ်ချမှတ်လိုက်ခြင်းသည် ပြည်သူလူထုရှေ့မှောက်တွင် ကန့်ကွက်ဆန္ဒပြခဲ့ခြင်းကြောင့် အရေးပေါ်စီမံချက်အက်ဥပဒေအရဟုဆိုကာ ခုံရုံးကထောင်ဒဏ်ပေးခဲ့ခြင်းဖြစ်ကြောင်း ခုံရုံးကို တက်ရောက်ခွင့်ရခဲ့သော ဦးဖိုးအောင်၏သမီးဖြစ်သူက ဆိုသည်။

ဦးဖိုးအောင်သည် ကိုယ်ပိုင်အသိစိတ်နှင့်ကန့်ကွက်ဆန္ဒပြခဲ့သူဖြစ်သည့်အတွက် ယခုလိုပြစ်ဒဏ်ပေးခံရခြင်းနှင့်ပတ်သက်ပြီး အယူခံဝင်ခြင်းမရှိကြောင်း ၎င်း၏သမီးဖြစ်သူက အေပီသို့ ပြောကြားသွားခဲ့သည်။ ❖

# ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးထားသူ အဖွဲ့ချုပ်အဖွဲ့ဝင် (၁၆)ဦး ပြန်လည်လွတ်မြောက်

**ဒီဇင်ဘာ၊(၅)၊ရက်။**

အန်အယ်လ်ဒီအဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသား(၁၆)ဦးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း နအဖစစ်ထောက်လှမ်းရေးမှ ဗိုလ်မှူးချုပ်သန်းထွန်းက တရားဝင်ပြောကြားလိုက်သည်။

ဒီပဲယင်းအကြမ်းဖက်မှုအတွင်း ဖမ်းဆီးထားသူ(၁၆)ဦးကို ခန္တီးအကျဉ်းထောင်မှ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ထိုနေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုသွားခြင်းဖြစ်သည်။ သို့သော် ၎င်းတို့၏ နာမည်များနှင့် အဖွဲ့အစည်းများကို အတိအကျ ပြောသွားခြင်း မရှိချေ။

ယခုပြန်လွတ်လာသူများမှာ မေ(၃၀) တိုက်ခိုက်မှုအတွင်း ဖမ်းဆီးခံခဲ့ရပြီး ခန္တီးထောင်တွင် ကျန်ရှိနေသည့် (၁၆)ဦးစလုံးဖြစ်နိုင်သည်ဟု အများက ယူဆနေကြသည်။ ၎င်းတို့အားလုံးကို ခန္တီးမှ မန္တလေးသို့ လေယာဉ်ဖြင့် ပို့ဆောင်မည်ဖြစ်ပြီး ထိုမှတဆင့် ထိုသူတို့၏ နေရပ်များသို့ ပြန်ပို့ပေးမည်ဟုလည်း ဗိုလ်မှူးချုပ်သန်းထွန်းက သတင်းထောက်များကို ပြောပြခဲ့သည်။ သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးတင်ဦးတို့အပါအဝင် ကျန်ရှိနေသေးသည့်အဖွဲ့ချုပ်ဝင်များအား မည်သည့်အချိန်တွင် ပြန်လွှတ်ပေးမည်ကို ပြောကြားသွားခြင်းမရှိကြောင်း ပြည်တွင်း အေဂျင်စီများအရ သိရသည်။

ခန္တီးထောင်တွင် ကျန်ရှိ နေသူ(၁၆)ဦးမှာ အဖွဲ့ချုပ်ဗဟိုတွဲဘက် လူငယ်တာဝန်ခံ ကိုမင်းလွင်၊ အလုံမြို့နယ်မှ ကိုမျိုးညွန့်၊ ကမာရွတ်မြို့နယ်မှ ကိုမျိုးသော် (ခေါ်) ကိုပေါက်၊ တာမွေမြို့နယ်မှ ကိုမြင့်ကျော်၊ တောင်ဥက္ကလာပမြို့နယ်မှ ကိုသက်ထွန်း၊ ဒေါပုံမြို့နယ်မှ ကိုကျော်ဇင်ဝင်း၊ ရောဝတီတိုင်း ငပုတောမြို့နယ်မှ ကိုတိုးလွင်၊ မကွေးတိုင်း ရေနံချောင်းအဖွဲ့ချုပ်လူငယ်မှ ကိုမြင့်ဝေနှင့် တက္ကသိုလ်ကျောင်းသားများဖြစ်သော ကိုကျော်စိုးလင်း၊ ကိုဇော်ဝင်းထွန်း၊ ကိုမျိုးဇော်နှင့် အခြား(၅)ဦးတို့ ဖြစ်ကြပြီး ၎င်းတို့အားလုံး ပြန်လွတ်လာပုံရကြောင်း ထင်မြင်ချက်များ ထွက်ပေါ်လျက်ရှိသည်။ ❖

# စစ်ရေးမဟာမိတ် ၅ ဖွဲ့ ပထမအကြိမ် ဗိုလ်သင်တန်းဆင်းပွဲကျင်းပ

**ဒီဇင်ဘာ၊ (၁)ရက်။**

KNU, RCSS, KNPP, ALP နှင့် CNF တို့ပူးပေါင်းဖွဲ့စည်းထားသော စစ်ရေးမဟာမိတ်(၅)ဖွဲ့၏ ပထမအကြိမ် ဗိုလ်သင်တန်းဆင်းပွဲကို လွတ်မြောက်နယ်မြေတနေရာ၌ ၂၀၀၃ ခုနှစ် နိုဝင်ဘာ (   )ရက်နေ့က ကျင်းပခဲ့သည်။

ယင်းဗိုလ်သင်တန်းမှာ ၂၀၀၃ ခုနှစ် ဇွန်လ(၉)ရက်နေ့မှ နိုဝင်ဘာ(၂၅)ရက်နေ့အထိ (၆)လနီးပါးကြာမြင့်ခဲ့ပြီး RCSS မှ ၁၃၅ ဦး၊ KNO မှ (၁၁)ဦး၊ ALP မှ (၁၀)ဦး၊ CNF မှ (၂)ဦးနှင့် KNPP မှ (၄၆)ဦး စုစုပေါင်း ၂၀၄ ဦးတက်ရောက်ခဲ့သည်။

KNO ကချင်အဖွဲ့မှ ယင်းဗိုလ်သင်တန်းအား လာရောက်တက်ရောက်ခြင်းသည် ထူးခြားမှုဖြစ်သည်ဟု ယနေ့ကာလ မြန်မာ့နိုင်ငံရေးအကဲခတ်တဦးက မိုးကြိုးသို့ပြောဆိုသည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ကမူ ခရီးသွားလာရေး အခက်အခဲကြောင့် ယင်းသင်တန်းသို့ တက်ရောက်နိုင်ခြင်းမရှိဟု သိရှိရသည်။ ❖



စစ်ရေးမဟာမိတ်ငါးဖွဲ့မှ ခေါင်းဆောင်များနှင့် သင်တန်းဆင်းရဲဘော်များ



# ခြေကျင်း

နီဂုံးပိုင်း ဝင်းတင့်ထွန်း

> ***ခြေကျင်းဟာ အင်မတန်ရိုင်းပျမှုရဲ့ အမှတ်အသားဖြစ်သလို၊ ဖိနှိပ်သူတွေရဲ့ လက်သုံးဖိနှိပ်ညှဉ်းပန်းရေး တန်ဆာပလာတခု၊ အင်မတန် မုန်းတီးစက်ဆုပ်စရာပစ္စည်းတခုပဲ။ ဒီခြေကျင်းနဲ့သံကြိုးကို အပြီးတိုင်ချိုးဖျက်ဖို့ဆိုတာ အုပ်စိုးသူလူယုတ်မာတွေကို ဖယ်ရှားပစ်နိုင်မှပဲ အောင်မြင်မယ့်ကိစ္စလေ။***

***ယခင်လမှအဆက်***

ခြေကျင်းခတ်ပေးနေကျ အကျဉ်းသားက ဝါဒါအလစ်မှာ "ခုတင်က ပြည်ထဲရေးဝန်ကြီးဆိုတဲ့ဟာကြီးကတော့ ခြေကျင်းစခတ်တော့ မျက်ရည်တွေ တွေတွေနဲ့ဗျ"တဲ့။

"ဟာ.... ဘယ်နှယ့်ကြောင့်" ကျနော်က ပြုံးပြီး မေးမိတယ်။

"သူလဲ နောက်မှုထွက်ရမှာလေ"

"နောက်မှုရှိရင် ခြေကျင်းခတ်ရမယ်ဆိုတာ အဲဒီကောင်ကြီး ထုတ်ခဲ့တဲ့အမိန့်ပဲလေ၊ ခုတော့ ကိုယ့်ဓားနဲ့ကိုယ် အထိုးခံလိုက်ရတာပေါ့နော်။ တော်တော် သနားစရာကောင်းတယ်နော်။ ကျွတ် ကျွတ်"

ကျနော်က စုတ်သပ်ပြီး ဟားမိပါတယ်။ "ကာလဝိပါတ် နောက်ပိုးတက်"ဆိုတဲ့စကားကိုလဲ အကြိမ်ကြိမ် ပြန်သတိရမိရင်း မျက်ရည်တွေ တွေတွေကျနေတဲ့ ပြည်ထဲရေးဝန်ကြီးဆိုတဲ့သတ္တဝါကြီးရဲ့ ပုအိုင့်အိုင့်မျက်နှာကြီးကို ပြေးပြေးမြင်နေမိပါတယ်။

"ဒီဘကြီးက မျက်ရည်သာကျတာပါ။ သူတပ်ပေးတဲ့ ခြေကျင်းဆိုတာက ခင်ဗျားတို့လို ဘယ်ဟုတ်မှာတုံး။ စပုတ်တံ ခြေကျင်းလုပ်ပေးတာမျိုးပါ။ ကလေးခြေကျင်းကမှ နည်းနည်းလေးအုံးမယ်"တဲ့။

(၃)

ခြေကျင်းနဲ့ ကြာကြာဖူးစာဆုံရတော့တာကတော့ သာယာဝတီထောင်မှာပါ။ ခြေကျင်း တပ်ဆင်ပေးလိုက်တာကတော့ အင်းစိန် ထောင်ကြီးကပါ။

တညနေစောင်းလောက်မှာ ဘာမပြောညာမပြော ကျနော်တို့နာမည်တွေ ခေါ်ထုတ်ပြီး ကျနော်တို့ကို ကိုယ်စီကိုယ်ငှ ခြေကျင်းတွေ တပ်ပေးလိုက်ပါတယ်။ အဲ့ဒီနေ့ညမှာ အိပ်နေကျအဆောင်တောင် ကျနော်တို့တွေကို မထားတော့ဘဲ (၅)ဆောင်ဆိုတာပေါ် ခဲ့ထားလိုက်ပါတယ်။ နောက်နေ့ ထောင်ပြောင်းမယ်တဲ့။ အဲဒီလိုနည်းမျိုးနဲ့ အင်းစိန်ထောင်က တပ်ပေးလိုက်တဲ့ ခြေကျင်းတွေနဲ့ သာယာဝတီထောင် တိုက်ခန်းထဲ ရောက်လာခဲ့ရပါတယ်။ တရက် ခြေကျင်းချွတ်ပေးနိုးနိုး၊ တပတ် ခြေကျင်းချွတ်ပေးနိုးနိုး၊ တလ ခြေကျင်းချွတ်ပေးနိုးနိုးနဲ့ လပေါင်းအချို့ ကြာ၊ ခြေကျင်းနဲ့ နှစ်ပါးသွားရတော့တဲ့ဘဝ ရောက်ရပါတော့တယ်။ အဲဒီကျတော့မှ ခြေကျင်းရဲ့အရသာကိုလဲ တိုးတိုးသိလာရပါတော့တယ်။ အင်္ဂလိပ်ခေတ်က နိုင်ငံရေးသမား သခင်ဟောင်းကြီးတစ်ဦးဟာ ထောင်အကြိမ်ကြိမ်ကျခဲ့ရဖူးပြီး ထောင်နဲ့ပတ်သက်ပြီး စာအုပ်တအုပ်တောင် ရေးခဲ့ဖူးသေးထင်ပါရဲ့။ ကောင်းကောင်း မမှတ်မိတော့။ ကောင်းကောင်းမှတ်မိနေတာက သူ့နာမည်နဲ့ သူ့ဘွဲ့ထူး၊ 'ထောင့်အရသာ သခင် အေးကြည်'တဲ့။ ထောင့်အရသာက ခါးသည်းနာကျင်ဖွယ် ကောင်းသလောက်၊ ခြေကျင်းအရသာကလဲ မုန်းတီးအော့နှလုံးနာဖွယ်ကောင်းပါတယ်။ ခြေကျင်းအရသာဟာ ထောင့်အရသာထဲက တခုလို့ဆိုရင်တောင် ထောင့်အရသာက ခါးခါးတူးတူး၊ စူးစူးချဉ်ချဉ်၊ ခြေကျင်းအရသာက စပ်ပူစပ်လောင် နံနံစော်စော်။

ခြေကျင်းက ဟိုတုန်းကလို ရိုးထွက်တရက်ဝတ်ခြေကျင်း မဟုတ်တော့တဲ့အတွက် ထိပ်ဆုံးက လက်ကိုင်ကွင်းနှစ်ခုကို ပူးကိုင်ပြီး သွားလာလှုပ်ရှားနေလို့ မဖြစ်တော့။ ကြွပ်ကြွပ်အိတ်ဟောင်းတွေကို စနစ်တကျဆုတ်ဖြဲပြီး ခြေမကြား ညှပ်ကာ ကြိုးရှည်ရှည်လေးတချောင်းဖြစ်အောင် ကျစ်ရတယ်။ အဲဒီ ကြွပ်ကြွပ်အိတ်ဖြစ်ကြိုးနဲ့ သံကွင်းကြား လျှိုပြီးချည်၊ နောက် ကြိုးစနှစ်ခုခါးမှာပတ်ပြီး အနေတော်အနေအထားအတိုင်း ခေါက်တွန့်အမြဲချည်ထားလိုက်ရတယ်။ လက်ကကိုင်ဖို့မလိုတော့ဘဲ ခြေကျင်းဆိုင်ရာ ဒွါဒရာတွေဟာ ကိုယ်နဲ့အတူ ပူးတွဲကပ်ပါ ယှဉ်မှီနေပြီးသား ဖြစ်သွားတယ်။ လက်နှစ်ဖက်လုံးဟာ လွတ်လွတ်ကျွတ်ကျွတ် လှုပ်ရှားနိုင်တဲ့အနေအထားမျိုး ဖြစ်လာခဲ့တယ်။ ထောင်ထဲကနေ ရဲဘက်ထုတ်ခံရတဲ့ အကျဉ်းသားမှန်သမျှ အဲဒီအနေအထားအတိုင်းတွေချည်းဖြစ်ပါတယ်။

ခြေကျင်းခတ်ထားခံရတဲ့အတွက် ခြေထောက်ကတော့ သွက်သွက်လက်လက် မသွားလာနိုင်။ ခြေကျင်းကြောင့် အသွားအလာနှေးကွေးရရုံမက၊ ခြေကျင်းတန်ဆာဒွါဒရာတွေရဲ့ နှစ်ပိသာခွဲ သုံးပိသာလောက်အလေးကြောင့်လဲ လူတကိုယ်လုံး၊ အထူးသဖြင့် အောက်ပိုင်းတပိုင်းလုံး ခဲဆွဲခံထားရသလိုဖြစ်ပြီး အမြဲတမ်း နှေးကွေးလေးလံနေရတော့တယ်။ ခြေကျင်းသံကတော့ ထုံးစံအတိုင်း တချွင်ချွင် တချွမ်တချွမ်ပေါ့။

ခြေကျင်းအကျဉ်းသား အုပ်စုတစုလောက် ဝင်ထွက်သွားလာနေပြီဆိုရင် ခလောက်တွေ၊ ချူတွေ အပြည့်ဆွဲပေးထားတဲ့ ကျွဲအုပ် နွားအုပ်ကြီးတအုပ်လောက် လှည့်လည်သွားလာနေသလိုမျိုးပါပဲ။ အသံဗလံတွေဟာ ဆူညံစင်ထွက်နေတော့တယ်။ ရောက်နေရတဲ့ ဘဝပုံသွင်ဟာ မညာတမ်းစကားလုံးမရွေးဘဲ ခိုင်းနှိုင်းပြောဆိုရမယ်ဆိုရင် တကယ့်ကို လူသားတိရိစ္ဆာန်အုပ်စုကြီးတစုလိုပါပဲ။ လူသားတွေကို တိရစ္ဆာန်ပမာ ပြုထားတာပါပဲ၊ နွားတွေကို နှာဖားကြိုးတပ်ပေးထားသလို၊ မြင်းတွေကို ပါးချပ်တပ်ပေးထားသလို၊ ဆင်တွေကို ထူးခတ်ပေးထားသလို၊ လူသားစင်စစ်တွေကို ခြေကျင်း တပ်ပေးထားတာပါပဲ။

ခြေကျင်းဟာ အင်မတန်ရိုင်းပျမှုရဲ့ အမှတ်အသားဖြစ်သလို၊ ဖိနှိပ်သူတွေရဲ့ လက်သုံးဖိနှိပ်ညှဉ်းပန်းရေး တန်ဆာပလာ တခု၊ အင်မတန် မုန်းတီးစက်ဆုပ်စရာ ပစ္စည်းတခုပဲ။ ဒီပစ္စည်းဟာ ကိုလိုနီခေတ်ကလဲရှိခဲ့သလို ပဒေသရာဇ်ခေတ်ကလဲ ရှိခဲ့တယ်။ ကျေးကျွန်ပိုင်ခေတ်ကလဲ ရှိခဲ့တာပဲ။ ကြည့်ပါလား စပါးတားကပ်တို့ခေတ်ကလဲ ခြေကျင်းနဲ့ သံကွင်းဆက်နှောင်ကြိုးကြိုးနဲ့ပဲ။ ဒီခြေကျင်းနဲ့ သံနှောင်ကြိုးကို အပြီးတိုင် ချိုးဖျက်ဖို့ဆိုတာ အုပ်စိုးသူလူယုတ်မာတွေကို ဖယ်ရှားပစ်နိုင်မှပဲ အောင်မြင်မယ့်ကိစ္စလေ။

"နှောင်ကြိုးကို ဒို့လက်ရုံးနဲ့ ချိုးဖျက်လေ"တဲ့။ အင်တာနေရှင်နယ် သီချင်းကြီးထဲက သီချင်းတေးသွားတပိုဒ်ဟာ ခြေကျင်းခတ် သံကြိုးတဲပေးထားခြင်းခံရသူရဲ့ ရင်ထဲ ပြေးပြေးဝင်လာပြန်တယ်။

ခြေကျင်းနဲ့ သံကြိုးကို မချိုးဖျက်ပစ်နိုင်သေးခင်မှာတော့ ကိုယ့်ခြေထောက်ကို ကိုယ်သဘောမတူပါပဲ လာခတ်ပေးထားတဲ့ ခြေကျင်းနဲ့ သံကွင်းတွေကို တခါတခါ ပြန်ပြန်ဂရုစိုက်နေရတဲ့ဘဝလောက် ကြေကွဲစရာကောင်းတာ ရှိပါသေးရဲ့လား။ ကိုယ်မုန်းတီးရွံရှာလှတဲ့သူကို ဂရုတစိုက်ယုယပြုစုနေရတဲ့အဖြစ်မျိုးလေ။ ကိုယ့်ကို နေ့စဉ်အခါမလပ် ဒုက္ခပေးနေတဲ့သူကို ဒုက္ခပေးမှု သက်သာအောင် ချော့မော့နေရသလိုမျိုးလေ။

ခြေကျင်းနဲ့ သံကွင်းတွေကို ကြွပ်ကြွပ်အိတ်စုတ်စတခုနဲ့ မကြာမကြာ တိုက်ချွတ်ပွတ်သပ်ပေးနေရပြန်တယ်။ တခါတရံ ရေချိုးချ ဂံဖလားချတွေမှာ အမှတ်မထင်ကောက်ယူရရှိလေ့ရှိတဲ့ အုတ်နီခဲပွဲသေးသေးလေး ဒါမှမဟုတ် ကျောက်စရစ်ခဲသေးသေးလေးနဲ့လဲ ခြေကျင်းအတွင်းအပြင်၊ အပေါ်သံကြိုးကွင်းဆက် အတွင်းအပြင်ပေါ်က အထပ်ထပ်တက်နေတဲ့ သံချေး၊ သံညှိ၊ သံမှုံ၊ သံစစွန်းလေးတွေကို တိုက်ချွတ်ပေးနေရတယ်။

ဒီလောက် တိုက်ချွတ်ပွတ်သပ်ပေးနေရတဲ့ကြားထဲကတောင် ခြေကျင်းဝတ်ပတ်ပတ်လည်တစ်ခုလုံးဟာ နှင်းခူ မဲမဲကြီးစွဲနေသလိုဖြစ်နေတယ်။ ကိုယ့်ခြေထောက် ကိုယ်ပြန်မြင်ရတာတောင် မသတီစရာ။ ခြေကျင်းဝတ်ရကာစဆိုရင် ခြေကျင်းစွန်း သံစောင်းရှထားတဲ့ဒဏ်ရာဒဏ်ချက်တွေ ဗရပွနဲ့ ခြေကျင်းဝတ်နှစ်ခုလုံးဟာ ဖူးရောင်ညိုကိုင်းပြီး သပြေသီးမှည့်ရောင်ထလို့။ နောက်တော့ သံဆိပ်သင့်နေတဲ့ဒဏ်ရာတွေဟာ ပြည်တွေတစိုစို၊ ယင်တွေတအုံအုံဖြစ်လာတယ်။ ခက်တာက လူမဆန်တဲ့ ခွေးတိရိစ္ဆာန်တို့ရဲ့ ထောင်တွင်းစည်းကမ်းဥပဒေဆိုတာတွေက ဒဏ်ရာသက်သာအောင် ခြေကျင်းဝတ်ကို အဝတ်လေး ကြွပ်ကြွပ်အိတ်စလေး ဘာလေး ပတ်ထားကာကွယ်စည်းနှောင်ထားလို့လဲ မရ။ ခြေကျင်းကွင်းကို အဝတ်ပတ်ထားခွင့်လဲ မရှိ။ ကြံဖန်အကြောင်းပြချက်ကတော့ ခြေကျင်းကွင်းလေးဗစ်ကို ပြုတ်အောင် လုပ်ထားပြီး အဝတ်နဲ့ပတ်ထား၊ စီးထား၊ ဘယ့်နှယ့်လုပ်မလဲတဲ့။ မတရားညစ်ပတ်စုတ်ပွဲ့တဲ့ အုပ်စိုးသူနဲ့ အုပ်စိုးသူရဲ့ အာဏာပါးကွက်သားတွေမှာ ကောက်ကောက်ကျစ်ကျစ် ဆင်ခြေဆင်လက်ပေးစရာလေးတွေက အမြဲတမ်းအပြည့်။ ငါးပိလေး နဲနဲပါးပါး ပိုယူသိမ်းထားရင်တောင် ပြဿနာလုပ်ချင်ရင် ဆင်ခြေပေးပြောတတ်တာက သံတိုင်ရင်း ငါးပိပုံထားပြီး သံတိုင်ပြုတ်အောင်လုပ်၊ ဘယ့်နှယ်လုပ်မလဲတဲ့။ တောင်တွင်းတိုက်တွင်းက အခိုင်အခန့်သံတိုင်ကို ငါးပိပုံဖြုတ်ပြီး ထောင်ကထွက်ပြေးခဲ့ဖူးတဲ့ လူဘယ်နှစ်ယောက်များရှိခဲ့ဖူးသလဲ။ ကြံကြံဖန်ဖန် ယုတ်ယုတ်မာမာဆင်ခြေပေးပြီး အမြဲတမ်းဖိနှိပ်ညှဉ်းပမ်းဖို့ အကွက်ချစဉ်းစားနေတတ်တဲ့ ကောင်မျိုးတွေ။ တခါတခါ ခြေကျင်းသံချောင်း အပေါ်ဆုံး လက်ကိုင်ကွင်းကြားလျှိုပြီး ခါးမှာပတ်ထားရတဲ့ ကြွပ်ကြွပ်အိတ်စလုပ်၊ ကြိုးသေးသေးလေးကိုတောင် သိမ်းချင် လာသိမ်းတတ်ပြန်သေးတယ်။ အကြောင်းပြချက်က ဒီကြိုးကို အသုံးပြုပြီး ကိုယ့်လည်ပင်းကိုယ်စွပ် သေကြောင်းကြံစည်ရင် ဘယ့်နှယ့်လုပ်မလဲတဲ့။ အေး....တို့က ကိုယ့်ကိုကိုယ်တော့ ဘယ်တော့မှ သတ်မသေဘူး။ မင်းတို့ကိုသာ သတ်ပစ်ချင်တာလို့ ဒင်းတို့မျက်နှာ စေ့စေ့ကြည့်ပြီး ပြောလိုက်ချင်တာမှ လျှာကို ယားလို့။

ခြေကျင်းရဲ့ဒုက္ခက အိပ်နေတဲ့အခါလဲ တော်တော် ကသိကအောက်ဖြစ်ရပြန်တယ်။ သွားလာနေမှ တချွင်ချွင်မြည်တတ်တာမဟုတ်။ ဒူးလေးအကွေးလိုက် ခြေထောက်လေးအလှည့်လိုက် ကိုယ်လေးအမှတ်တမဲ့ အစောင်းလိုက်မှာလဲ တချွင်ချွင်မြည်ပြန်တယ်။ ရံဖန်ရံခါ လန့်လန့်လို့တောင် နိုးမိတယ်၊ ဘာသံလဲပေါ့။ တကယ်က ကိုယ့်ခြေထောက်ပေါ်က ခြေကျင်းသံ။ တပေနီးပါး သံချောင်းလုံးကြီးနှစ်ခုက ပေါင်ကြားက ဖွားဘက်တော်ကို ကလန့်ပြီး ညှပ်သတ်ပစ်သလို မဖြစ်ရအောင် ဒါမှမဟုတ် တုံးမောင်းခေါက်လိုက်သလို မဖြစ်ရအောင်လဲ အိပ်ခါနီးအတော်သတိထားရတယ်။ ခြေကျင်းကြိုးစကိုလျှော့၊ သံချောင်းနှစ်ချောင်းကို ပုဆိုးစပေါ်မှာတင်၊ ဒူးလောက်ရောက်အောင် တွန်းပြီးမှ အိပ်ရတယ်။

ဆောင်းညတွေကတော့ အဆိုးဆုံးပေါ့။ ကလေးထုပ်တဲ့အနှီးစကမှ ပိုထူကောင်း ထူနိုင်သေးတဲ့ စောင်ပါးပါးလေးမျိုးနဲ့ အိပ်ရတဲ့အထဲ ခြေကျင်းကွင်းက သံ၊ သံချောင်းက သံတွေနဲ့ ရံဖန်ရံခါထိတွေ့လိုက်ရတဲ့ အသားအရေဟာ စိမ့်ကနဲ စိမ့်ကနဲ အေးစက် ကျင်တက်သွားရပါတယ်။ ရေခဲချောင်းနဲ့ လာထိလိုက်ရသလိုပါပဲ။ မောလျပင်ပန်းလွန်းလှပေမယ့် အိပ်မရတဲ့ညပေါင်းများစွာကြား မလှမပ အိပ်မက်ဆိုးတွေနဲ့ချည်း ရင်ဆိုင်နေရပါတယ်။

သံခြေကျင်းနဲ့ သံကွင်းကို ကြည့်ရင်းကြည့်ရင်းက စူးစူးရှရှမုန်းတီးလာတယ်။

ကျနော့်မျက်စေ့ထဲမှာ သံခြေကျင်းဟာ ငရဲခွေးကြီးတကောင်ရဲ့ အကျည်းတန် ပါးစပ်ပြဲပြဲကြီးတပေါက်ဖြစ်နေတယ်။ ဒီငတ်ကြီးကျငရဲခွေးကြီးရဲ့ ပါးစပ်ပေါက်က ကျနော့် ခြေထောက်ကို အငမ်းမရ ကိုက်ငုံထားတယ်။ သူ့ရဲ့အစွယ်နှစ်ခုနဲ့ ခြေထောက်ကို မကြာမကြာ ကုတ်ခြစ်ကိုက်ဖွဲ့တတ်သေးတယ်။ အဲဒီငရဲခွေးကြီးကို ကျနော့်ဆီလွှတ်လိုက်တဲ့ လက်ရှိ ခွေးပိုင်ရှင်ကတော့ သူ့ကိုယ်သူ 'အစိုးရ'လို့ ကြွေးကြော်နေတဲ့ အကောင်ကြီးပါပဲ။

သံကွင်းဆက်တွေကတော့ မြွေပွေးတကောင်ရဲ့ကျောပေါ်က အကွက်တွေပါပဲ။ ဒီမြွေပွေးကလဲ ကျနော့်ကိုယ်ပေါ် အဆိပ်ခိုးတွေ အဆက်မပြတ် မှုတ်ထုတ်နေတယ်။

ဒီငရဲခွေးနှစ်ကောင်ရဲ့ ပါးစပ်ကိုရိုက်ဖြဲပစ်ပြီး မြွေပွေးကျောပြင်ကို နုတ်နုတ်စင်းပစ်လိုက်ချင်သလို ဒီခွေးနဲ့ မြွေပွေးပိုင်ရှင်ကိုလဲ အဝိစိ တသက်လုံးပို့ထားလိုက်ချင်စိတ်တွေ တဖွားဖွားပေါ်လာတယ်။

သူတို့ရဲ့ စုတ်ပွဲ့ညစ်ပတ်မှုနဲ့တန်အောင် ကိုယ်လဲ ပြန်မိုက်ရိုင်းတုန့်ပြန်ရမယ်ဆိုရင် ကိုယ်တောင်လူယုတ်မာ ဖြစ်သွားနိုင်တယ်။ သတိထား၊ သတိထားလို့ ကိုယ့်ကိုကိုယ် ပြန်ဆုံးမနေရတယ်။

ခွေးနှစ်ကောင်ပါးစပ်ကို ရိုက်ဖြဲပစ်ချင်နေတဲ့ကြားက သူ့ပါးစပ်ကို သွားတိုက်ပေးနေရပြန်တယ်။ မြွေပွေးကွက်ကျောကို ထုနှက်ပစ်ချင်ရက်သားက ပွတ်တိုက်ကျောသပ်ပေးနေရပြန်တယ်။ တော်တော်ကို ကြေကွဲစရာကောင်းလှပါလား။

"ကောင်းကောင်းတိုက်၊ ကောင်းကောင်းတိုက်၊ ခြေကျင်းက အနေကြာရင် သံဆိပ်သင့်ပြီး နေဝင်ရီတရောမှာ ဘာမှကြည့်လို့မမြင်ရတဲ့အခြေအနေ ရောက်တတ်တယ်။ ကြက်မျက်သင့်တဲ့ မျက်စေ့လို ဖြစ်သွားတတ်တယ်တဲ့" ဘဝတူ ခြေကျင်း ရဲဘော်ကြီးက ပြုံးစစနဲ့ပြောရင်း သူလဲ သူ့ခြေကျင်းကို တိုက်နေရရှာတယ်။

"ကိုယ့်သမီးပါးလေးတောင် ဒီလောက် ယုယုယယ ပွတ်သပ်မပေးဖူးပါဘူး။ ခုမှ ကိုယ်ခတ်ထားတဲ့ ခြေကျင်း ကိုယ် ပြန်ယုယနေလိုက်ပုံများ"ရဲဘော်ကြီးရဲ့ နာနာကျင်ကျင် ဆက်လက်ပြောနေသံကို နားထောင်ရင်း တံတွေးကို ကြိတ်မြိုချနေမိပြန်တယ်။ လုပ်ထားကြဦးပေါ့လေ။ ❖

# နိုင်ငံတကာ

## တရုတ်ပြည်ဖွဲ့စည်းပုံပြင်ဆင်ရေးဆွေးနွေးရန် ဥပဒေပြုလွှတ်တော်ကျင်းပမည်

ဒီဇင်ဘာ၊(၁၇)ရက်။[ဆင်ဟွာနက်]

တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီကအဆိုပြုထားသည့် ဖွဲ့စည်းပုံပြင်ဆင်ရေးအား ဒီဇင်ဘာ (၂၂)ရက်နေ့တွင် တရုတ်ဥပဒေပညာရှင်များက စတင်ဆွေးနွေးမည်ဖြစ်သည်။ ဤဖွဲ့စည်းပုံပြင်ဆင်ချက်နှင့်ပတ်သက်၍ တရုတ်ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အဆိုပြုချက်အား နိုင်ငံလုံးဆိုင်ရာပြည်သူ့ကွန်ဂရက်အမြဲတန်းကော်မတီက ပြန်လည်သုံးသပ်မည်ဖြစ်ပြီး အဆိုပြုချက်များအပေါ်တွင် အခြေပြု၍ ပြင်ဆင်ချက်မူကြမ်းများကို စဉ်းစားမည်ဖြစ်သည်။ အစီအစဉ်အရ နိုင်ငံလုံးဆိုင်ရာကွန်ဂရက်အမြဲတန်းကော်မတီက လွန်ခဲ့သည့် (၂)နှစ်က ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းသို့ဝင်ရောက်ပြီးနောက် တရုတ်ပြည်နှင့်ပတ်သက်သည့် တောင်းဆိုချက်များနှင့် အခြေအနေသစ်များအရ (၁၀)နှစ်ကြာပြီဖြစ်သော နိုင်ငံခြားကုန်သွယ်ရေးဥပဒေနှင့်ပတ်သက်သည့် ပြင်ဆင်ချက်အား ဆွေးနွေးမည်ဖြစ်သည်။ နိုင်ငံတော်ကောင်စီမှအဆိုပြုထားသည့် ပြင်ဆင်ချက်များတွင်တည်ရှိနေသည့် နိုင်ငံခြားကုန်သွယ်ရေးကျင့်ထုံးများနှင့်ပတ်သက်သည့် အဓိကအပြောင်းအလဲများပါဝင်မည်။ အခြားပါဝင်မည့် အစီအစဉ်များမှာ တရုတ်ပြည်တောင်ပိုင်းမှမြောက်ပိုင်းသို့ ရေအရင်းအမြစ်လွှဲပြောင်းရေးစီမံကိန်းတိုးတက်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာများနှင့်အနာဂတ်စီမံကိန်းများ၊ နောက်နှစ်မတ်လတွင် (၁၀)ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာပြည်သူ့ကွန်ဂရက် ဒုတိယအကြိမ်မြောက်စုံညီအစည်းအဝေးကျင်းပရေးနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်မူကြမ်း။ နိုင်ငံတွင်း ကျေးလက်မြေယာကန်ထရိုက်ဥပဒေအကောင်အထည်ဖော်ရေးနှင့်ပတ်သက်သည့် နိုင်ငံလုံးဆိုင်ရာပြည်သူ့ကွန်ဂရက် အမြဲတန်းကော်မတီဥပဒေစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာများနှင့် အရာရှိရာထူးများခန့်အပ်ခြင်းနှင့်ထုတ်ပယ်ခြင်းများ စသည်တို့ဖြစ်သည်။ တည်ဆဲ တရုတ်ပြည်ဖွဲ့စည်းပုံဥပဒေတွင် ပုဒ်မ(၁၃၈)ခုပါဝင်ပြီး ၁၉၈၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ၁၉၈၈၊ ၁၉၉၃ နှင့် ၁၉၉၉ တို့တွင် (၃)ကြိမ်ပြင်ဆင်ပြီးဖြစ်သည်။ ❖

## သတင်းတိုထွာ

### တရုတ်ဝန်ကြီးချုပ်၏ လေးနိုင်ငံခရီးစဉ်

ဒီဇင်ဘာ၊(၉)ရက်။[ဆင်ဟွာနက်]

တရုတ်ဝန်ကြီးချုပ် ဝမ်ကျင်ပေါင်းသည် ဒီဇင်ဘာ(၇)ရက်မှ(၁၆)ရက်နေ့ထိ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ မက်က္ကဆီကိုနှင့်အီသီအိုးပီယားနိုင်ငံများသို့ အလည်အပတ်ခရီးထွက်ခဲ့ပြီး အပြုသဘောဆက်ဆံမှုနှင့်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ဖွံ့ဖြိုးရေးအား တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ သမတဘုရှ်က ၎င်း၏အစိုးရသည် တရုတ်ပြည်တပြည်ထဲရှိရေးပေါ်လစီကို စွဲကိုင်မှာဖြစ်ကြောင်းပြောကြားခဲ့သည်။ လေးနိုင်ငံခေါင်းဆောင်များမှလည်း ထိုင်ဝမ်ကိစ္စနှင့်ပတ်သက်၍ တရုတ်အစိုးရ၏ရပ်တည်ချက်ကို ထောက်ခံကြောင်း ဖေါ်ပြခဲ့ကြသည်။ ❖

### အီရတ်သို့တောင်ကိုရီးစစ်သား (၃၀၀၀)ထပ်မံစေလွှတ်မည်

ဒီဇင်ဘာ၊(၁၇)ရက်။[ဆင်ဟွာနက်]

အီရတ်သို့ စစ်သား(၃၀၀၀)ထပ်မံစေလွှတ်ရန် တောင်ကိုရီးယားအစိုးရက ဒီဇင်ဘာ(၁၀)ရက်နေ့က ကြေညာခဲ့သည်။ အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသော အင်ဂျင်နီယာနှင့်ဆေးမှူး (၄၆၆)ဦးအပါအဝင် စစ်သည်(၃၇၀၀)ထက်မပိုကြောင်း တောင်ကိုရီးယား အမျိုးသားလုံခြုံရေးအကြံပေး၊ ရာယုံယီက ပြောကြားခဲ့သည်။ သို့သော် စေလွှတ်မည့်နေ့ရက်ကိုမူ အတိအကျ ထုတ်ဖော်မပြောကြားခဲ့ချေ။ (၄)လခန့်လိုဦးမည်ဖြစ်ကြောင်းနှင့် ပါလီမန်မှ စစ်သားစေလွှတ်ရေးဥပဒေကြမ်း ခွင့်ပြုပြီးနောက်မှသာ အတည်ဖြစ်မှာဖြစ်ကြောင်း ၎င်းကထပ်လောင်း ပြောကြားခဲ့သည်။ ❖

### တောင်ကိုရီးယားသမတ နှုတ်ထွက်တော့မည်

ရွေးကောက်ပွဲရန်ပုံငွေ အရှုပ်တော်ပုံအား လွတ်လပ်စွာစုံစမ်းစစ်ဆေးရေးကိုကန့်ကွက်သည့် သမတနိုမြွန်ဟွန်း၏ ဗီတိုအာဏာသုံးမှုကို တောင်ကိုရီးယားပါလီမန်က (၂၀၉)မဲ (၅၄)ဖြင့် ပယ်ချလိုက်ပြီးနောက်ပိုင်း၌ သမတက ၎င်း၏ပါတီသည် ရန်ပုံငွေအနည်းငယ်ကို တရားမဝင် ယူငင်သုံးစွဲကြောင်း တွေ့ခဲ့လျှင် ၎င်းအနေဖြင့် နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ထပ်လောင်းကတိပေးလိုက်သည်။ ဖေဖော်ဝါရီလ အာဏာရလာချိန်မှစ၍ ၎င်းအပေါ် လူကြိုက်များမှုသည် ထိုးကျသွားခဲ့သည်။ နို၏ ပြိုင်ဘက်ဖြစ်သူ လီဟွိုင်ချန်းက ၎င်း၏ မဟာအမျိုးသားပါတီ(Grand National Party)သည် တရားမဝင် ရန်ပုံငွေဒေါ်လာ(၄၂)သန်း သုံးစွဲခဲ့ကြောင်း ပြောဆိုခဲ့သည်။ သမတလက်ထောက်နှစ်ယောက်ကို အရှုပ်တော်ပုံနှင့်ပတ်သက်၍ ဖမ်းဆီးထားသည်။ ❖

## ငြိမ်းခြောက်မှုရပ်ဆိုင်းရန် အမေရိကန်အား မြောက်ကိုရီးယားက တောင်းဆို

**ဒီဇင်ဘာ၊(၂၀)ရက်။[အေပီ]**

"မြောက်ကိုရီးယားအပေါ်ထားရှိသော အမေရိကန်၏ရန်လိုသောပေါ်လစီနှင့် ခြိမ်းခြောက်နေမှုကိုဖယ်ရှားပြီးပါက မြောက်ကိုရီးယားသည် ၎င်း၏နျူကလီးယားကိစ္စ ဆက်လက်အကောင်အထည်ဖော်နေမှုကို အမှန်တကယ် စွန့်လွှတ်မည်" ဖြစ်ကြောင်း မြောက်ကိုရီးယားပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်အစီအစဉ်နှင့်ပတ်သက်သည့် ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေသည့် ဆုံးဖြတ်ချက်သည် အမေရိကန်ပြည်ထောင်စုက ၎င်း၏တောင်းဆိုချက်ကို လက်ခံလိုစိတ် ရှိမရှိဆိုသည့်အပေါ်တွင် မူတည်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားခဲ့သည်။ ဝါရှင်တန်က မြောက်ကိုရီးယားအား မတိုက်ခိုက်ရေး၊ စီးပွားရေး၊ လူမှုရေးအကူအညီများ ပေးရန်နှင့် သံတမန် ဆက်ဆံရေးများ ဖြောင့်ဖြောင့်ပေးရန် မြောက်ကိုရီးယားက တောင်းဆိုလိုက်သည်။ အပြန်အလှန်အားဖြင့် မြောက်ကိုရီးယားက နျူကလီးယားစစ်ဆေးမှုများ၊ ဒုံးပျံတင်ပို့မှုများ စွန့်လွှတ်ခြင်းနှင့် ၎င်း၏ နျူကလီးယားပစ္စည်းများအား ဖျက်သိမ်းခြင်းတို့ကို ခွင့်ပြုမည်ဖြစ်သည်။ မြောက်ကိုရီးယားက အမေရိကန်အား မကျူးကျော်ရေးစာချုပ်ကို လက်မှတ်ရေးထိုးရန် ထပ်ခါတလဲလဲ တောင်းဆိုနေသည်မှာ လပေါင်းများစွာ ကြာပြီဖြစ်သည်။ သို့သော် ဝါရှင်တန်က ငြင်းပယ်နေဆဲဖြစ်သည်။ လွန်ခဲ့သည့်လက နျူကလီးယားအကြပ်အတည်းအဆုံးသတ်ရေးနှင့် သံတမန်ဆက်ဆံမှု တိုးမြှင့်ရေးကို ရည်ရွယ်သည့် (၆)နိုင်ငံ ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် မူအရ သဘောတူကြောင်းကို မြောက်ကိုရီးယားက သဘောတူခဲ့သည်။ "မြောက်ကိုရီးယားနဲ့ အမေရိကန် ပြည်ထောင်စုအကြားမှာ ရှိနေတဲ့ နျူကလီးယားကိစ္စရပ်ကို အဖြေရှာရာမှာ ငြိမ်းချမ်းစွာဆွေးနွေးအဖြေရှာတဲ့ အနေအထားကိုသာ ကျနော်တို့ ဆုပ်ကိုင်ထားပါတယ်"ဟု မြောက်ကိုရီးယား ပြောရေးဆိုခွင့်ရှိသူက ပြောဆိုခဲ့သည်။ ❖

## အီရတ်တွင် စစ်ရာဇဝတ်မှု ခုံရုံး ထူထောင်လိုက်ပြီ

ဘဂ္ဂဒက်(အေပီ)

ဆက်ဒမ်ဟူစိန်အစိုးရ၏ ထိပ်တန်းအဖွဲ့ဝင်များအား တရားစွဲဆိုနိုင်ရန်အတွက် စစ်ရာဇဝတ်မှုဆိုင်ရာတရားရုံးတခုကို အီရတ်အုပ်ချုပ်ရေးကောင်စီက တရားဝင်ထူထောင်လိုက်သည်၊ ဤခုံရုံးတွင် အီရတ်တရားသူကြီးများနှင့် ရှေ့နေများက အဓိကဦးစီးဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတကာကျွမ်းကျင်သူများက အကြံပေးအဖြစ် ပါဝင်ကြမည်ဖြစ်သည်။ ဆက်ဒမ်၏ ဘတ်သ်ပါတီ အာဏာရလာသည့် ၁၉၆၈ ခုနှစ် ဇူလိုင်လ (၁၄)ရက်နေ့မှ အဓိကတိုက်ပွဲများ ပြီးဆုံးသွားပြီဖြစ်ကြောင်း သမတဘုရှ်က ကြေညာလိုက်သည့် ၂၀၀၃ ခုနှစ် မေလ(၁)ရက်နေ့ထိ ကျူးလွန်ခဲ့သော လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ စစ်ရာဇဝတ်မှုများနှင့် လူသားများအား ဆန့်ကျင်သည့် ရာဇဝတ်မှုများအားလုံး အကျုံးဝင်မည်ဖြစ်ကြောင်း လောလောဆည်ဆည် ကြားဖြတ်အစိုးရ သမတဖြစ်သူ အက်ဘ်ဒဲလ်အဇစ်အယ်လ်ဟာ့ကင် (Abdel-Aziz al-Hakim)က ဒီဇင်ဘာ(၁၀)ရက်နေ့၌ ပြောကြားခဲ့သည်။

"သေဒဏ်နှင့်ပတ်သက်၍ ကောင်စီက ဆုံးဖြတ်ချက်မချရသေးကြောင်း၊အမေရိကန်အာဏာပိုင်များက ဆိုင်းငံ့ထားကြောင်း" အယ်လ်ဟာ့ကင်က ပြောကြားခဲ့သည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လ(၁)ရက်ထက် နောက်မကျဘဲ အာဏာရယူရန် စီစဉ်ထားသည့် ယာယီအစိုးရသစ်က သေဒဏ်နှင့် ပတ်သက်၍ ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တရားစွဲဆိုခြင်းခံရမည့် ပထမဆုံးသူများထဲတွင် ဆက်ဒမ်အစိုးရအဖွဲ့မှ ထိပ်တန်းအရာရှိများ ပါဝင်မည်ဖြစ်ပြီး ထိပ်တန်းအရာရှိ(၅၅)ဦးမှာ ပထမဦးစားပေးဖြစ်ကြောင်း ကာနာကပြောကြားခဲ့သည်။ ၎င်းတို့မှာ ယခင်နိုင်ငံခြားရေးဝန်ကြီးတာရစ်အဇစ်၊ ယခင်ဒုသမတ တာဟာယက်စင်ရာမာဒမ်နှင့် အလီဟာဆန်အယ်လ်မာဂျစ်တို့ကဲ့သို့သူများဖြစ်သည်။ အလီဟာဆန်အယ်လ်မာဂျစ်သည် ၁၉၈၀ စုနှစ်များက ကာ့ဒ်များအား ဓာတုလက်နက်များဖြင့် တိုက်ခိုက်ရာတွင် အဓိကတာဝန်ရှိသူဖြစ်ပြီး၊ ၎င်းအား ဓာတုအလီဟု လူသိများသည်။ ယခုအခါ ညွန့်ပေါင်းတပ်ဖွဲ့များက ထိန်းသိမ်းထားသည့် အကျဉ်းသားပေါင်းမှာ အနည်းဆုံး(၅၅၀၀)ရှိပြီး ရာဇတ်မှုကျူးလွန်သူမည်မျှရှိကြောင်းကိုမူ မသိရှိရသေးချေ။ ❖

### အီရတ်ကြွေးမြီများလျှော့ပေါ့

ဒီဇင်ဘာ၊(၁၆)ရက်။[ဆင်ဟွာနက်]

ပြင်သစ်နှင့်ဂျာမဏီတို့မှ အီရတ်ကြွေးမြီများကိုလျှော့ပေါ့မည့် ကတိကဝတ်အား အမေရိကန်မှကြိုဆိုလိုက်သည်။ အီရတ်က ပေးဆပ်ရန်ရှိသည့်ကြွေးများမှ ဒေါ်လာသန်းပေါင်း(၁၂၀)ဘီလျံအား လျှော့ပေါ့ပေးမည်ဖြစ်သည်။ "အီရတ်ပြည်သူတွေအနေနဲ့ ယခင်အာဏာရှင်အစိုးရဟောင်းရဲ့ အကြွေးတွေနဲ့ တာဝန်ပိမနေသင့်ပါဘူး"ဟု အိမ်ဖြူတော်ပြောခွင့်ရှိသူ စကော့မက်ကလီလန်က ပြောကြားခဲ့သည်။ ❖

## လစ်ဗျား၏ ပြောင်းလဲလာသော ခြေလှမ်းသစ်



လစ်ဗျားခေါင်းဆောင် ကဒါဖီ

**ဒီဇင်ဘာ၊ (၂၀)ရက်။ [စီအင်န်အင်န်]**

အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်စီမံကိန်းအားစွန့်လွှတ်ရန် လစ်ဗျား၏ဆုံးဖြတ်ချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းအတွင်းသို့ ဝင်ရောက်လာသော အရေးကြီးခြေလှမ်းတလှမ်းအဖြစ် ကမ္ဘာ့နိုင်ငံ အများအပြားမှ တုန့်ပြန်သကဲ့သို့ ပြင်သစ်နှင့် ဗြိတိန်ကလည်း ကြိုဆိုလိုက်ကြသည်။ သို့သော် ၁၉၈၉ ခုနှစ်က ပြင်သစ်လေကြောင်းအား ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသော မိသားစုများအား လျော်ကြေးပေးရေးကတိကဝတ်ကို အချိန်မဆွဲဘဲ အကောင်အထည်ဖော်ရန် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒိုမင်းနစ် ဒီဗီလက်ပင် (Dominique de Villepin)က လစ်ဗျားအား တောင်းဆိုခဲ့သည်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက လစ်ဗျားခေါင်းဆောင် ကဒါဖီအား သူ၏ လက်နက်စီမံကိန်းအား စွန့်လွှတ်ရန် ဆုံးဖြတ်ချက်အတွက် သတ္တိရှိသူအဖြစ် ကြိုဆို ဂုဏ်ပြုလိုက်သည်။ တပြိုင်နက်ထဲမှာပင် အမေရိကန် သမတဂျော့ဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲကလည်း ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်ဖော်ချီးကျူးလိုက်ကြသည်။ "လစ်ဗျားဟာ လက်နက် ဖျက်သိမ်းရေးလမ်းကြောင်းပေါ်ကို ဦးတည်နေတယ်၊ ဒါဟာ နိုင်ငံတကာအကာအသိုင်းအဝိုင်း တခုလုံးအတွက် အောင်မြင်မှုဖြစ်တယ်"ဟု ဒိဗီလက်ပင် (de Villepin )က သတင်းထောက်များအား ပြောကြားခဲ့သည်။ ဒီလုပ်ရပ်ကို ကြိုဆိုကြောင်း ဒါပေမယ့် အများကြီး လုပ်ဖို့လိုသေးကြောင်း ယခင် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူး ဟန်းဘလစ်က စီအင်န်အင်န်သို့ ပြောကြားခဲ့သည်။

"ဒါဟာ အမေရိကန်ပြည်ထောင်စုနဲ့ နောက်ပြီး အနောက်တိုင်းနိုင်ငံတွေနဲ့ပါ နိုင်ငံရေးအရဆက်ဆံမှု ပုံမှန်ပြန်လည်ဖြစ်ရေးအတွက် လမ်းပြဖြစ်ပါလိမ့်မယ်၊ အနောက်တိုင်းနိုင်ငံတွေ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုက လစ်ဗျားအပေါ် ခြိမ်းခြောက်နေမှုတွေကို ဖယ်ရှားဖို့ ဦးတည်တာဖြစ်တယ်"ဟု ကဒါဖီ၏သားဖြစ်သူ ဆာအိဖ်အယ်လ်အစ္စလမ်ကဒါဖီက စီအင်န်အင်န်ရုပ်သံသို့ ပြောကြားခဲ့သည်။ စီအိုင်အေနှင့် ဗြိတိသျှထောက်လှမ်းရေးအရာရှိများသည် ကဒါဖီနှင့် အခြားလစ်ဗျားအထက်တန်းအရာရှိများနှင့် တွေ့ဆုံဆွေးနွေးအပြီး လစ်ဗျားအစိုးရက အစုလိုက်အပြုံလိုက်ဖျက်ဆီးနိုင်သည့် လက်နက်စီမံကိန်းအား စွန့်လွှတ်တော့မည်ဆိုခြင်းကို ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။ ❖

# နိုင်ငံတကာ

### အီရတ်အာဏာရှင်ဟောင်း

# ဆက်ဒမ်ဟူစိန်အား

## အရှင်ဖမ်းဆီးမိလိုက်ခြင်း



**အီရတ်အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်**

ဒီဇင်ဘာ၊ (၁၅)ရက်။ [စီအင်န်အင်န်]

ဒီဇင်ဘာ(၁၃)ရက်နေ့ညက ယခင် အီရတ်အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်အား ၎င်းပုန်းအောင်းနေသည့် တိကရစ်မြို့ အနီးတောင်ယာတဲတခုရှိ မြေကျင်းထဲတွင် အမေရိကန်စစ်သားများက အရှင်ဖမ်းဆီးမိလိုက်သည်။

ဆက်ဒမ်အား တိုက်ရိုက်သတင်းပေးမှုမှဖမ်းမိခြင်းမဟုတ်ဘဲ၊ ဆက်ဒမ်၏ယခင် ကိုယ်ရံတော်များနှင့်မိသားစုဝင်များအား မေးမြန်းခြင်းမှစုဆောင်းရရှိသော ထောက်လှမ်းရေးသတင်းအချက်အလက်များမှ ခြေရာခံကာ ဖမ်းဆီးမိခြင်းဖြစ်သည်ဟု အမေရိကန်အရာရှိများက ပြောကြားခဲ့သည်။ ဆက်ဒမ်၏သတင်းအား အနံ့ခံရန်အတွက် ထောက်လှမ်းရေးတပ်ဖွဲ့သည် ၎င်း၏ မိသားစုများနှင့် မျိုးနွယ်စုများ အဆက်အသွယ်များမှတဆင့် ကြိုးစားခဲ့ရာ လွန်ခဲ့သည့်(၁၀)ရက်ကျော်က ထိုအုပ်စုထဲမှ တယောက်၏ ထုတ်ဖော်ပြောဆိုချက်အရ နောက်ဆုံးသတင်းရရှိခဲ့ခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်အိုဒီယာနိုက ပြောပြခဲ့သည်။ (၁၃) ရက်နေ့စောစောပိုင်းက ၎င်းတို့သည် စစ်ရေးအရ အဖိုးတန်သည့်သတင်းတရပ် ရရှိပြီးနောက်တွင် အာရက်ဂ်နီစစ်ဆင်ရေး ဟုအမည်ပေးထားသည့် အထူးအဖွဲ့တဖွဲ့ဖြင့် ဆက်ဒမ်အားအသေ (သို့) အရှင်ဖမ်းရန် အမှတ်(၄)ခြေလျင်တပ်မ၏ တိုက်ခိုက်ရေး တပ်မဟာ(၁)ဖြစ်သည့် လျှပ်တပြက်တိုက်ခိုက်ရေးတပ်မဟာအား တာဝန်ပေးလိုက်သည်။ ထိုတပ်မဟာမှ စစ်သား (၆၀၀)သည် နေရာနှစ်နေရာသို့ ဖြန့်ခွဲလှုပ်ရှားခဲ့ရာ တိကရစ်မြို့အနီး တောင်ယာတဲတလုံးအတွင်းရှိ မြေအောက်အခန်းကျဉ်းလေးထဲတွင် ဆက်ဒမ်အား ၎င်းတဦးတည်း ခုခံမှု မရှိဘဲ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

“သူ့ကိုမောပမ်းနွမ်းနယ်ပြီး အရာရာကိုစိတ်လျှော့ထားတဲ့လူတယောက်အဖြစ် တွေ့ခဲ့ရတယ်”ဟု အမေရိကန်တပ်မှူး ဒုဗိုလ်ချုပ်ကြီးရီကာဒိုဆန်ချက်က ဘဂ္ဂဒက်သတင်းစာရှင်းလင်းပွဲ၌ (၁၄)ရက်နေ့က ပြောကြားခဲ့သည်။ ၎င်းနှင့်အတူ ပစ္စတို(၁) လက်၊ အေကေ(၄၇)မောင်းပြန်ရိုင်ဖယ် (၂) လက်နှင့်ဒေါ်လာ(၇၅၀ယ၀၀၀)ကို သိမ်းဆည်းရရှိခဲ့သည်။ ❖

## အီရတ်စစ်ပွဲအတွင်း ကျဆုံးဒဏ်ရာရရှိမှု

ဒီဇင်ဘာ၊(၂၆)ရက်။[စီအင်န်အင်န်]

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ(၂၆)ရက်နေ့က ထုတ်ပြန်သော စီအင်န်အင်န်သတင်းဌာန စာရင်းမှတ်တမ်းများအရ အီရတ်စစ်ပွဲအတွင်းကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီး စစ်သားဦးရေစုစုပေါင်းမှာ (၅၄၈)ဦးရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား (၄၇၄)ဦး၊ ဗြိတိသျှစစ်သား(၅၃)ဦး၊ ဒိန်းမတ်စစ်သား (၁)ဦး၊ အီတလီစစ်သား (၁၇)ဦး၊ ပိုလန်စစ်သား(၂)ဦး၊ စပိန်စစ်သား(၁)ဦးနှင့် ယူကရိန်းစစ်သား(၁)ဦးတို့ဖြစ်ကြသည်။ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၂၈၉၆)ဦးရှိပြီဖြစ်သည်။

❖

## အာဆီယံတွင် ဂျပန်အဓိကအခန်းမှ ပါဝင်ကစားတော့မည်

ဒီဇင်ဘာ၊(၁၂)ရက်။[ဆင်ဟွာနက်]

အရှေ့တောင်အာရှ နိုင်ငံ(၃)နိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်အား နောက်နှစ်မှ၍ စတင်ဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိနှင့် မလေးရှား၊ ဖိလစ်ပိုင်နှင့်ထိုင်းနိုင်ငံတို့မှ ခေါင်းဆောင်များ ပါဝင်သည့် နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲတရပ်ကို ဂျပန်နိုင်ငံ၌ကျင်းပခဲ့ကြသည်။

အာဆီယံ(၃)နိုင်ငံတို့အပြင် ၂၀၁၂ ခုနှစ်တွင် ဒေသတွင်းလွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက်အား ဖန်တီးရန် အလို့ငှာ ၂၀၀၅ ခုနှစ်အစောပိုင်းတွင် အရှေ့တောင်အာရှနိုင်ငံ (၁၀)နိုင်ငံစလုံးနှင့် လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက် ဆွေးနွေးပွဲစတင်ရန်လည်း ပြင်ဆင်နေသည်။ စိုက်ပျိုးရေးထွက်ကုန်တင်သွင်းရေးသည် ဂျပန်အတွက် မက္ကဆီကိုနိုင်ငံကဲ့သို့ပင် ဤသုံးနိုင်ငံနှင့်ကြုံတွေ့ရမည့် အကြီးမားဆုံး အတားအဆီးဖြစ်ဖို့များပေသည်။ ❖




**ဂျပန်-အာစီယံ ပူးတွဲအစည်းအဝေးကျင်းပနေစဉ်**

## ဆက်ဒမ်ဟူစိန်အားတရားစီရင်မှုအပေါ် သူတို့အမြင်များ

**ဒီဇင်ဘာ၊ (၁၆)ရက်။ [ဆင်ဟွာနက်]**

ယခင်အီရတ်သမတဟောင်း ဆက်ဒမ်ဟူစိန်အား ဖမ်းဆီးပြီးနောက်ပိုင်းတွင် ၎င်း၏ ကံကြမ္မာနှင့် ပတ်သက်၍ မည်သို့ဆုံးဖြတ်မည်ဆိုသည်ကို နိုင်ငံတကာ အသင်းအဖွဲ့များက ၎င်းတို့၏အမြင်များကို အောက်ပါအတိုင်း ဖော်ပြခဲ့ကြသည်။

### ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်

“ဆက်ဒမ်ဟူစိန်ကို သူ့ရဲ့ ရက်စက်တဲ့ ရာဇဝတ်မှုတွေအတွက် ရုံးတင်ပြီး စစ်ဆေးသင့်တယ်၊ သူဟာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာတဲ့ဥပဒေတွေကို စနစ်တကျ ချိုးဖောက်တာတွေအပါအဝင် ရက်စက်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်သူဖြစ်တယ်၊ ဒီရာဇဝတ်မှုတွေအတွက် တာဝန်ရှိသူအားလုံး တရားရုံးကို ရောက်ဖို့ မရှိမဖြစ် အရေးကြီးတယ်၊ အမှုကို ဖြောင့်စစ်ဆေးသင့်တယ်လို့ ထင်တယ်၊ နိုင်ငံတကာအခြေခံစံနှုန်းတွေကိုလည်း လေးစားရမယ်၊ သေဒဏ်တော့ မပေးသင့်ဘူး၊ ကုလသမဂ္ဂအနေနဲ့ သေဒဏ်ကိုမထောက်ခံဘူး”

### အမေရိကန်သမတဂျော့ဘုရ်ှ

“အီရတ်ပြည်သူတွေ ပိုမိုပါဝင်ဖို့လိုအပ်တယ် နောက်ပြီး ကျနော်တို့အားလုံးက အီရတ်ပြည်သူတွေနဲ့အတူ ဒီအမှုစစ်ဆေးစဉ်မှာ ပူးပေါင်းလုပ်ဆောင်ကြမယ်”

### မလေးရှားဝန်ကြီးချုပ် အက်ဘ်ဒူလာအာမက်ဘာဒါဝီ

“ဆက်ဒမ်ကို တရားစီရင်ရေးနဲ့ ဘယ်လိုလုပ်မလဲဆိုတာကို အီရတ်ပြည်သူတွေကိုသာ ဆုံးဖြတ်ခွင့်ပေးသင့်ပါတယ်၊ သူဟာ နိုင်ငံတကာတရားဥပဒေနဲ့အညီ မျှတတဲ့တရားစီရင်မှုကိုရရှိသင့်ပါတယ်”

### ရုရှ ဒုနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့

“အရင်က အစိုးရနဲ့သူ့ခေါင်းဆောင်ကို တရားစီရင်တာဟာ အီရတ်ပြည်သူတွေရဲ့ ပြည်တွင်းရေးသာဖြစ်ပြီး၊ အီရတ်ပြည်သူတွေကသာလျှင် သူတို့ခေါင်းဆောင်ရဲ့ ကံကြမ္မာကို ဆုံးဖြတ်သင့်ပါတယ်”

### ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ

“အီရတ်ပြည်သူတွေဟာ ဆက်ဒမ်ကို အမှုစစ်ဆေးရာမှာ တရားသဖြင့်ရှိဖို့စွမ်းဆောင်နိုင်ပါတယ်၊ ဒီအမှုမှာ ညွန့်ပေါင်းအဖွဲ့က ၎င်းတို့နဲ့အတူပူးပေါင်းလုပ်ဆောင်ပါလိမ့်မယ်”

### အီရန်တရားရေးအဖွဲ့

လူတသန်းခန့် သေကျေဒဏ်ရာရခဲ့သည့် ၁၉၈၀-၈၈ခုနှစ် အီရန်-အီရတ်စစ်ပွဲအတွင်းက စစ်ရာဇဝတ်မှုများအတွက် ဆက်ဒမ်ကို အီရန်တွင်တရားစီရင်ရန် တောင်းဆိုလိုက်သည့် စာတစောင်အား အီရန်တရားရေးအဖွဲ့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်ထံ ပေးပို့လိုက်သည်။

### ဆယပ်ဖ်အီမာရစ်ဖ် (မူစလင်ခေါင်းဆောင်၊အင်ဒိုနီးရှား)

ယခင် အီရတ်ခေါင်းဆောင်ဟောင်းအား တရားစီရင်ရန် အမေရိကန်ပြည်ထောင်စုတွင် အခွင့်အရေးမရှိဟု ဖော်ပြပြောဆိုလိုက်ပြီး ဆက်ဒမ်၏အမှုအား အီရတ်ပြည်သူများကသာစစ်ဆေးခွင့်ပြုရန် အင်ဒိုနီးရှားနိုင်ငံ၏အဓိမူစလင်အုပ်စုကြီးဖြစ်သည့် မူဟမ်းမာဒီယာ့အဖွဲ့၏ခေါင်းဆောင် ဆယပ်ဖ်အီမာရစ်ဖ်က အမေရိကန်ပြည်ထောင်စုအား တောင်းဆိုခဲ့သည်။

### ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒက်စ်မွန်တူးတူး (တောင်အာဖရိက သာသနာပိုင်ချုပ်)

“ဆက်ဒမ်ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးတော်ရှေ့မှောက်ကို ပို့ဆောင်သင့်ပါတယ်”

### အက်ဘ်ဒူလာရာမီဇမ်ဇာဒဲ့ (အီရန်အစိုးရ၏ပြောရေးဆိုခွင့်ရှိသူ)

“အီရတ်အာဏာရှင်ရဲ့ ရာဇဝတ်မှုကို ကျွမ်းကျင်တဲ့ အပြည်ပြည်ဆိုင်ရာတရားရုံးက စစ်ဆေးသင့်တယ်၊ ဆက်ဒမ်ကိုတရားစွဲဆိုဖို့ အီရတ်ပြည်သူတွေမှာ ပထမဦးစားပေးအခွင့်အရေးရှိတယ်၊ ဒါပေမယ့် ဒါဟာနိုင်ငံတကာအဖွဲ့အစည်းတွေမှာ စွဲချက်တင်ဖို့အခွင့်အရေးမရှိဘူးလို့ ဆိုလိုတာမဟုတ်ဘူး”

### အက်ဘ်ဒဲလ်အဇစ်အယ်လ်ဟာ့ကင် (အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ)

“ဆက်ဒမ်အမှုကို အီရတ်ပြည်သူတွေကဆုံးဖြတ်သင့်ပါတယ်၊ ဒါပေမယ့် ဒီအမှုမှာ နိုင်ငံတကာကလည်း ပုံစံတမျိုးနဲ့ပါဝင်သင့်ပါတယ်”

# ၂၀၀၄ ခုနှစ်အတွက် 'ဆရာအတတ်ပညာသင်တန်း' လျှောက်လွှာများခေါ်ယူနေ

မြန်မာနိုင်ငံသားများအတွက် ထိုင်းနိုင်ငံ ချင်းမိုင်အခြေစိုက် ဆရာအတတ်ပညာ သင်တန်းမှ ၂၀၀၄ ခုနှစ်အတွက် ဇန်နဝါရီ(၃၁)နောက်ဆုံးထား၍ လျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လျှောက်ထားသူများသည် အနိမ့်ဆုံး အခြေခံပညာကို ပြီးဆုံးအောင်မြင်သူများ ဖြစ်ရမည်ဖြစ်ပြီး ဘွဲ့ရသူများနှင့် ဒုက္ခသည်စခန်းများမှ ဆယ်တန်းလွန်သင်တန်း ပြီးဆုံးသူ များလည်း လျှောက်ထားနိုင်သည်ဟု ဆိုသည်။ အထူးသဖြင့် လျှောက်ထားသူများသည် ကျောင်းဆရာ၊ ဆရာမများအဖြစ် မြန်မာနိုင်ငံပညာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိသူများဖြစ်ရန် လိုအပ်ကြောင်း သိရပြီး ကျား/မနှင့် လူမျိုးမျှတမှုအပေါ် စဉ်းစားရွေးချယ်မည်ဟု သိရသည်။

ထိုသင်တန်းတွင် မူလတန်းနှင့် အလယ်တန်းပညာရေးကို ဦးစားပေးသင်သွားမည် ဖြစ်ကြောင်း သိရပြီး သင်ကြားပို့ချမည့် ဘာသာရပ်များမှာ သင်ယူမှုနည်းပညာ၊ စာကြည့်တိုက်အသုံးပြုမှု၊ ကွန်ပျူတာကျွမ်းကျင်မှု၊ စာတမ်းရေးသားပြုစုနည်းများနှင့် အဓိက ဘာသာရပ်များအဖြစ် ဘာသာစကား၊ သင်္ချာ၊ သိပ္ပံတို့ဖြစ်ပြီး လူမှုရေးဘာသာရပ်များ အတွက် ကျောင်းသားများ၏ သင်ယူမှုပုံစံနှင့် သင်ကြားမှုနည်းပညာများ သင်ကြားပေး မည်ဖြစ်သည်။

ထို့ပြင် ကျောင်းသားများ တတ်မြောက်မှု စစ်ဆေးခြင်း၊ ပညာရေးတွင် အထူးလိုအပ် ချက်များ၊ မတူကွဲပြားမှုများနှင့် အသွေးရောင်စုံပညာရေး၊ ပညာရေးအတွေးအခေါ်နှင့် မြန်မာနိုင်ငံပညာရေးသမိုင်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ဒေါက်တာသိန်းလွင် (ဖုန်း 09- 851 7162၊ E-mail: tlwin@loxinfo.co.th)နှင့် မိုးကြိုး သတင်းစဉ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ❖

# ဘာသာရေးလွတ်လပ်ခွင့် အချိုးဖောက်ဆုံး အာရှငါးနိုင်ငံတွင် မြန်မာထိပ်ဆုံး

**ဒီဇင်ဘာ၊(၁၉)ရက်။**

ဘာသာရေးလွတ်လပ်ခွင့် အဖိနှိပ် အချိုးဖောက်ဆုံးအာရှနိုင်ငံများတွင် စစ်အုပ်စုအာဏာသိမ်းထားသည့် မြန်မာနိုင်ငံသည် အဆိုးဝါးဆုံး ထိပ်တန်းနိုင်ငံတခုဖြစ်နေကြောင်း အမေရိကန်အစိုးရကပြောဆိုလိုက်သည်။

နှစ်စဉ်ထုတ်ပြန်သည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် မြန်မာစစ်တပ်မှ ထောက်လှမ်းရေးများသည် ဘုန်းကြီးကျောင်းများ၊ ဘုရားကျောင်းများ၊ ဗလီများတွင် အမြဲတမ်းလျှို့ဝှက်ထောက်လှမ်းမှုများပြုလုပ်နေကြောင်း စွပ်စွဲလိုက်သည်။ စစ်အုပ်စုသည် ပြည်တွင်းလုံခြုံရေးကိုအကြောင်းပြ၍ ဘာသာရေးအဖွဲ့အစည်းများ၏လှုပ်ရှားမှုများကို တားမြစ်ခြင်း၊ နှောင့်ယှက်ခြင်း၊ အနီးကပ်စောင့်ကြည့်ခြင်းတို့ပြုလုပ်နေရုံမက ဗုဒ္ဓဘာသာ အပါအဝင် ဘာသာအားလုံး၏တရားဓမ္မများဆိုင်ရာ စာအုပ်စာတမ်းများပုံနှိပ်ဖြန့်ချိမှုကိုလည်း ဖြန့်ချိရေးအက်ဥပဒေနှင့် တင်းကြပ်စွာ ဆင်ဆာဖြတ်တောက်မှုများ ပြုလုပ်နေကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အထူးသဖြင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ လူ့အခွင့်အရေးလှုံ့ဆော်မှုနှင့် နိုင်ငံရေးလှုပ်ရှားမှုများကို စနစ်တကျဟန့်တား နှောင့်ယှက်နေပြီး ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားကျောင်းအသစ်ဆောက်လုပ်ခွင့်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဗလီအသစ်ဆောက်လုပ်ခွင့်များအား ပိတ်ပင်ထားကြောင်းဖော်ပြခဲ့သည်။

မြန်မာနိုင်ငံနှင့်အတူ ဘာသာရေးလွတ်လပ်ခွင့်ဖိနှိပ်မှုစာရင်းဝင်ခဲ့သည့် အခြားနိုင်ငံများမှာ မြောက်ကိုရီးယား၊ တရုတ်၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။ အမေရိကန်၏ ဘာသာရေးအစီရင်ခံစာတွင် မြန်မာစစ်အုပ်စုက သုံးနှစ်ဆက်တိုက် ဖော်ပြခံရခြင်းဖြစ်သည်။ ❖

# နိုင်ငံရေးမျက်နှာပန်းလှရေး နယ်စပ်ဒုက္ခသည်စခန်းများ ဖျက်သိမ်းပစ်အောင် ဖျက်သိမ်းရန် နအဖကြိုးစား

**ဒီဇင်ဘာ၊(၆)ရက်။**

နအဖသည် နိုင်ငံတကာအမြင်တွင် မျက်နှာပန်းလှရန် ကြိုးပမ်းနေသည့်အနေဖြင့် အပစ်အခတ်ရပ်စဲထားသောအဖွဲ့များ၊ ငြိမ်းချမ်းရေးဆွေးနွေး၍ မရသေးသော လက်နက်ကိုင်အဖွဲ့များနှင့် ပြည်တွင်းတွင် ဖိတ်ခေါ်ပြောဆိုသည်အထိ ပြုလုပ်နေရုံမက ထိုင်းနယ်စပ်ရှိ တိုင်းရင်းသားဒုက္ခသည်စခန်းများကိုပါ လုံးဝဖျက်သိမ်းပစ်နိုင်ရေးအတွက် လုပ်ဆောင်နေကြောင်း ကေအဲန်ယူ မြိတ်–ထားဝယ် ခရိုင်တာဝန်ခံက ပြောဆိုလိုက်သည်။

ကေအဲန်ယူ မြိတ်–ထားဝယ်ခရိုင် တာဝန်ခံပိုကဲဘလူးက စစ်အုပ်စုသည် ဒုက္ခသည်စခန်းအတွင်း နေထိုင်နေသောလူထု၏ ပြည်တွင်းမိသားစုများနှင့် စစ်အုပ်စုထံတွင် လက်နက်ချခဲ့ဖူးသောသူများ၊ ဘာသာရေး ခေါင်းဆောင်များကို အသုံးပြုပြီး ဒုက္ခသည်စခန်းများ ပျက်စီးစေရန် ကြံစည်နေသည်ဟု ပြောဆိုလိုက်သည်။

ထို့ပြင် ဒုက္ခသည်စခန်းတွင် တာဝန်ယူနေရသည့် ထိုင်းလုံခြုံရေးတပ်များနှင့် စခန်းတွင်းရှိ ဒုက္ခသည်များအကြား ပြဿနာများ ပေါ်ပေါက်လာစေရန် ပြုလုပ်ခြင်း၊ စခန်းအတွင်း ဒုက္ခသည်အချင်းချင်း အုပ်စုလေးများ ဖြစ်လာရန် အကွက်ချပြုလုပ်ခြင်းအပြင် စခန်းနေ ခရစ်ယာန်၊ အစ္စလာမ်၊ ဗုဒ္ဓဘာသာဝင်များအကြား ဘာသာရေးပဋိပက္ခဖြစ်ပွားစေရန် ပြုလုပ်နေပြီး နောက်ဆုံး ဒုက္ခသည်စခန်းထဲတွင် နေ၍မဖြစ်အောင် ပြုလုပ်နေကြောင်း ပြောဆိုလိုက်သည်။

စစ်အုပ်စုက ယခုလိုပြုလုပ်နေခြင်းမှာ ဒုက္ခသည်စခန်းများ မရှိမှ နိုင်ငံရေးအရ မျက်နှာပန်းလှ၍ နိုင်ငံရေးတည်ငြိမ်မှုကိုလည်း ပိုပြီးပြ၍ရနိုင်သည်ဟူသော ရည်ရွယ်ချက်များ ရှိနေသောကြောင့်ဟု ဆိုလိုက်သည်။ စစ်အုပ်စုသည် ဒုက္ခသည်စခန်းများအား ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေပြီး မဖျက်ဆီးနိုင်သည့်တိုင် ပြဿနာအမျိုးမျိုး ဖြစ်စေရန် ပြုလုပ်နေသည်ဟု ပိုကဲဘလူး၏ အဆိုအရ သိရသည်။

❖



နယ်စပ်ဒုက္ခသည်စခန်းလေးတခု၏ အဝေးမြင်ကွင်း

# ရေနံချောင်းတမြို့လုံး လွတ်လပ်ရေးအောင်လံများ လွှင့်ထူမည်

**ဒီဇင်ဘာ၊(၁၀)ရက်။**

ဇန်နဝါရီ(၄)ရက်နေ့တွင် ကျရောက်မည့် (၅၆)ကြိမ်မြောက်လွတ်လပ်ရေးနေ့ကို မကွေးတိုင်းရေနံချောင်းမြို့နယ်တွင် အစဉ်အလာမပျက် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့တွင် ရေနံချောင်းတမြို့လုံး လွတ်လပ်ရေးအောင်လံ လွှင့်ထူရန် ဆော်ဩသွားကြမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ(၈)ရက်နေ့က ပြုလုပ်သည့် အဖွဲ့ချုပ်ဝင်များ၏ ညှိနှိုင်းဆွေးနွေးပွဲအရ လွတ်လပ်ရေးနေ့အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်မောင်၏ပြောပြချက်အရသိရသည်။

အဆိုပါနေ့က ညှိနှိုင်းဆွေးနွေးပွဲသို့ မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးခင်ဝင်း၊ ဒုဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်၊ ဒေါ်ခင်စောဌေးတို့နှင့် မကြာခင်ကမှ ခန္တီးအကျဉ်းထောင်မှ ပြန်လွတ်မြောက်လာသူ အထက်ဗမာပြည် လူငယ်တာဝန်ခံကိုမြင့်ငွေအပါအဝင် အဖွဲ့ချုပ်ဝင်(၁၁)ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ညှိနှိုင်းမှုများအရ လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရန် အလှူငွေကောက်ခံခြင်း၊ ရေနံချောင်းတမြို့လုံးတွင် လွတ်လပ်ရေးအောင်လံများလွှင့်ထူရန် ဆော်ဩခြင်းတို့နှင့် ဇန်နဝါရီ(၂)ရက်နေ့မှစ၍ လူထုအကျိုးရှိသည့် လုပ်အားပေးလုပ်ငန်းများ စတင်ဆောင်ရွက်သွားရန်တို့ပါဝင်ကြောင်း ၎င်းကဆက်လက်ပြောပြခဲ့သည်။

ရေနံချောင်းမြို့သည် အဖွဲ့ချုပ်ရုံးများ ပိတ်ထားခံနေရသော်လည်း အဖွဲ့ချုပ်၏ လမ်းညွှန်မှုများအတိုင်း အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်နေလျက်ရှိကြောင်း ရုံးများပြန်ဖွင့်ခွင့်ရရေးအတွက်လည်း တောင်းဆိုသွားရမည်ဖြစ်ကြောင်း ဦးမောင်မောင်မြင့်ကဆိုခဲ့သည်။

ယမန်နှစ်ကပြုလုပ်သည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် လူထုပရိသတ်(၁၀၀)ခန့်တက်ရောက်ခဲ့သည်ဟုသိရသည်။

❖

# မော်လမြိုင်ဘူတာရုံသစ်နှင့် မုတ္တမ–မော်လမြိုင်တံတားဆောက်ရန် ဒေသခံလူထုအား အဓမ္မ နေရာရွှေ့ပြောင်းခိုင်းနေ

**ဒီဇင်ဘာ၊(၂၃)ရက်။[မွန်သတင်းအေဂျင်စီ]**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ဘူတာရုံအသစ်နှင့် မုတ္တမ–မော်လမြိုင်တံတား တည်ဆောက်ရန်အတွက် ဒေသခံလူထု နေအိမ်များကို ပြည်နယ်အာဏာပိုင်တို့က အဓမ္မပြောင်းရွှေ့ခိုင်းနေကြောင်း သိရသည်။

ထိုသို့ပြောင်းရွှေ့ရသည့်သူများအတွက် အာဏာပိုင်များက လျော်ကြေးပေးမည်ဟု ကတိပေးခဲ့သော်လည်း မည်သည့်အချိန်၌ မည်မျှပေးမည်ကိုမူ တရားဝင် ပြောဆိုခြင်း မရှိခဲ့သော်လည်း ဒေသခံဖက်ခင်း၊ လှိုင်နှင့် မြေနီကုန်းရပ်ကွက်များမှ အိမ်ခြေပေါင်း (၁၀၀၀)ကျော် စတင် ပြောင်းရွှေ့နေရပြီဖြစ်ကြောင်း မွန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဒေသခံတဦး၏အဆိုအရ အာရှလမ်းမဖောက်လုပ်ရေးနှင့် မလွတ်ကင်းသည့်အတွက် ဖယ်ပေးရခြင်းဖြစ်ပြီး လမ်းဖောက်သည့် အခြားနိုင်ငံများက အလျော်ပေးကြောင်း ပြောဆိုခဲ့သော်လည်း နေရာဖယ်ပေးရသူများအား ရေမြုပ်သည့် နေရာများတွင်သာ အစားချထားပေးကြောင်း သိရသည်။ ❖

# သေဒဏ်ချမှတ်ခြင်းခံရသည့် ပါတီဝင်(၂)ဦးအတွက် မွန်ပြည်သစ်ပါတီကန့်ကွက်

**ဒီဇင်ဘာ၊(၈)ရက်။**

နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံရန်ကြံစည်မှု၊ အာဇာနည်နေ့တွင် ဗုံးဖောက်ခွဲရန်ကြံစည်မှုတို့နှင့် စွဲချက်တင်၍ ဖမ်းဆီးခြင်းခံထားရသော ပါတီဝင်(၂)ဦးနှင့် တွေ့ဆုံခွင့်ရရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ခွင့်မပြုဘဲ သေဒဏ်အပြစ်ပေးခဲ့သည့်အတွက် နအဖ စစ်အုပ်စုကို မွန်ပြည်သစ်ပါတီက ကန့်ကွက်စာတစောင် ပေးပို့ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လတွင်း နအဖစစ်ထောက်လှမ်းရေးက မွန်ပြည်သစ်ပါတီမှ နိုင်ယက္ခနှင့် နိုင်မင်းသွေးတို့အပါအဝင် လူ(၉)ဦးတို့အား နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် ကြံစည်မှု၊ အာဇာနည်နေ့တွင် ရန်ကုန်မြို့တော်အတွင်း နေရာ (၅) နေရာတို့၌ ဗုံးဖောက်ခွဲရန် ကြံစည်မှုတို့နှင့် ဖမ်းဆီးခဲ့ပြီးနောက် ပြီးခဲ့သည့်လ (၂၈)ရက်နေ့တွင် သေဒဏ်အပြစ်ပေးခဲ့ရာ အဆိုပါကိစ္စအပေါ် မကျေနပ်သည့်အတွက် နအဖ အာဏာပိုင်များအား ကန့်ကွက်စာပေးခဲ့ကြောင်း မွန်ပြည်သစ်ပါတီမှ ပြောခွင့်ရပုဂ္ဂိုလ် နိုင်ဗညားမွန်က ပြောဆိုလိုက်သည်။

နိုင်ဗညားမွန်က ပြောပြခဲ့ရာတွင် ယခုလို သေဒဏ်ပေးခဲ့ခြင်းအတွက် အလွန်အမင်းတုန်လှုပ်မိပါကြောင်း၊ မိမိတို့ မွန်ပြည်သစ်ပါတီအနေဖြင့် ၎င်းတို့အား စတင်ဖမ်းဆီးထားစဉ်ကတည်းက ဖြစ်ရပ်အခြေအနေကို သိချင်ခဲ့သည့်အတွက် တွေ့ဆုံခွင့်ရရန် အာဏာပိုင်များအား အကြိမ်ကြိမ်တောင်းဆိုခဲ့ကြောင်း၊ သို့သော် သေဒဏ်ပေးခဲ့ချိန်အထိ တွေ့ခွင့်မပေးခဲ့သည့် ယခုလုပ်ရပ်အပေါ် အလေးအနက် ကန့်ကွက်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နအဖအနေဖြင့် အမျိုးသားသွေးစည်းညီညွတ်ရေး လုပ်ဆောင်ရန် ကြွေးကြော်နေချိန်တွင် ယခုလိုလုပ်ရပ်သည် မဖြစ်သင့်မဖြစ်ထိုက်သည့် လုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ထိုကိစ္စနှင့် ပတ်သက်၍ အာဏာပိုင်များအနေဖြင့် မွန်ပြည်သစ်ပါတီနှင့် တွေ့ဆုံဆွေးနွေးရန်လိုကြောင်း ပြောကြားသွားသည်။ ❖

# ရှမ်းပြည်နယ်အတွင်း ဒေသခံနအဖစစ်သားများ ဓားပြတိုက်လုယက်နေ

**ဒီဇင်ဘာ၊(၁၉)ရက်။[မဇ္ဈိမ]**

ရှမ်းပြည်နယ်အတွင်း နအဖစစ်သားများက ဒေသခံပြည်သူများထံမှ ဓားပြတိုက်လုယက်မှုများ ပြုလုပ်နေကြောင်း ဒေသခံတို့က စွပ်စွဲပြောကြားလိုက်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကွန်ဟိန်းမြို့နေ ဦးစိုင်းစိန်နာ၏ နေအိမ်ကို ဒီဇင်ဘာ(၁၉)ရက်နေ့က သေနတ်ကိုင်လူတစု မော်တော်ဆိုင်ကယ်များနှင့် ရောက်ရှိလာပြီး ရွှေဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်တို့ပါဝင်သော စုစုပေါင်း ရွှေငါးကျပ်သားနှင့် ငွေသားများ လုယက်သွားကြောင်း အိမ်ရှင်ဖြစ်သူ အဆိုအရ သိရသည်။

အိမ်ရှင်ဦးစိုင်းစိန်နာက ယခုလိုလုယက်သွားသူများမှာ နယ်မြေအခြေစိုက် နအဖတပ်များဖြစ်ကြသည့် ခမရ ၅၂၄မှ တပ်သားစောအောင်သိန်း၊ ခလရ ၂၈၆မှ တပ်သားဇော်နိုင်နှင့် ခလရ ၂၄၆မှ တပ်သားဘိုးနန်းတို့ဟုအတိအကျစွပ်စွဲ၍ သက်ဆိုင်ရာတပ်ရင်းတပ်ဖွဲ့များထံ တိုင်ကြားခဲ့သည်ဟုဆိုသည်။

သို့ရာတွင် အဆိုပါတပ်ရင်းတပ်ဖွဲ့များက ဖော်ပြပါတပ်သားများအား ယနေ့အချိန်အထိ မည်သို့မျှအရေးယူဆောင်ရွက်မှုများ မပြုလုပ်သေးကြောင်းသိရသည်။

အလားတူအဖြစ်အပျက်မျိုး ရှမ်းပြည်နယ်ကွန်ဟိန်းနှင့် လင်းခေးမြို့တို့တွင် ယခုလအတွင်း (၃)ကြိမ်တိုင်ဖြစ်ပွားခဲ့ပြီးဖြစ်ကြောင်းသိရပြီး နယ်မြေခံနအဖတပ်များမှ စစ်သားများက လုယက်နေခြင်းဖြစ်ကြောင်း ဒေသခံတို့က ပြောကြားနေကြသည်။ ❖

# ဗြိတိန် အဝတ်အစားကုမ္ပဏီ (၉၉)ခု စစ်အုပ်စုနှင့် အဆက်အသွယ်ဖြတ်

**ဒီဇင်ဘာ(၂)၊ရက်။**

မြန်မာနိုင်ငံနှင့်ဆက်သွယ်၍ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသည့် ဗြိတိန် အဝတ်အစားကုမ္ပဏီ(၉၉)ခုတို့က မြန်မာပြည်နှင့် ဆက်သွယ်မှုမပြုတော့ပါကြောင်း ကတိပြုလိုက်ပြီဟု သိရသည်။

မြန်မာပြည်နှင့်ဆက်သွယ်ပြီး စီးပွားရှာနေကြသော ဗြိတိသျှလုပ်ငန်းရှင်များက ယခုလို မြန်မာပြည်နှင့်စီးပွားရေးအဆက်ဖြတ်လိုက်ပြီဟု ကတိပေးလိုက်ပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံ၊ လန်ဒန်အခြေစိုက် မြန်မာ့အရေးတိုက်ပွဲဝင်အဖွဲ့ Burma Campaing(UK) က ၎င်းတို့၏ နောက်ဆုံးအောင်ပွဲကို ကြေညာလိုက်သည်။

အဝတ်အစား လက်လီရောင်းချနေသည့် နာမည်ကျော် ဗြိတိသျှကုမ္ပဏီ (၉၉)ခုတို့က မြန်မာပြည်တွင်းချုပ် အဝတ်အထည်များကို မြန်မာနိုင်ငံတွင် ဒီမိုကရေစီမရမချင်း ဝယ်ယူရောင်းချခြင်းမပြုတော့ဟု ကတိပြုခဲ့ကြခြင်းဖြစ်သည်။ မြန်မာ့အရေးတိုက်ပွဲဝင်အဖွဲ့က ယခုနှစ်ဆန်းပိုင်းမှစ၍ ဗြိတိန်တပြည်လုံးတွင်ရှိသော အဝတ်အစားကုမ္ပဏီများကို မြန်မာပြည်နှင့် အဆက်အသွယ်ဖြတ်ကြရန် တောင်းဆိုစာများ ရေးခဲ့ကြခြင်းဖြစ်ပြီး ကျန်နေသေးသည့် အခြားကုမ္ပဏီ(၁၅)ခုတို့ကိုလည်း သတိပေးစာများ ပို့ထားပြီးဖြစ်သည်ဟု ဆိုသည်။ အကယ်၍ ဒီဇင်ဘာ(၁၅)ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံမှ မထွက်ခွာပါက နာမည်ပျက်စာရင်းသွင်းမည်ဖြစ်ကြောင်း ၎င်းတို့က ပြောဆိုသည်။ ထို့ပြင် ဗြိတိန်လူထုအား မြန်မာနိုင်ငံမှ အဝတ်အစားဝယ်လျှင် စစ်အုပ်စုသက်ဆိုးရှည်ရန် ထောက်ပံ့ရာရောက်ကြောင်း သိလာစေရန် ဆက်လက်နှိုးဆော်သွားမည်ဟု Burma Campaing (UK)က ပြောကြားခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲကလည်း ဗြိတိသျှကုမ္ပဏီများ မြန်မာပြည်မှ ထွက်ခွာရန် ပြီးခဲ့သော ဇွန်လကပင် လွှတ်တော်တွင် ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့နေသော အဝတ်အထည်တန်ဖိုးပမာဏသည် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း(၄၀၀)ဖိုးရှိသည်။

❖

BiNA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

မိုးကြိုး
သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# အထူးအခွင့်အရေးရ လက်နက်ကိုင်အဖွဲ့များ ကန့်သတ်ခံနေရပြီ

**ဒီဇင်ဘာ၊ (၂၃)ရက်။ [ဒီဗွီဘီ]**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အထူးအခွင့်အရေးရ လက်နက်ကိုင်အဖွဲ့များအား ယခုလ(၉)ရက်နေ့မှစပြီး မွန်ပြည်နယ်ရှိ အမှတ်(၅)စစ်ထောက်လှမ်းရေးဌာနက လုပ်ပိုင်ခွင့်များ ကန့်သတ်လိုက်ကြောင်း သိရသည်။

ယခင်က ထိုင်း–မြန်မာနယ်စပ် ဘုရားသုံးဆူဘက်မှ မှောင်ခိုတင်သွင်းလာသည့် ဆိုင်ကယ်များကို ထိုဒေသအတွင်းရှိ အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီနှင့် အထူးအခွင့်အရေးရ ကရင်ပြည်ချစ်တပ်ဦးခေါ် ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့များ၏ လက်မှတ်များနှင့် သယ်ယူခွင့်ပြုခဲ့သော်လည်း ယခုအခါ ထိုလုပ်ပိုင်ခွင့်အားလုံးကို နအဖအာဏာပိုင်များက ပိတ်ပင်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ အဖွဲ့များအနေဖြင့် လိုင်စင်မဲ့ဆိုင်ကယ်များအား သွားလာခွင့်ထောက်ခံစာများ ထုတ်မပေးရန် တားမြစ်ထားပြီး ထိုင်းနိုင်ငံဘက်မှ တင်သွင်းလာသည့် ဆိုင်ကယ်နှင့် ကားများကိုလည်း နအဖထောက်လှမ်းရေးက လိုက်လံစစ်ဆေးနေပြီး ထိုအဖွဲ့များ၏ ထောက်ခံစာနှင့် မောင်းနှင်လာသည်ကိုတွေ့လျှင် ဖမ်းဆီးနေကြောင်း ဘုရားသုံးဆူနယ်စပ်အခြေစိုက် လွတ်လပ်သည့် မွန်သတင်းအေဂျင်စီမှ နိုင်ချမ်းမွန်ပြောပြချက်အရ သိရသည်။

ယခင်က မွန်ပြည်နယ်အတွင်း ဆိုင်ကယ်စီးသူများအတွက် တနှစ်စာကျပ်ငွေတသောင်းခွဲဖြင့် မွန်ပြည်သစ်ပါတီက ပြုလုပ်ပေးခဲ့ဖြစ်ပြီး ဒီကေဘီအေနှင့် ကရင်ပြည်ချစ်တပ်ဦးတို့က ကရင်၊ မွန်နှင့်၊ တနင်္သာရီတိုင်းအတွင်း အသုံးပြုရန် ကျပ်ငါးသောင်းနှုန်းစီဖြင့် ထောက်ခံစာများ လုပ်ပေးနေခဲ့ခြင်းဖြစ်သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မွန်ပြည်သစ်ပါတီမှ ပြောခွင့်ရပုဂ္ဂိုလ် နိုင်ရွှေသိန်းက ဆိုင်ကယ်နှင့် ကားများ တင်သွင်းခွင့်ကို ယခင်ကတည်းက နားလည်မှုနှင့်သာခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ပြောပြခဲ့ပြီး "အရင်တုန်းကလည်းရတာ မဟုတ်ဘူး၊ အခုလည်းမပေးဘူး၊ ဒါပေမယ့် အရင်တုန်းကတော့ လျှော့လျှော့ပေါ့ပေါ့နဲ့ပေါ့၊ အခုကျတော့ နည်းနည်းလေး ပေါ်လစီပိုင်း ကိုင်လာတဲ့အခါကျတော့ အားလုံးက အခက်အခဲရှိလာတဲ့အပေါ်မှာ မူတည်ပါတယ်။ ဒါကတော့ ရှင်းရှင်းလေးပါခင်ဗျ"ဟု ပြောကြားသွားသည်။ ❖

**ရှေ့လတွင် "မိုးကြိုး" ၅ နှစ်မြောက် နှစ်ပတ်လည် ထုတ်ဝေမည်။**

# အယ်နီညို ... မင်းကို မကြောက်ဘူး

'ဆင်းရဲခြင်း'ဆိုတဲ့ အင်္ကျီကို ချုပ်ဝတ်ခဲ့ ...
'မကျေနပ်ခြင်း' ဖိနပ်ကို အမြဲစီး
'အခက်အခဲ' လှေခါးထစ်တွေကို နင်းတက်
'ဒုက္ခ'တွေက ရင်ဝကို တိုးဝှေ့ဝင်ဆောင့်ကြ ...
'ခါးသည်း'အာဟာရတွေကို ဝါးမြိုကြီးပြင်းလာကြ...
အလင်းရောင်အတွက်
'သောက'မီးတိုင်ကို ညတိုင်းထွန်းညှိ
ကမ္ဘာကြီးမှာ ဒို့လိုလူစား
အများကြီးပါပဲကလား ...။

ဟေ့... အယ်လ်နီညို
သိထားစမ်း
မင်းကို ဒို့မကြောက်ဘူး
မကြောက်ဘူး
မကြောက်ဘူးဟေ့ ... ။

**ညိုဇံ**
(၁၄–၇–၁၉၉၈)

**မှတ်ချက်။** ။ အယ်လ်နီညို (စပိန်စကား – ပင်လယ်ရေပူစီးကြောင်း)၊ အယ်လ်နီညို လာရင် မုန်တိုင်းတိုက်၊ မိုးခေါင်၊ ရေကြီး၊ မိုးမတရားရွာ၊ ရာသီဥတုဆိုးကို ဖန်တီး။

# နအဖစစ်သားများနယ်စပ်တွင် ဓားပြတိုက် ငွေလုမှုများကျူးလွန်

**ဒီဇင်ဘာ ၊ (၄)ရက်။[အမ်အေအဲန်]**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ဒေပရိန်းကျေးရွာအနီးဥယျာဉ်ခြံတွင်နေထိုင်သူ ဒေါ်ကျင်မြနေအိမ်သို့ နိုဝင်ဘာ ၃၀ရက်နေ့ည(၉)နာရီအချိန်ခန့်တွင် နအဖစစ်သား(၄)ဦးရောက်ရှိလာပြီး အိမ်အတွင်းသို့ဝင်ရောက်ရှာဖွေကာ မြန်မာငွေကျပ်(၇)သောင်းကျော်ကိုလုယူသွားကြောင်း မဲဆောက်သို့ဆေးကုသရန်ရောက်ရှိနေသည့် တရွာတည်းနေသူတဦး၏အဆိုအရသိရသည်။

အဆိုပါ ပုဂ္ဂိုလ်၏ပြောပြချက်အရ ထိုနေ့ည(၉)နာရီခန့်တွင် ဒေါ်ကျင်မြ၏အိမ်ခြံအတွင်းသို့ စစ်သားများဝင်လာရောက်လာပြီး အိမ်ထဲရှိလူအားလုံးကိုမှောက်ထားရန်အမိန့်ပေးပြီးမှ ငွေကိုရှာယူသွားခြင်းဖြစ်သည်ဟုဆိုသည်။

ရာသီပေါ်သစ်သီးဝလံရောင်းစားနေသူ ဒေါ်မြကျင်(၄၅)နှစ်မှာ (၁၆)နှစ်အရွယ်သမီးတယောက်နှင့် (၁၀)နှစ်သားအရွယ်ကလေးတယောက်ရှိသည့်အတွက် အလုပ်ဆက်လုပ်စားရန်ငွေမရှိတော့သဖြင့် ရွာလူကြီးနှင့်တိုင်ပင်၍ (ခမရ)၂၀၆မှ ဗိုလ်ကြီးဝင်းဆွေထံသွားရောက်တိုင်ကြားခဲ့သော်လည်း ၎င်းကသူ့ရဲဘော်တွေမဟုတ်နိုင်ဟုဆိုပြီး ငြင်းပယ်ခဲ့ကြောင်းသိရသည်။

နအဖစစ်သားများအနေဖြင့် နယ်စပ်ဒေသတွင် ယခုလိုမရရသည့်နည်းနှင့်ငွေရှာမှသာ မိခင်တပ်ရင်းပြန်ရောက်သည့်အခါ ၎င်းတို့၏မိသားစုများ စားဝတ်နေရေးအဆင်ပြေသဖြင့် ငွေလုဓားပြတိုက်အလုပ်များ ပိုမိုလုပ်ကိုင်လာနေကြောင်းသိရသည်။

❖

# တပ်တွင်း ထက်အောက်မညီမျှမှု အနိုင်ကျင့်မှုများကြောင့် တပ်ပြေးမှု၊ ပုန်ကန်မှုများ ဖြစ်ပွားနေခြင်း

**ဒီဇင်ဘာ၊ (၂၃)ရက်။ [ဒီဗွီဘီ]**

ယခုလ(၁၈)ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း ကော့ဟိန်းမြို့နယ် တာဝန်ကျ ခလရ(၂၆၉)က တပ်သား(၃)ဦးသည် လက်နက်များနှင့်အတူ တပ်စခန်းမှ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါတပ်သားများမှာ တပ်သားသစ်များဖြစ်ကြပြီး ကျော်စိုးထွန်း၊ ခွန်ဆိုင်းနှင့် စိုးဦး ဆိုသူတို့ဖြစ်ကြသည်။ ၎င်းတို့ကို နအဖစစ်ကြောင်းများက ပိုက်စိပ်တိုက် လိုက်လံရှာဖွေနေသော်လည်း ယခုချိန်ထိ ပြန်လည်ဖမ်းဆီးရမိခြင်းမရှိသေးပေ။

အလားတူ ယခုလ (၁၉)ရက်နေ့ကလည်း ရှမ်းပြည်မြောက်ပိုင်း နမ့်လန်း အခြေစိုက် ခလရ(၂၄၃)မှ တပ်သားတဦး ထွက်ပြေးခဲ့၍ မီးရထားဘူတာရုံနှင့် ကားဂိတ်များတွင် လိုက်လံရှာဖွေနေသည်ဟု ဆိုသည်။

နအဖစစ်တပ်အတွင်း ကြီးနိုင်ငယ်ညှဉ်း ဗိုလ်ကျမှုများ အထက်အောက် မညီမျှမှုတို့များပြားလာနေသည့်အတွက် ပြီးခဲ့သည့်လအတွင်း ဒေသအသီးသီးရှိ နအဖ တပ်စခန်းများတွင် တပ်တွင်းပုန်ကန်မှုများ ဖြစ်ပွားခဲ့ရာ အရာရှိ(၃)ဦး ပစ်သတ်ခံခဲ့ရပြီး တပ်ကထွက်ပြေးခြင်း၊ တပ်တွင်းပုန်ကန်ခြင်းများဖြစ်ပေါ်နေကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်များ အဆိုအရ သိရသည်။ ❖

## ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုကြီးအား နိုင်ငံတကာက ပူးပေါင်း၍ စုံစမ်းစစ်ဆေးသွားရန် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်ချ

**ဒီဇင်ဘာ၊(၁၀)ရက်။**

မေ(၃၀)တွင်ဖြစ်ပွားခဲ့သော ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုကြီးအား နိုင်ငံတကာက ပူးပေါင်း၍ စုံစမ်းစစ်ဆေးသွားရန် ၅၈ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်ချလိုက်ပြီး အဆင့်(၇)ဆင့်ပါ နအဖ၏ လမ်းညွှန်မြေပုံကိုလည်း ပြည့်စုံစွာ ရှင်းလင်းပြောဆိုမှုများ မရှိသေးကြောင်း ဝေဖန်လိုက်သည်။

ထိုဆုံးဖြတ်ချက်တွင် ဒီပဲယင်းအဖြစ်အပျက်အပေါ် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့၍ တိကျစွာ ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်သွားရန်နှင့် စုံစမ်းဖော်ထုတ်ရာတွင် ပြည်တွင်းရှိ တရားဥပဒေဆိုင်ရာအဖွဲ့အစည်းများနှင့် မလုံလောက်သည့်အတွက် နိုင်ငံတကာမှ တရားဥပဒေဆိုင်ရာကျွမ်းကျင်သူများ၊ ကုလသမဂ္ဂမှ တရားဥပဒေဆိုင်ရာ ကျွမ်းကျင်သူများ ပူးပေါင်းလုပ်ဆောင်သွားရန်တို့အပါအဝင်ကို မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ကျူးလွန်ဖောက်ဖျက်နေမှုများအား ရပ်တန့်က ရပ်ပြီး လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို လေးစားလိုက်နာရန် တိုက်တွန်းထားသည်။

ထို့ပြင် ဒီပဲယင်းအရေးအခင်းကတည်းက ထိန်းသိမ်းထားခြင်းခံခဲ့ရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အခြား အဲန်အယ်လ်ဒီခေါင်းဆောင်များ၊ အဖွဲ့ဝင်များအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးပြီး ဒီမိုကရေစီအသွင် ကူးပြောင်းရေးကြားကာလ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့အားလုံးကို အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ရရှိရမည့်အပြင် ကျန်နိုင်ငံရေးအကျဉ်းသားများ အားလုံးကိုလည်း ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန်နှင့် အဖွဲ့ချုပ်ရုံးခန်းများအားလုံး ပြန်ဖွင့်ပေးရေးအချက်များပါ တောင်းဆိုထားသည်။

ထို့ပြင် ကုလသမဂ္ဂပြဋ္ဌာန်းချက်ပါ ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာကာ ဒီမိုကရေစီနိုင်ငံ အသွင်ပြန်လည်ကူးပြောင်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဲန်အယ်လ်ဒီခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ အခြားနိုင်ငံရေးခေါင်းဆောင်များနှင့် ထိရောက်သည့်ဆွေးနွေးပွဲများ ချက်ချင်းပြုလုပ်ဆောင်ရွက်သွားရန် နအဖစစ်အုပ်စုကို တောင်းဆိုထားသည်။

ဒီပဲယင်းအရေးအခင်း စုံစမ်းစစ်ဆေးရေးအတွက် ကုလသမဂ္ဂတွင် နိုင်ငံပေါင်း(၂၁)နိုင်ငံနှင့်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းတိုင်ပင်ရေးအဖွဲ့အား အထွေထွေအတွင်းရေးမှူးချုပ်က အစည်းအဝေးခေါ်ယူ၍ ဆုံးဖြတ်ချက်များ လက်တွေ့အကောင်အထည်ဖော်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးက ယခုလိုဆုံးဖြတ်ချက်ချခဲ့သည့်အပေါ် ကုလသမဂ္ဂဆိုင်ရာ နအဖ ကိုယ်စားလှယ်က ဒီပဲယင်းဖြစ်ရပ်အပေါ် နိုင်ငံတကာစုံစမ်းစစ်ဆေးမှု၊ အထူးသဖြင့် စုံစမ်းလေ့လာမှုများဖြစ်လာပါက တချိန်တွင် နိုင်ငံတကာတရားရုံး၌ အရေးယူခံရမည်ကို စိုးရိမ်နေသည့်အတွက် အကြောက်အကန် ငြင်းပယ်ကန့်ကွက်ခဲ့ကြောင်း ညွန့်ပေါင်းအစိုးရအဖွဲ့ ကုလသမဂ္ဂကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ပြောပြသွားခဲ့သည်။ ❖

## ရာဇာလီကို ပြည်ဝင်ခွင့် အမြန်ဆုံးပေး၍ နိုင်ငံရေးဆွေးနွေးပွဲများ ချက်ချင်းစတင်ရန် ကိုဖီအာနန်တိုက်တွန်း

**ဒီဇင်ဘာ၊ (၂၀)ရက်။**

မစ္စတာရာဇာလီအစ္စမေးလ်ကို ပြည်ဝင်ခွင့်အမြန်ဆုံးပေး၍ နိုင်ငံရေးဆွေးနွေးပွဲများချက်ချင်းစတင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းပြောကြားလိုက်သည်။

၎င်းက နအဖ၏ နိုင်ငံရေးလမ်းပြမြေပုံ အစီအစဉ်အရ ကျင်းပမည့် အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ပါဝင်ခွင့်ရရှိရန် ရာဇာလီက ကြိုးပမ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုသည်။ ၎င်းက ဘန်ကောက်တွင် ကျင်းပခဲ့သည့် မြန်မာ့အရေးဆွေးနွေးပွဲတွင် နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ပြောကြားသွားသော အမျိုးသားညီလာခံကို ရှေ့နှစ်ဆန်းတွင် ကျင်းပသွားမည်ဆိုသောအချက်နှင့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားများအားလုံး ပါဝင်ခွင့်ပြုမည်ဆိုသောအချက်ကို ကြိုဆိုကြောင်း ဆိုခဲ့သည်။



**ကိုဖီအာနန်**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ပြောဆိုမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂဆိုင်ရာ အဝေးရောက်ညွန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက နအဖ၏ပြောကြားချက်ကို တိတိကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွင်းရေးမှူးချုပ်က ထပ်မံသတိပေးပြောဆိုလိုက်သည့် သံတမန်နည်းပရိယာယ်တရပ်သာဖြစ်ကြောင်း ပြောဆိုခဲ့ပြီး မြန်မာ့ဒီမိုကရေစီအင်အားစုများအနေဖြင့် နအဖက ထိုအစီအစဉ်နှင့်ပတ်သက်၍ ယနေ့အချိန်အထိ တစုံတရာ တရားဝင်ပြောကြားလာခြင်းမရှိသေး၍ ဘာမျှမသိရသေးကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် အိမ်နီးချင်းနိုင်ငံများ၏အမြင်နှင့် ဆောင်ရွက်ခြင်းထက် ကုလသမဂ္ဂ၏ ဦးဆောင်မှုနှင့် ကမ္ဘာ့နိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်မှသာ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး ဖြစ်ပေါ်လာနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ❖

## ကျဆုံးသွားသောရဲဘော်များအပေါ် ဘယ်တော့မှသစ္စာမဖောက် ဗိုလ်ချုပ်ကြီးစောဘိုမြမှ ကတိပြုပြောကြား

ကေအဲန်ယူ ဒုဥက္ကဋ္ဌနှင့်ကာကွယ်ရေးဌာနတာဝန်ခံ ဗိုလ်ချုပ်ကြီးစောဘိုမြမှ ကော်သူးလေနယ်မြေတနေရာ၌ ဒီဇင်ဘာ(၂၃)ရက်နေ့ကကျင်းပခဲ့သည့် ၂၇၄၃ ကြိမ်မြောက် ကရင်နှစ်သစ်ကူးအခမ်းအနား၌ ''ကျွန်တော်တို့အောင်ပွဲရတဲ့အထိဆက်တိုက်ဖို့လိုတယ်။ ကျနော်တိုင်းပြည်နဲ့လူမျိုးအတွက်စစ်တိုက်လာတာ အခုအသက်(၇၇)နှစ်ရှိပြီ၊ ဒါပေမယ့် မလျှော့သေးဘူး။ အသက်ကြီးပေမယ့် တိုင်းပြည်နဲ့လူမျိုးအတွက်ဆိုရင် ကျနော်ဆက်လုပ်နေမယ်''ဟု ကတိပြုပြောကြားခဲ့ကြောင်း ဒေသခံမိုးကြိုးသတင်းထောက်မှသတင်းပေးပို့သည်။

ဗိုလ်ချုပ်ကြီးမှ ကရင်အမျိုးသားများ ညီညွတ်ရေးအတွက် တောင်းဆိုလိုက်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ကရင်ပြည်နယ်ပေါ်ပေါက်ရေး၊ ဖက်ဒရယ်နိုင်ငံထူထောင်ရေးတို့ကို ရည်မှန်းချက်ထားရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။ သူ၏ခေါင်းဆောင်မှုကာလတွင် ကရင်အာဇာနည်ရာပေါင်းများစွာ အသက်ပေးလှူသွားသော တော်လှန်ရေးအား မည်သည့်အခါမျှသစ္စာဖောက်မည်မဟုတ် ကြောင်းကြေညာခဲ့သည်။

ယင်းကရင်နှစ်သစ်ကူးနေ့ အခမ်းအနားသို့ ကေအဲန်အယ်လ်အေတပ်မဟာ(၇) ဒုတပ်မဟာမှူး ဗိုလ်မှူးကြီးမောင်ထွန်း အမှူးပြုသည့် တပ်မတော်သားများနှင့် ပြည်သူလူထု(၁၅၀၀)ကျော်ခန့် တက်ရောက်လျက် ကရင်ရိုးရာ ဒိုးယိမ်းအကများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ ❖




ကရင်နှစ်သစ်ကူးနေ့အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးစောဘိုမြ မိန့်ခွန်းပြောကြားစဉ်

## အပစ်အခတ်ရပ်စဲရန် ဆွေးနွေးနေစဉ် လက်တလောရထားသည့် သဘောတူညီမှု နအဖချိုးဖောက်

**ဒီဇင်ဘာ၊ (၂၇)ရက်။**

ယုံကြည်မှုတည်ဆောက်ရေးမှ အပစ်အခတ်ရပ်စဲသည်အထိ ဖော်ဆောင်နေချိန်တွင် လက်တလောရရှိထားသည့် နှစ်ဖက်သဘောတူညီမှုများကို နအဖက ချိုးဖောက်နေကြောင်း ကေအဲန်ယူက ဒီဇင်ဘာ(၂၇)ရက်နေ့တွင် သတင်းထုတ်ပြန်လိုက်သည်။

ဒီဇင်ဘာ(၁၀)ရက်နေ့မှစတင်၍ ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)နှင့် နအဖတို့ ယုံကြည်မှု တည်ဆောက်ရေးမှတဆင့် အပစ်အခတ်ရပ်စဲရန် ဆွေးနွေးပွဲများပြုလုပ်နေစဉ် လက်တလောသဘောတူညီမှုများ ရရှိထားသော်လည်း နအဖစစ်တပ်ဘက်မှ ကေအဲန်ယူအခြေခံဒေသများတွင် ဝင်ရောက်တိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် ကရင်နှစ်သစ်ကူးအကြို ဒီဇင်ဘာ(၂၂)ရက်နေ့က ကော့ကရိတ်မြို့တောင်ဘက် (၁၀)မိုင်အကွာရှိ ဘောလိုင်းကျေးရွာတွင် နှစ်သစ်ကူး ပွဲတော်အတွက်ပြင်ဆင်နေစဉ် ခလရ(၅၈၃)မှ စစ်ကြောင်းမှူး ဗိုလ်မှူး ရဲနိုင်၊ ဒု-စစ်ကြောင်းမှူး ဗိုလ်ကြီးစိုးမိုးနိုင်နှင့် ထောက်လှမ်းရေးမှူး ဗိုလ်သိန်းဌေးတို့ ခေါင်းဆောင်သည့် တပ်ရင်းနှစ်ရင်း ဝင်ရောက်လာပြီး လက်နက်ငယ်များဖြင့် ခြိမ်းခြောက်ပစ်ခတ်ခဲ့သည့်အတွက် နှစ်သစ်ကူးပွဲဆင်နွှဲရန် ရောက်ရှိလာသူ တစ်သောင်း (၁၀၀၀၀)ကျော်တို့ ပွဲပျက်ခဲ့သည့်အပြင် ပွဲဈေးဆိုင်တန်းမှ ရောင်းချသည့်ပစ္စည်းများကိုလည်း အဓမ္မလုယက်ယူငင်သွားကြသည်ဟု သိရှိရသည်။

အလားတူ တောင်ငူခရိုင်တွင်လည်း ဒီဇင်ဘာ(၂၀-၂၂)ရက်နေ့က ရွာသားများအား ခြိမ်းခြောက်၍ အဓမ္မမိုင်းရှင်းစေခြင်း၊ အဓမ္မပေါ်တာခိုင်းစေခြင်းများ ပြုလုပ်ပြီး၊ နယ်မြေရှင်းလင်းသည့်အနေဖြင့် ပစ်ခတ်ခြိမ်းခြောက်ခြင်း၊ စိုက်ပျိုးသီးနှံများအား မီးရှို့ဖျက်ဆီးပြီး ရွာသားများပိုင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရပြီး ဒေသခံရွာသားအချို့ ပျောက်ဆုံးနေသည်ဟု ဆိုသည်။

ဒီဇင်ဘာ(၁၆)ရက်နေ့ကလည်း တောင်ငူခရိုင်အတွင်းရှိ KNLA နယ်မြေများတွင် နအဖတပ်များ လာရောက်တပ်စွဲပြီး အနီးရှိကျေးရွာများအား အဓမ္မပြောင်းရွှေ့စေခဲ့သည်။

ဒီဇင်ဘာ(၁၈)ရက်နေ့မှ (၂၂)ရက်နေ့အတွင်း ရွာသားများထံမှ ငွေနှင့် ပစ္စည်းများ လုယက်ခြင်း၊ ရွာမီးရှို့ခြင်းများ ပြုလုပ်ခဲ့ပြီး ရှိုးခိုးရွာသားတဦးနှင့် မော်တူးတိုးရွာသားတဦးတို့အားလည်း ပစ်သတ်ခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ❖